www.burmeseclassic.com

PsychoSoftware

သေခါနီးလူတွေက သူတို့သေမယ့်အချိန်ကို
သူတို့အလိုလို သိနေကြတယ်တဲ့။
ပြီး ... သေဆုံးခြင်းနဲ့ပတ်သက်ပြီး
စကားအရိပ်အမြွက်တွေပြောကြတယ်။
ဥပမာ ...
"ငါသေရင် ..."
ဆိုတာမျိုးပေါ့ ။ ။

THE SANTS OF PSYCHO

BURMESE CLASSIC .com

# သုံးချောင်း

ဆိုက်ကိုဆော့(ဖ်)

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

သားသား စိတ်ဉ်းသည်။


**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၈၄၈၀၈၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၈၄၉၀၈၁၁

**ထုတ်ဝေသူ**

ဦးကျော်ဟောင်း

ယုံကြည်ချက်စာပေ(မြဲ-၀၉၁၀)

အမှတ် ၁၁၁၊ ၃၃လမ်း၊ ကျောက်တံတား၊ ရန်ကုန်။

**ပုံနှိပ်သူ**

ဦးကျော်စိန်၊ ကျောက်စိမ်းပုံနှိပ်တိုက်

၁၇၁၊ ၃၃လမ်း၊ ကျောက်တံတား၊

ရန်ကုန်။

**ပုံနှိပ်ခြင်း**

၂၀၁၀ ခုနှစ်၊ အောက်တိုဘာ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၈၀၀ ကျပ်

သီးဆောင်း

( ဆိုက်ကိုဆော့(ဗ်)ဝဲ ) / သီးဆောင်း။ ရန်ကုန်၊

ယုံကြည်ချက်စာပေ၊ ၂၀၁၀

၁၈၈-စာ၊ ၁၂.၅ ၊ ၁၉.၅ စင်တီ။

ငွေ ၉၃

(၁) ဆိုက်ကိုဆော့(ဗ်)


www.burmeseclassic.com

www.burmeseclassic.com

# I

"ဟယ်လို . . . မိုးညာလား"

"အေး"

"လင်းခ စကား မှန်ပြန်ပြီ"

"ဟင် . . . ဘယ်လို . . ."

စကားသံတို့ မြန်သွားသည်။

"နှင် သတင်းစာ ဖတ်ပြီးသွားပြီလား"

"ဟင့်အင်း . . . မဖတ်ရသေးဘူး"

"ညက (၅၇) လမ်းမှာ ဆောက်လက်စတိုက်ပေါ်က လူတစ်ယောက် ပြုတ်ကျပြီးသေသွားတယ်တဲ့"

"ဟင်"

သူမရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲ . . . အဲဒါက . . . "

"ညက ဆယ့်တစ်နာရီခွဲလောက် လင်းခ ငါ့ဆီဖုန်းဆက်တယ်။ သူ အိပ်မက်မက်တယ်တဲ့။ အိပ်မက်ထဲမှာ အုတ်စတွေ ဖွာခနဲ လွင့်ကျလာတယ်။ ပြီးတော့ လူတစ်ယောက် ပြုတ်ကျလာတယ်တဲ့"

"ဟယ် . . . "

"ဘယ်သူမှန်းတော့ သူလည်း သေချာမမြင်လိုက်ဘူး။ ဒါပေမဲ့ အဲဒီကျသွားတဲ့လူက ခေါင်းမှာ မီးလင်းနေတယ်တဲ့"

"ဘယ် . . . ဘယ်လို . . . "

သူမစကားတို့ တုန့်ရီစွာ အထစ်သွားရသည်။ ထိုစဉ်မှာပင် စကားသံက ဆက်ထွက်လာ၏။

"ဒီနေ့မနက် သတင်းစာမှာ ငါတွေ့လိုက်တယ်။ (၅၇) လမ်း ဆောက်လက်စတိုက်ပေါ်က လူတစ်ယောက် ပြုတ်ကျသေသွားတာ။ ပြုတ်ကျသွားတဲ့လူက အဲဒီတိုက်ကိုဆောက်နေတဲ့ လက်ထောက်အင်ဂျင်နီယာ တစ်ယောက်။ ညဘက်လိုက်စစ်ဆေးရင်း မခြောက်သေးတဲ့ကြမ်းခင်းကို နင်းမိပြီး ပြုတ်ကျသွားတာ။ နောက်ပြီး အဲဒီလူက လုပ်ငန်းသုံး လီမွှော်ရောင်ဝတ်စုံကြီးကို ဝတ်ထားတယ်။ ပြီးတော့ နဖူးပတ်ဓာတ်မီးပါတဲ့ ခေါင်းပတ်ကို ပတ်ထားတယ်တဲ့"

"ဘုရားရေ . . . "

"ကတ္တရာလမ်းပေါ် မှောက်လျက်ကြီး အသက်ပျောက်နေတဲ့ ခန္ဓာကိုယ်ကြီး (. . . . .) သတင်းစာထဲမှာတော့ သွေးပျက်စရာပဲ"

အသံတို့ တိုးတိတ်သွားလေပြီ။ သူမ ဟန်ချက်မထိန်းတော့စွာ ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။ နားထင်မှသွေးကြောတို့ တဆတ်ဆတ်တုန်နေကြောင်း သတိထားမိသည်။ ထိုစဉ်မှာပင် . . .

"အံ့ဩစရာအကောင်းဆုံးတစ်ခုက လင်းခ အိပ်မက်မက်ပြီး ဆယ်မိနစ်အကြာမှာ အဲဒီလူ ပြုတ်ကျသေသွားတာပဲ"

"အို . . . "



BURMESE CLASSIC .com

သူမနှုတ်မှ [illegible]မေဒိုတ်မကျတကျ ထိတ်လန့်တိုးညည်းသံတစ်ခု အလိုလို ညည်းတွားသွားသည်။

အရာအားလုံး နိုးထလှုပ်ရှားမှုကင်းမဲ့လျက်။

တိတ်ဆိတ်ညွတ်ခြုံပါးလျှမှုကား အရာရာတွင် ပျံ့လွင့်ကာနေသည်။ ဖုန်းခွက်နှင့် လက်ဖဝါးတို့ကြားတွင် စိုစွတ်စွတ်အထိအတွေ့တစ်ခု စိမ့်ထွက်တို့ထိလာပြီးသည့်နောက် . . .

"သူရ . . . နင် . . . နင်အဲဒါကို ဘယ်လိုသဘောရလဲ"

သက်ပြင်းချသံတစ်ခုက ဝါယာကြိုးဖြူဖျော့ဖျော့အတွင်းမှ ဒီး မျောကာလာသည်။

"ငါကတော့ တိုက်ဆိုင်မှုတစ်ခုထက် ကျော်လွန်ပြီးတော့ မတွေး ဖြစ်သေးဘူး။ ငါ လက်မခံချင်သေးဘူးဟာ"

အဲလောက်ပါပဲ။ အဲလောက်နဲ့ သတင်းပေးဆွေးနွေးမှုတစ်ခုက ပြီးဆုံးသွားခဲ့ပါသည်။

ဟုတ်ပါတယ်။ သူရလား၊ သူမလား မသိပေမဲ့ ဖုန်းတော့တစ်ယောက်ယောက်က ဦးအောင်ချသွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com

# II

အင်းယားရေပြင်က ကချေသည်တစ်ယောက်ရဲ့ကကွက်လို ယိမ်းနွဲ့လှုပ်ရှားနေသည်။ သူရ၊ မိုးညာ၊ ဝေမာတို့သုံးဦးကတော့ ငြိမ်သက်မှုကိုယ်စီဖြင့် တိတ်ဆိတ်ကာနေသည်။ ချမ်းအေးမှာ ဆံပင်စိုစိုတို့ကို သဘက်ဖြင့် ပွတ်တိုက်နေ၏။ လေလှော်ရွက်တိုက်အသင်းတွင် ထရိန်နင်အပြီး ရေကူးထားခြင်းဖြစ်သည်။

အကုန်လုံး၏မျက်နှာပေါ်၌ ဘာမှန်းဝေခွဲမရသော အငွေ့အသက်တွေ ထင်ဟပ်နေသည်။

သူတို့လေးယောက်၏ရှေ့တွင်ကား ယနေ့ထုတ်သတင်းစာတစ်စောင်။ ပြီးတော့ လေးယောက်လုံးပုံစံက တစ်စုံတစ်ယောက်အား စောင့်မျှော်နေသည်မှာ ပေါ်လွင်လွန်းလှပါသည်။

ဟုတ်ပါသည်။ သူတို့အားလုံး ယနေ့ခေတ်၏ အရောင်းရဆုံးစာရေးဆရာ 'သိုး' (ခေါ်) လင်းခကို မျှော်နေတာပါ။ ဒါပေမဲ့ လေးယောက်စလုံးမှာ မျက်နှာမကောင်းကြ။ အဓိက ကတော့ စားပွဲအလယ်တွင်ရှိနေသော သတင်းစာထဲမှ သတင်းတစ်ပုဒ်ကြောင့်ဖြစ်သည်။



ဝေမာနှင့် ချမ်းအေးတို့နှစ်ယောက်မှာလည်း အကြောင်းစုံသိပြီးသွားပြီမို့ အံ့ဩမှုနှင့် မယုံကြည်နိုင်မှုတို့ လွှမ်းကဲနေသည်။ အားလုံးက ခေတ်ပညာတတ်တွေဖြစ်နေတော့ ပိုဆိုး၏။ ယုတ္တိမတန်သော ကိစ္စရပ်တွေဆိုလျှင် ဒီဘက်ခေတ်မှာ ဘယ်သူမျှလက်မခံကြတော့။

အဲဒီအထဲမှာ သူရ၊ ချမ်းအေးနှင့် ဝေမာတို့ပါသည်။ ဒါပေမဲ့-

"ဟိုမှာ . . . လင်းခလာပြီ"

ဝေမာက မေးငေါ့ကာပြောတော့ အားလုံး၏အကြည့်တွေက ညွှန်ပြရာဆီ ရောက်သွားသည်။ လင်းခကားလေးက မနှေးမမြန်အရှိန်ဖြင့် ထိုးဆိုက်လာပါသည်။ ပြီးတော့ ကားတံခါးကိုဖွင့်ရင်း လင်းခဆင်းလာသည်။

အမြဲတမ်း ပြုံးရွှင်နေတတ်သော လင်းခမျက်နှာမကောင်း။ ကြီးမားသော ဝန်ထုပ်ကြီးတစ်ခု ထမ်းပိုးထားရသလို လမ်းလျှောက်ပုံက အစလေးလံနေသည်။ စားပွဲဝိုင်းနားရောက်တော့ အားလုံးကို တစ်ချက်ဝေ့ကြည့်ကာ အားနာပြုံးဖြင့် . . .

"ရောက်နေကြတာ ကြာပြီလား။ ဆောရီးကွာ . . . စိတ်ထဲမှာ သိပ်မကြည်တာနဲ့ မနက်အစောကြီးကတည်းက ဘုရားရှိခိုးကျောင်းမှာ ရောက်နေတာ။ နည်းနည်းကြာသွားတယ်"

ပြောပြီးဝင်ထိုင်လိုက်တော့ သတင်းစာဆီသို့ အကြည့်အရောက် မျက်နှာတစ်ချက်ပျက်ကာသွားသည်။ နောက် အားလုံးကိုဝေ့ကြည့်ရင်း-

"အကုန်သိပြီးသွားကြပြီပေါ့"

သက်ပြင်းနှင့်ရောကာ ထွက်လာသည့် အမေးစကားကြောင့် အားလုံးခေါင်းညိတ်ပြကြသည်။ လင်းခပုံစံက စိတ်လှုပ်ရှားမှုကို အတင်းဖုံးဖိထားရသော ပုံစံမျိုးဖြစ်၏။ ဆေးလိပ်တစ်လိပ်ကို နှုတ်ခမ်းတွင်တော့ကာ တည်ငြိမ်မှုရှာနေသည်။ ထိုစဉ်မှာပင် ချမ်းအေးက . . .

"မင်းညက ဒီသတင်းစာထဲကအတိုင်း အိပ်မက်မက်တယ်ဆိုတာ အမှန်လား"



www.burmeseclassic.com

www.burmeseclassic.com

ပြန်မဖြေ။ သူရကို လှမ်းကြည့်သည်။ သူရက မျက်နှာလွှဲသွား၏။ လင်းခ၏မျက်နှာပြင်၌ မဲ့ပြုံးလိုလို အပြုံးတစ်ခု မထင်မရှားပေါ်သွားရကား . . .

"အိမ်မက်တွေ မမက်ပါစေနဲ့လို့ ဆုတောင်းတဲ့အထဲမှာ ငါ ပထမဆုံးပါ။ မမှန်ပါစေနဲ့လို့ တောင်းပန်တိုးလျှိုးတဲ့ အထဲမှာလည်း ငါအဦးဆုံးပဲ။ ဒါပေမဲ့ ငါမလိုချင်ပဲ အိပ်မက်တွေ ရောက်ရောက်လာတယ်။ မဖိတ်ခေါ်ပါပဲ ပုံရိပ်တွေ လာလာပေါ်တယ်။ အဲဒီကိစ္စအတွက် အမုန်းဆုံးလူဆိုရင်လည်း ငါပထမဆုံးပဲသူငယ်ချင်း။ ငါ ဘယ်လိုမှ မတတ်နိုင်ဘူး။ ပိုဆိုးတာက ငါအခု လုံးဝ စာရေးလို့မရတော့တာပဲ"

သူ၏စကားအဆုံး နားထောင်သူအားလုံး နှမ်းလျသွားသည်။ ကရုဏာနှင့် အကြင်နာ ရောထားသော မျက်ဝန်းတစ်ခု သူ့ထံသို့ရောက်လာသည်။ ရင်မှာ သိမ့်ခနဲနေအောင် နွေးသွားမိပြီး . . .

"မင်းတို့ လက်မခံနိုင်ဘူးဆိုတာ ငါနားလည်တယ်။ ငါကိုယ်တိုင်လည်း အခုလိုကိစ္စကြီးကို လုံးဝလက်မခံနိုင်ဘူး။ ဒါပေမဲ့ အိပ်မက်တွေကို ငါမပိုင်ဘူးသူငယ်ချင်း"

အားလုံး တိတ်ဆိတ်သွားကြသည်။ ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်ကုန်ကြ၏။ မေးသူ ချမ်းအေးမှာတော့ အားနာသွားရသကဲ့သို့ မျက်နှာအနည်းငယ် ရဲကာနေသည်။ သူတို့၏ မယုံကြည်နိုင်မှုထက် ကာယကံရှင်၏ ခံစားနေရမှုကို နားလည်သွားကြသည်ထင်၏။ ထိုစဉ်မှာပင် . . .

"လင်းခ . . . နင်အခုရေးနေတဲ့ ဝတ္ထုကို ဆက်မရေးပါနဲ့တော့လားဟာ"

မိုးညာ၏စိုးရိမ်သံက ဖျော့တော့တော့ရောက်လာသည်။ လင်းခ လှမ်းကြည့်ဖြစ်သည်။ မိုးညာမျက်နှာက ပျက်အံ့ဆဲဆဲ ဂီတာကြိုးတစ်ချောင်းလို အက်ရှရှ။

"ဘာလဲ . . . ငါအခုလိုဖြစ်သွားတာကို ဒီဝတ္ထုကြောင့်လို့ ဆို



ချင်တာလား"

မိုးညာ ခေါင်းညိတ်သည်။ သူရက . . .

"အမှန်ပဲ လင်းခ။ ပုံမှန်အခြေအနေတစ်ခုကနေ တစ်ဆင့်ပိုတဲ့ အခြေနေတစ်ခုကို ချက်ချင်းပြောင်းသွားတာ မင်းအခုရေးနေတဲ့ဝတ္ထုကြောင့်ပဲ"

သူပြန်မပြောတတ်။ သူရပြောသည်က ဟုတ်သယောင်ရှိနေသည်ကိုး။

"ငါ အနုပညာကို ဘယ်လောက်မြတ်နိုးတယ်ဆိုတာကို မင်းတို့သိပါတယ်။ စာတစ်ပုဒ်ဖြစ်လာဖို့ မွေးဖွားသူရဲ့နှလုံးသားကို မင်းတို့နားမလည်နိုင်သေးဘူး"

"ဆောရီး လင်းခ။ မင်း နားလည်မှုလွဲသွားပြီ။ ငါတို့ပြောတာက မင်းကို စာမရေးနဲ့တော့လို့ပြောတာ မဟုတ်ဘူး။ ဒီဝတ္ထုကို ဆက်မရေးနဲ့တော့လို့ ပြောတာ။ မင်းအတွက် လွယ်ပါတယ်ကွာ။ ဇာတ်လမ်းပြောင်းရေးလိုက်ပေါ့"

သူ ခေါင်းရမ်းလိုက်သည်။

"ငါ့ကိုယ်ငါ လက်မခံတာလဲ ဒီအချက်ပဲ။ ငါ ဇာတ်လမ်းပြောင်းရေးဖို့ စဉ်းစားပါတယ်။ ဒါပေမဲ့ ငါ့ဦးနှောက်က လက်မခံဘူး။ ဒီဝတ္ထုရေးလို့ အခုလိုဖြစ်သွားတယ်ဆိုတာကို ဘယ်လိုမှ လက်မခံနိုင်ဘူးဖြစ်နေတယ်။ ရှင်းရှင်းပြောရရင် ငါကိုယ်တိုင်က ဇာတ်လမ်းပြောင်းချင်ပေမဲ့ ဦးနှောက်က ပြောင်းမပေးဘူး"

"လင်းခရယ်"

မိုးညာဆီမှ ဆို့နင့်နင့်အသံလေး ထွက်လာသည်ကိုကြားရ၏။ သူကတော့ ဆေးလိပ်ကိုသာ တစ်လိပ်ပြီးတစ်လိပ် ထုတ်သောက်နေမိသည်။

"ငါအခု ဘယ်လိုမှ အာရုံသွင်းလို့ မရတော့ဘူးဟာ။ တစ်ခုခုကို အပြင်းအထန်စဉ်းစားလိုက်ရင် ခေါင်းတွေကိုက်လာတယ်။ အသက်



www.burmeseclassic.com

www.burmeseclassic.com

ရှုတွေကြပ်ပြီး မောလာတယ်။ သေချာတာကတော့ လုံးဝ စာဆက်ရေးလို့ မရတော့ဘူး"

အကုန်လုံးက သူ့ကိုကြည့်၍ ယူကြုံးမရ ဖြစ်သွားကြသည်။ အနုပညာသမားတစ်ယောက်၏ အုံမခန်းဆုံးရှုံးမှုပင် မဟုတ်ပါလား။ လင်းခ အနုပညာကို ဘယ်လိုတန်ဘိုးထားကြောင်း၊ ဘယ်လိုခံယူချက်တွေနှင့် လျှောက်လှမ်းနေကြောင်း သူမတို့သိပါသည်။ ပြီးတော့လူငယ်။

နာမည်တစ်လုံးနှင့် အောင်မြင်နေသော လူတစ်ယောက်။ ရှေ့မှာမြင်နေရသည့် အောင်မြင်မှုတွေ၊ ကျော်ကြားမှုတွေ၊ ကြီးကျယ်မှုတွေကို သူကိုယ်တိုင် မြင်နေရသလို သူမတို့လည်း မြင်ပါသည်။ ဒီလိုအခြေအနေတွေရောက်လာပါမှ ယခုကဲ့သို့ ဖြစ်ပျက်သွားခြင်းအပေါ် လင်းခမည်မျှယူကျုံးမရ ဖြစ်လိမ့်မည်နည်း။ မည်မျှ စိတ်ဓာတ်တွေ ယိမ်းယိုင်သွားမည်နည်း။

ယခုကဲ့သို့ တည်ငြိမ်နိုင်ခြင်းကပင် လင်းခ၏ အရည်အချင်းတစ်ရပ်ဖြစ်ပါ၏။ သူမဆိုလျှင်တော့ သေချာပါသည်။ သွက်သွက်ခါအောင် ရူးသွားမှာမလွဲ။

နောက်တော့ စကားလမ်းကြောင်းက သူမဘက်လှည့်လာသည်။ ဟုတ်ပါသည်။ နောက်လတွင် မိုးညာ စေ့စပ်ရတော့မှာပါ။ ထိုကိစ္စနှင့်ပတ်သက်၍ သူငယ်ချင်းတွေက ကြိတ်မနိုင်ခဲမရ ဖြစ်နေကြသည်။ အကြောင်းကား အခြေအနေ၊ အခွင့်အရေးတွေပေးပါလျက် သူငယ်ချင်းစည်းကို မကျော်နိုင်သေးသည့် လင်းခနှင့် သူမ။

တစ်ခါတရံ၌ မိန်းကလေးဖြစ်ရသည်မှာ အရမ်းစိတ်ပျက်ဖို့ကောင်းပါ၏။ ချစ်ရသူက ဖွင့်ပြောမလာသည့် အချိန်တွေမှာပေါ့။

ယခုလည်း ထိုအကြောင်းကို ဦးတည်ပြောကြရင်းနှင့် ချမ်းအေးနှင့်သူရတို့က လင်းခနှလုံးသားအား ထိခတ်မိမည့်စကားအချို့ကို သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး ပြောကြသည်။ ဒါပေမဲ့ အရာမထင်ပါ။



ဘာကြောင့်လဲ၊ မထင်ရှားဘာ ချက်ချင်းလက်ငင်း ဖြစ်ပျက်သွားသော လင်းခ၏ အနာဂတ်နှင့်အိပ်မက် ဆက်စပ်သွားမှုကြောင့်လား။ အလုံးစုံ မဖြစ်နိုင်ပေမဲ့ တစ်စိတ်တစ်ပိုင်းတော့ ဖြစ်နိုင်ပါသည်။

လင်းခကိုယ်တိုင်မှာလည်း ကြီးစွာသော စိတ်ရှုပ်ထွေးဖိစီးမှုတွေနှင့် ရင်ဆိုင်နေရ၏။

ဆေးလိပ်ဘူးကို လက်ထပ်လှမ်းတော့ . . .

"လင်းခ . . . တော်တော့။ နင်သောက်တာ များနေပြီ"

ထိုသို့ပြောကာ မိုးညာက ဆေးလိပ်ဘူးကို သူမရှေ့သို့ ဆွဲယူသွားသည်။ ရှုပ်ထွေးနေသော စိတ်အစဉ်ကြားမှာပင် လင်းခ ကြည်နူးမိပါသေးသည်။

ရီဝေဝေပြန်ကြည့်မိရင်းမှ စိတ်ထဲမှ စကားအချို့စီကာ ကျလာ၏။ ဒါပေမဲ့ စိတ်ထဲသို့ပဲ ပြန်ဝင်သွားသည်။

"မင်းကို ခပ်ဝေးဝေးတစ်ချိန်ကတည်းက ဖွင့်ပြောပြီးသားပါ မိုးညာရယ်။ မင်းမှ သတိမထားမိပဲ။ အခုတော့ . . ."

မျက်လုံးချင်း တစ်ချက်ဆုံသွား၏။ ဒါပေမဲ့ သူ့ရင်ထဲကစကားတွေကို သူမ ရှာဖွေတွေ့လိမ့်မည်မဟုတ်ပါ။ ကိစ္စတော့သိပ်မရှိ။

မည်မျှကြီးကျယ်သော အမှားတစ်ခုပဲဖြစ်နေပါစေ ခွင့်လွှတ်သင့်က ခွင့်လွှတ်နိုင်ပါသည်။ မှားသူက မှားတတ်လျှင်ပေါ့။

ထိုစဉ်မှာပင် သူတို့ထိုင်နေရာဆီသို့ စာကလေးဗေဒင်ဟောသော ကုလားမကြီးတစ်ယောက် လျှောက်လာသည်။ ချမ်းအေးက ရယ်ကျဲကျဲတစ်ချက်လုပ်ကာ . . .

"လင်းခ . . . စမ်းကြည့်ရအောင်"

ဒါမျိုးတော့ စိတ်ဝင်စားပါသည်။ ပညာဆိုတာ အပေါ်ယံအလွှာပါးကို ကြည့်၍ ခွဲခြားမရနိုင်သည်ပဲ။ အောင်မြင်သူဆိုတာ ကိုယ်ခြေချရာ အသက်မွေးဝမ်းကျောင်းတစ်ခုပေါ်တွင် အတိကျဆုံး ရဲရင့်နိုင်လျှင် အောင်မြင်သူပင်မဟုတ်ပါလား။ ယခုပညာသည်ကရော အောင်မြင်သူ



www.burmeseclassic.com

www.burmeseclassic.com

လော၊ ကျရှုံးသူလော။

ချမ်းအေးလက်ပြလိုက်တော့ သူတို့ဝိုင်းသို့ ရောက်လာသည်။ ထုံးစံအတိုင်း လင်းခ အရင်ဈေးဦးဖောက်လိုက်၏။

ကံမကောင်း အနာဂါတ်အတွက် စကားတစ်ခွန်းက . . .

'ချစ်သူ၏စိတ်ကောက်ခြင်းကို ခံရမည်တဲ့' တဲ့။

အကုန်လုံးက သူ့ကို ပြုံးစိစိ ဝိုင်းကြည့်သည်။ သူ မတုံ့ပြန်ဖြစ်။ စိတ်ထဲတွင် ဝေခွဲမရသော အဖြေတစ်ခု လျှပ်တစ်ပြက်ပေါ်သွားရာ ကုလားမကြီးကိုကြည့်မိတော့ . . .

အေးဆေးနေပါသည်။ ချမ်းအေးကိုပင် ကြည့်ပေးနေပြီဖြစ်သည်။ ချမ်းအေးက သူ့ထက်ပိုဆိုးသည်။

"အယုံကြည်မရှိပါနဲ့။ လူလိမ်' တဲ့။

အကုန်လုံးဝိုင်းရယ်ကြတော့ ချမ်းအေးလည်း ရှက်ရယ်လိုက်ရယ်သည်။ အသက်မပါမှန်းတော့ သူ့ဆီရောက်လာသော ချမ်းအေး၏အကြည့်တစ်ချက်ကြောင့် သိလိုက်၏။ ဒါပေမဲ့ သူတို့စကားဝိုင်းလေးမှာ ယခင်ထက် ပိုမိုနွေးထွေးလာတာ သေချာသည်။

ချမ်းအေးပြီးတော့ သူရ။

သူရလည်း သိပ်မကွာပါ။ 'ပိပိရိရိနေပါ။ သင်လုပ်ခဲ့သော မကောင်းမှုတွေ ဘူးပေါ်သလို ပေါ်လာလိမ့်မည်' တဲ့။

ရယ်ကြပြန်သည်။ ရယ်သံတွေ တော်တော်နှင့် အတော်မသတ်။ ဒါပေမဲ့ လင်းခမှာတော့ ဗေဒင်ဟောသူ ကုလားမကြီးကို လေးစားသလို ဖြစ်လာနေပါပြီ။ သူရကတော့ မျက်နှာကြီးရှုံ့မဲ့ကာ သူ့ကို 'ဖြစ်နိုင်တယ်' ဟုပြောသည်။

နောက်တစ်ယောက်က ဝေမာ။ သူမက မကြည့်ခင်ကတည်းက ပင် . . .

"နင်တို့နော် ငါ့ကို ဝိုင်းမရယ်ရဘူး"

"အေးပါဟ . . . မရယ်ပါဘူး။ ဟီး . . . ဟီး . . ."



မျက်နှာပိုးမသတ်နိုင်သော ချမ်းအေးပုံစံကြောင့် . . .

"တွေ့လား . . . ။ တော်ပြီ မကြည့်တော့ဘူး။ ငါသိတယ် . . ငါ့ကို အကျယ်ကြီး ဝိုင်းရယ်ကြမှာ"

"မရယ်ပါဘူးဆို"

သူရက ရုပ်ကို မနည်းတည်ရင်း ဝင်ပြောသော်လည်း ဝေမာက ရှုံ့တွဲ့တွဲ့ဖြစ်နေ၏။ ထိုအခြင်းအရာအားကြည့်၍ . . .

"နင့်ပုံစံက ဘာနဲ့တူသလဲဆိုတော့ ဘုန်းကြီး ရည်းစားထားချင်သလို ဖြစ်နေပြီ"

"ဘာရယ် . . ."

သူ့စကားကို ဝေမာက နားမလည်စွာ ပြန်မေးတော့ . . .

"ဟုတ်တယ်လေ။ လူတွေလို ရည်းစားလည်း ထားကြည့်ချင်တယ်။ ဘုန်းကြီးဆိုတော့ မသင့်တော်ဘူးဆိုပြီး လူတွေဝိုင်းမေးငေါ့မှာလည်း ကြောက်နေတယ်။ အခု နင်ဖြစ်နေသလိုမျိုးပေါ့"

"အောင်မာ . . ."

ဝေမာ နှုတ်ခမ်းကိုကိုက်ကာ ရုတ်တည်နဲ့ကြည့်သည်။ ပြီးတော့ ပြောချင်ရာပြော ရည်းစားထားတော့မယ်ဟူသော ပြောင်တင်းတင်းပုံစံဖြင့် ကြည့်လိုက်ရာ . . .

ဝက်ဝက်ကွဲသွားပါသည်။ တစ်ဆိုင်လုံး ဆူဆူညံသွားသည်။ ဝေမာတစ်ယောက်ကတော့ မျက်နှာတစ်ပြင်လုံးရဲတွတ်ကာ ငိုရခက်၊ ရယ်ရခက်ပုံစံဖြင့် နီးစပ်ရာကျောကုန်းတွေကို တဘုန်းဘုန်း လိုက်ထုတော့၏။

ဇာတာက သိပ်မလှပါ။ ဝိုင်းရယ်မည်ဆိုလည်း ရယ်လောက်သည်။

"လူလိမ်ခံရမယ်တဲ့"

ခေါင်းထဲသို့ အတွေးတစ်ချက် ရောက်လာသည်။ ထိုအတွေးမှာ ယောင်ဝါးဝါးမဟုတ်တော့။ သေချာသလောက် ရှိသွားပေပြီ။ ကုလား



www.burmeseclassic.com

www.burmeseclassic.com

မကြီးကိုကြည့်မိတော့ ရှိန်းတိန်းတိန်းပင် ဖြစ်သွားရပါ၏။

နောက်တစ်ခါ အလှည့်ကျသူက တစ်ဦးတည်းကျန်တော့သည်။ မိုးညာက သူမကတော့ ဘာအာရုံမျှမရှိသလို တည်ငြိမ်နေသည်။ ဘယ်သူ့ကိုမျှမကြည့်ပဲ လုပ်စရာရှိသည်ကို လုပ်လိုက်တော့ . . .

အေးဆေးပါသည်။ ကံကြမ္မာကလည်း အေးအေးချမ်းချမ်းလေး–

'ချစ်သူထံမှ တန်ဘိုးအကြီးဆုံး မွေးနေ့လက်ဆောင် ရရှိမည်တဲ့'

ဒီတစ်ခါလည်း ကုလားမကြီး ကြည့်မိပါသည်။ ကုလားမကြီးကတော့ အပြုံးမပျက် မိုးညာအတွက် မှန်လား၊ မမှန်လားမသိပေမဲ့ သူကတော့ ပြုံးသွားတာအမှန်ပါ။

ထို့အတွက် ကုလားမကြီးကို ထိုက်ထိုက်တန်တန် ပူဇော်မိပါသည်။ ပြန်ရန်ပြင်ကြတော့ မိုးညာက စားပွဲပေါ်မှ လင်းခ ကားသော့ကို ကောက်ယူကာ . . .

"လင်းခ . . . ငါပြန်လိုက်ပို့ပေးမယ်"

မိုးညာစကားကြောင့် . . .

"နင့်မှာ ကားမပါလာဘူးမလား။ ငါပဲနင့်ကို လိုက်ပို့ပေးပါ့မယ်"

"မဟုတ်ဘူး . . . မဟုတ်ဘူး . . . ငါ အိမ်ပြန်မှာမဟုတ်သေးဘူး။ နင့်ကို ငါကိုယ်တိုင်ကားမောင်းပြီး အိမ်တိုင်ရာရောက် လိုက်ပို့ပေးချင်လို့"

ချမ်းအေးနှင့် သူရက ပခုံးတွန့်ပြသည်။ ဝေမာက . . .

"ငါ မြို့ထဲခဏဝင်စရာရှိလို့ သွားနှင့်လိုက်တော့မယ်"

ဟုပြောကာ အရင်ထထွက်သွား၏။

ဝေမာ့နောက်မှ ချမ်းအေးနှင့်သူရ။

ချမ်းအေးနှင့် သူရနောက်မှ သူတို့နှစ်ယောက်။



# III

မိန်းကလေးတစ်ယောက်မောင်းသော ကားပေါ်မှာ ထိုင်စီးရခြင်းသည် လန်းဆန်းမှုတော့ သိပ်မရှိပါ။ ဒါပေမဲ့ လန်းဆန်းသလို ရှိနေပါသည်။ သူမကတော့ ကားကို ကျင်လည်စွာမောင်းရင်း နှုတ်ဆိတ်လျက်ရှိသည်။

တအောင့်ကြာတော့ . . .

"လင်းခ . . ."

တိုးညင်းညင်း အသံလေးတစ်ခုက သူ့နံဘေးမှ ထပ်ထွက်လာသည်။

"လင်းခ . . . နင်အခုရေးနေတဲ့ဝတ္ထုကို ဆက်မရေးပါနဲ့တော့လားဟာ"



www.burmeseclassic.com

www.burmeseclassic.com

သူမတားမြစ်မှုက စိုးရိမ်မှုနှင့် ဝမ်းနည်းမှုတို့ ရောပြွမ်းနေကြောင်း သိသာသည်။ ဒါပေမဲ့ . . .

လင်းခ သက်ပြင်းပူကြီးတစ်ခုကို မှုတ်ထုတ်မိပါ၏။ လွယ်လွယ်နဲ့တော့ အလျှော့မပေးချင်ပါ။ ပထမအခက်အခဲကို ဖြတ်ကျော်လာသည့်လူတစ်ယောက်အဖို့ ဒုတိယအခက်အခဲသည် ပြင်းထန်မှုမရှိတော့။ ထို့အတူ တတိယအခက်အခဲသည် ပေါ့လျော့သွားပေပြီ။

လင်းခ စိတ်မပါစွာနှင့်ပင် ဒုတိယမြောက်သက်ပြင်းတစ်ခုကို ပါးပါးလေးမှုတ်ထုတ်လိုက်ပြီးတော့ . . .

"အေးပါဟာ . . . လောလောဆယ်တော့ ဝတ္ထုသစ်ရော၊ ဝတ္ထုဟောင်းရော ဘာမှုရေးလို့မရသေးတဲ့ အနေအထား ရောက်နေပါပြီ။ ငါနားချိန်ရောက်နေပြီနဲ့တူတယ်"

သူ့စကားဆုံးတော့ ကားမောင်းနေရာမှ လှည့်ကြည့်သည်။ သူမအကြည့်ကို အဓိပ္ပာယ်မဖော်တတ်။ ဒါပေမဲ့ အရှိန်ပြင်းသောမြားတစ်ချောင်းကို ပုတ်ခတ်သည့် လေဆိုသောအရာကိုတော့ မုန်းရိပ်ပြေးနေကြောင်း သိသာသည်။

နောက်တော့ သူတို့စကားမပြောဖြစ်ကြတော့ပါ။ ဒီလိုနဲ့ပဲ မိုးညာမောင်းသောကားက သူနေရာ ကွန်ဒိုရှေ့သို့ရောက်လာသည်။ လင်းခကားပေါ်မှ အရင်ဆင်းလိုက်ကာ မိုးညာဘေးသို့သွား၍ . . .

"မိုးညာ . . . အခုလိုအချိန်မှာ နင့်ကိုငါ ပွဲတစ်ပွဲဖိတ်ရင် လက်ခံမှာလား"

"ဘာပွဲလဲ"

ဖြူနုနုမျက်နှာနှင့် မော့ကြည့်ရင်း ကြည်လင်စွာမေးလာတော့–

"ကော်ဖီနဲ့ဧည့်ခံတဲ့ ပွဲလေးတစ်ပွဲဆိုပါတော့"

မိုးညာ ပြုံးသည်။ လင်းခဆိုလိုရင်းကို သဘောပေါက်သွားသလို ခေါင်းတစ်ချက်ညိတ်ကာ . . .

"ကောင်းပြီလေ။ နင်ဖျော်တိုက်တဲ့ကော်ဖီတောင် မသောက်ရတာကြာပြီ။ နင်ဖိတ်တဲ့ပွဲကို လက်ခံပါတယ်"



နှစ်ယောက်သား ခပ်ဟဟ ရယ်ဖြစ်သည်။ ထို့နောက်တော့ သူတို့ ဓာတ်လှေကားဆီသို့ လျှောက်ခဲ့ကြပါသည်။ အခန်းထဲရောက်ရောက်ချင်းပင် . . .

"ဧည့်ခန်းမှာ ခဏထိုင်ဦးနော်။ ငါ ကော်ဖီသွားဖျော်လိုက်ဦးမယ်"

"အိုကေ"

အခန်းက အိုက်စပ်ပိတ်လှောင်နေသည်။ ထို့ကြောင့် Air-Con ဖွင့်ရန် မိုးညာ စာကြည့်ခန်းတွင်းသို့ သွားလိုက်သည်။ ဒါပေမဲ့ စာကြည့်ခန်းအတွင်း ရောက်ရောက်ချင်းမှာပင် မိုးညာစိတ်အား အမှတ်မထင် တစ်စုံတစ်ရာက ဆွဲခေါ်သွားတော့၏။

အခန်းနံရံမှာ စိတ္တဇဆန်ဆန် ရေးခြစ်ထားသော နာမည်အချို့အရင်တုန်းက မတွေ့ဘူး။ ယခုမှ . . .

ဘာမှန်းမသိပေမဲ့ သူမ ရပ်ကြည့်ဖြစ်သွားသည်။ ရေးထားသည်မှာ ဤသို့ . . .

| |
|---|
| ချမ်းအေး + ခင်လေး + သူရ + (      ) + လင်းခ = *One (D)* |

မိုးညာ ကြောင်ငေးသွားစဉ်မှာပင် . . .

"မိုးညာ . . . စာကြည့်ခန်းထဲမှာလား"

လင်းခက အသံတစ်ချက်ပြုရင်း အခန်းတွင်းသို့ ဝင်လာသည်။ အခန်းထဲရောက်ခိုက် သူမ စိတ်ဝင်စားကြည့်နေသော နံရံမှ နာမည်တို့အားတွေ့သွားစဉ် . . .

ဖျတ်ခနဲ မျက်နှာတစ်ချက် ပျက်သွားသည်။ မမြင်စေချင်၊ မတွေ့စေချင်သော အရာတစ်ခု။ ကြီးမားသော ဖုံးကွယ်မှုတစ်ခု ပေါက်ကြားသွားသလို လင်းခမျက်နှာ အရောင်မျိုးစုံ ပြောင်းလဲသွား၏။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ဟက်ခနဲ တစ်ချက်ရယ်ရင်း . . .

"သြော် . . . အလကားပါဟာ။ ငယ်ဘဝကိုသတိရပြီး ရေးထားတာ"

လင်းခ၏ ခပ်ပေါ့ပေါ့ဖြေရှင်းချက်ကြောင့် . . .

"ငယ်ဘဝ . . . ဘယ်လိုငယ်ဘဝလဲ"

"ငါတို့ဆယ်တန်းအောင်တုန်းက ဂုဏ်ထူးတစ်ဘာသာစီ ပါကြတယ်လေ။ အဲဒါကို ရေးထားတာ"

မိုးညာ မျက်မှောင်ကြုတ်ကာ နံရံကို တစ်ချက်စိုက်ကြည့်သည်။ ပြီးတော့ . . .

"One (D) ဆိုတာ ဂုဏ်ထူးကိုပြောတာလား"

"အေး . . ."

လင်းခ၏စကားအဆုံး မိုးညာက နံရံပေါ်မှ နာမည်တစ်လုံးကို ကြည့်ကာ . . .

"ခင်လေးရောလား"

"အင်း . . ."

မိုးညာ၏မျက်မှောင်တစ်ချက် သူ့ဆီရောက်လာသည်။ လင်းခ ခပ်တည်တည်ပင် နေဖြစ်သည်။ မိုးညာသည် လွန်စွာပါးနပ်လွန်းသော မိန်းကလေးတစ်ယောက်ပင် မဟုတ်ပါလား။ လျှော့တွက်လို့မရ။ ထိုစဉ်မှာပင် မိုးညာမေးခွန်းတစ်ခုက ဆက်တိုက်ဆိုသလို ပေါ်လာ၏။

"ဒါနဲ့ နေပါဦး။ ဟိုမှာ ကွက်လပ်ချန်ထားတဲ့ တစ်ယောက်က ဘယ်သူလဲ"

မေးတော့မည်ဆိုတာ သိနေသည့်အတွက် ရှာထားပြီးသားအဖြေ တစ်ခုကို အလျှင်အမြန် ပြောလိုက်သည်။

"ငါတို့ဆယ်တန်းတုန်းက အတူတူတွဲခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ပဲ။ နာမည်မေ့နေလို့ မရေးပဲထားထားတာ"

သိပ်ပီပြင်မည် မထင်ပါ။ ဒါပေမဲ့ မိုးညာကတော့ ခေါင်းတ



ဆတ်ဆတ်ညိတ်ပြနေသည်။ နောက် . . .

"ခင်လေးက ငါတို့ထက် အများကြီးငယ်ပါတယ်။ သူက ဘယ်လိုလုပ်ပြီး နင်တို့သူငယ်ချင်းထဲ ပါလာတာလဲ"

ဒီတစ်ခါလည်း ချက်ချင်းလက်ငင်းထုတ်လိုက်သော အဖြေကို ချပြလိုက်၏။

"ခင်လေးက နင်တို့နဲ့ပတ်သက်ပြီးမှ ခင်တာလေဟာ။ ငါတို့သူငယ်ချင်းတွေထဲမှာ ဘယ်လိုလုပ်ပါမှာလဲ။ ဒါပေမဲ့ စကားစပ်ရင်းပြောမိလို့ ထည့်ထားတာ။ သူလည်း ဆယ်တန်းတုန်းက တစ်ဘာသာဂုဏ်ထူးပဲလေ။ လာပါဟာ . . . ကော်ဖီတွေ အေးတော့မယ်။ ဧည့်ခန်းထဲသွားရအောင်"

ပြောပြီး ဦးဆောင်ထွက်သွားသည်မို့ မိုးညာလည်း နောက်က လိုက်ထွက်ခဲ့လိုက်ပါသည်။

နောက်တော့ ထိုကိစ္စကို အတတ်နိုင်ဆုံး ရှောင်ရှားရင်း စကားလမ်းကြောင်းပြောင်းကာ ပြောဖြစ်သည်။ နာရီဝက်နီးပါးလောက်နေပြီးတော့ မိုးညာ ပြန်သွား၏။

မိုးညာမရှိတော့မှပဲ လင်းခတစ်ယောက် အသက်ကို ဝဝရှူမိတော့သည်။ အမှန်က အချိန်မကျသေး။ စောနေသေးသည်။ ဒါပေမဲ့ ယခုလို စောစောစီးစီး သိသွားတော့လည်း တစ်မျိုးကောင်းပါသည်။ ဝန်ထုပ်တစ်ခု ပေါ့သွားတာပေါ့။ နောက်လည်း မသိမဖြစ်သိမည့် ကိစ္စတွေပဲလေ။ ဒါပေမဲ့ ဘာမှ အဆင်သင့်မရှိသေးတော့ စကားတွေမှာ ကပေါက်တိ ကပေါက်ချာ။ တော်ပါသေးရဲ့။ မိုးညာ ဆက်မမေးတော့လို့။

အမှန်က ကော်ဖီတိုက်လိုချင်းသက်သက်ဖြင့် မိုးညာကို ခေါ်ခဲ့ခြင်းဖြစ်ရာ ထိုကိစ္စကို သိပ်မထည့်ဖြစ်။ ဒါပေမဲ့ အမှတ်မထင် ပေါ့လျော့မိတာတွေက တစ်ခါတစ်ရံမှာ အကြီးအကျယ် ဘေးတွေ့တတ်သည်။

တော်သေးတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အေးဆေး အဆုံးသတ်သွားလို့။

ဘာပဲပြောပြော ရင်ထဲမှာတော့ အနည်းငယ် ပေါ့သွားရပါသည်။ နောက်တော့ ရေချိုးခန်းထဲဝင်ကာ ရေကို အကြာကြီး စိမ်ချိုးလိုက်သည်။

ပူပြင်းနောက်ကျိ ရှုပ်ထွေးမှုတွေအကုန်လုံး လွင့်ပျောက်သွား၏။ ရေချိုးပြီး၍ တအောင့်ကြာတော့ စားပွဲတွင် ဝင်ထိုင်လိုက်ပါသည်။ နောက် . . .

လင်းခ၏လက်နှစ်ဖက်မှာ တစ်စုံတစ်ရာ အကူအညီကြောင့် လတ်ဆတ်သွားပါတော့၏။



# IV

"ရော့ . . .နင်တို့ဒါတွေ ဖတ်ကြည့်လိုက်။ ငါ internet ထဲက ကူးလာတာ"

စားပွဲပေါ် ပစ်တင်လိုက်သည့် စာရွက်တစ်ထပ်ကြောင့် အကုန်လုံး ကြောင်တောင်တောင်ဖြင့် မိုးညာကိုတစ်လှည့် စားပွဲပေါ်မှ စာရွက်များကိုတစ်လှည့် ဝိုင်းကြည့်သည်။

တနင်္ဂနွေနေ့မို့ အလုပ်အားကာ လူစုံနေကြခြင်းဖြစ်သည်။ ဒါပေမဲ့ လင်းခတော့မပါပါ။ သူ့အကြောင်း ဆွေးနွေးတိုင်ပင်ဖို့ဖြစ်ရာ ပါလာလို့မရ။

သူရ၊ ချမ်းအေး၊ ဝေမာနှင့်အတူ ခင်လေးနှင့် ပေမာတို့ နှစ်ယောက်ပါ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ချမ်းအေးက အရင်ဆုံး စားပွဲပေါ်မှ စာရွက်များကို ကောက်လှန်ကာ . . .

"သြော် . . . အနာဂါတ်ကို ကြိုမြင်သူတွေနဲ့ ကမ္ဘာအရပ်ရပ်က ဖြစ်ရပ်တွေပဲ"

"ဟုတ်တယ် . . .။ လင်းခနဲ့ပတ်သက်ပြီး နင်တို့ မယုံမကြည် ဖြစ်နေလို့ ငါ လက်တွေ့ပြတာ။ လင်းခလိုမျိုး အနာဂါတ်ကြိုမြင်သူတွေ ကမ္ဘာပေါ်မှာ မရေမတွက်နိုင်လောက်အောင် ရှိဖူးတယ်"

သူမစကားကြောင့် ချမ်းအေးက ခေါင်းယမ်းပါ၏။

"နင် ဘယ်လောက်ထိ လေ့လာပြီးသွားပြီလဲ"

သူမ ခေါင်းညိတ်လိုက်ကာ . . .

"နင်တို့လက်ခံနိုင်လောက်တဲ့ထိ ငါလေ့လာထားတယ်"

"ပြောစမ်းပါဦး"

ဝင်ထောက်ပေးသည့် သူ့ရစကားဆုံးတော့ . . .

"ငါလေ့လာထားသလောက်တော့ အနာဂါတ်ကို ကြိုမြင်တာနဲ့ပတ်သက်ပြီး ကနဦးဖြစ်စဉ် သုံးမျိုးရှိတယ်။ ပထမတစ်မျိုးကတော့ မွေးရာပါပေါ့။ ဒါပေမဲ့ အဲဒါမျိုးက အရမ်းရှားပါတယ်။ တော်တော်ကို ပါရမီထူးတဲ့လူတွေမှ ဖြစ်တတ်တာ။ ဒါကလည်း အရင်ဘဝက စိတ်စွမ်းအင်နဲ့ပတ်သက်ပြီး တိတိကျကျ လိုက်စားထားတဲ့လူတွေ။ မနေ့ာနဲ့ပတ်သက်တဲ့ ဂမ္ဘီရကျင့်စဉ်တွေကို အောင်မြင်ပေါက်ရောက်ပြီး သေဆုံးသွားတဲ့လူတွေက ဒီဘဝမှာ လူပြန်ဖြစ်ရင် အရင်ဘဝက အထုံပါလာတာပဲ။ ဒါမျိုးက မရှိသလောက်ရှားတယ်။

ဒုတိယတစ်မျိုးကတော့ ဒီဘဝမှာ ကျင့်ကြံထားတဲ့လူတွေပေါ့။ လူတိုင်းမှာ စိတ်တန်ခိုးဆိုတာရှိတယ်။ ဒါကို ဘယ်သူမှ ငြင်းလို့မရဘူး။ ငြင်းမယ်ဆိုရင်လည်း သတိမထားမိလို့ငြင်းကြတာ။ လူတစ်ဦးနဲ့တစ်ဦး မှာ စိတ်တန်ခိုးစွမ်းရည်များတာနဲ့ နည်းတာပဲကွာတယ်။ စိတ်တန်ခိုး စွမ်းရည်များတဲ့လူတွေက ထူးခြားတဲ့ အာရုံခံစားမှုတွေကို တိတိပပခံစားရ



တယ်။ အဲဒါကို အင်္ဂလိပ်လို 'အက်စ်စထရားဆင်ဆိုရီပါစက်ပရှင်း' (Extra sensory Perception) လို့ ခေါ်တယ်။ အတိုကောက်အားဖြင့် (ESP) လို့ လည်းခေါ်တယ်။ မနောစွမ်းရည်ဖြစ်ရပ်အချို့ကို ခြုံငုံဖော်ပြထားတဲ့ စကားလုံးပေါ့"

မိုးညာစကားကို ခဏနားလိုက်သည်။ ပြီးတော့ တိကျရှင်းလင်းစွာ တစ်လုံးချင်းပြော၏။

"လူတိုင်းစိတ်တန်ခိုး အတွေ့အကြုံရှိဖူးပါတယ်။ နင်တို့မှာ လည်း ရှိခဲ့ဖူးတယ်။ ငါ့မှာလည်း ရှိဖူးတယ်။ ဥပမာ လက်ငင်းဖြစ်ပျက် နေမှု၊ ဒါမှမဟုတ် အနာဂါတ်မှာဖြစ်ပျက်မဲ့ အကြောင်းအရာတစ်ခုနဲ့ပတ် သက်ပြီး စိတ်ထဲမှာ 'ထင့်ခနဲ' ဖြစ်နေတယ်။ 'ဟိုလိုများဖြစ်နေမလား၊ ဒီလိုများဖြစ်နေမလား' ဆိုပြီး ပါးစပ်ကထုတ်ပြောမိတယ်။ နောက် ထင့် ခနဲတွေးထင်မိတဲ့အတိုင်း တကယ်ဖြစ်လာတယ်။ အဲဒါကိုကျတော့ 'အင် ကျွမ်းရှင်း (Intuition) လို့ခေါ်တယ်။ အဲဒါ အလိုလိုသိခြင်းပဲ။ အများ ဖြင့် အဲဒါ ငါတို့လို သာမန်လူတွေမှာ ဖြစ်တတ်တယ်။

နောက်တစ်ခု ငါတို့လမ်းလျှောက်နေရင်းနဲ့ ကိုယ့်ကို တစ်စုံတစ် ယောက်က ကြည့်နေသလို ခံစားရတယ်။ ချာခနဲလှည့်ကြည့်လိုက်တော့ ကိုယ့်ကို တကယ်ကြည့်နေတဲ့ မျက်လုံးတစ်စုံနဲ့ဆုံတယ်။ ဒါလည်း အလို လိုသိခြင်းပဲ။

လင်းခ အခုဖြစ်နေတဲ့ ရှေ့ဖြစ်ညွှန်အိမ်မက်တွေ မက်တာ။ အဲဒါ ကို စိတ်ပညာရှင်တွေက 'ပရီကော့ဂ်နစ်ရှင်း' (Precognition) လို့ သတ် မှတ်တယ်။ 'ကြိုသိခြင်း' ပေါ့။

ပြီးတော့ မျက်လုံးဖွင့်ထားလျက်ဖြစ်စေ၊ ပိတ်ထားလျက်ဖြစ်စေ ငြိမ်ပြီးကြည့်နေနိုက်မှာ အတွင်းအာရုံက ထပ်ဆင့်မျက်လုံးထဲမှာ အဖြစ်ပျက်တစ်ခုရဲ့ ပုံရိပ်ကို မြင်လိုက်တယ်။ နားထဲမှာလည်း အဲဒီအဖြစ် အပျက်ရဲ့ ပုံတင်သံကိုကြားရတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် သတိထား လိုက်မိတဲ့အခါမှာ အဲဒီမြင်လာ၊ ကြားလာတဲ့ အာရုံတွေက ကိုယ့်ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com

တကယ်ဖြစ်ပျက်သွားသလိုပဲ။ မကြာခင်မှာပဲ အာရုံထဲမှာမြင်ခဲ့တဲ့ အဖြစ်အပျက်တွေက အပြင်မှာ တကယ်ဖြစ်လာတယ်။ အဲဒါ 'ကလယ်ယာဗွိုင်းယင့်စ်' (Clairvoyance)လို့ခေါ်တဲ့ 'အလိုလိုမြင်ခြင်း'၊ ဒါမှမဟုတ် 'ကလယ်ယာအောဒီးယင့်စ်' (Clairaudience)လို့ခေါ်တဲ့ 'အလိုလိုကြားခြင်း' ပဲ။

လင်းခ အခုဖြစ်နေတာက အဲဒါတွေအားလုံးနဲ့ အကျုံးဝင်တယ်"

မိုးညာ၏ ရှည်လျားလှစွာသော စကားဆုံးသွားတော့ . . .

"နင်တော်တော် လေ့လာထားတာပဲ"

ဝေမာက အသိအမှတ်ပြုသည်။ ချမ်းအေးက . . .

"နင်ပြောခဲ့တဲ့ အဲဒီအာရုံခံစားမှုတွေက သူ့အလိုလိုဖြစ်လာတာလား"

မိုးညာ ခေါင်းယမ်းလိုက်ရင်း . . .

"မဟုတ်ဘူး။ ရှိပြီးသားစိတ်တန်ခိုးကို စနစ်တကျမွေးမြူလေ့ကျင့်ပေးမှ အဲဒီစွမ်းရည်တွေရတာ။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် မတူဘူးနော်။ ရှေ့ဖြစ်ညွှန်အိမ်မက်မက်တဲ့ လူချင်းမှာတောင်မတူဘူး။ တချို့တွေက အိပ်မက်မက်ပြီး တော်တော်ကြာမှဖြစ်လာတာ။ တချို့ကျတော့ ချက်ချင်းဖြစ်တာ။ အဲဒါကတော့ ဘာကြောင့်ဆိုတာ ပြောလို့မရဘူး"

မိုးညာစကားဆုံးတော့ အကုန်လုံးက ခေါင်းညိတ်သည်။ ထိုစဉ်မှာပင် မိုးညာက ကျန်နေသောတတိယအချက်ကို အစပြုလိုက်ကာ . .

"တတိယတစ်မျိုးကတော့ မတော်မဆထိခိုက်မှု အချို့ကနေ အစပြုဖြစ်လာတာပေါ့။ အဲဒါကိုတော့ နာမည်တစ်မျိုးပဲတပ်တယ် 'ဆိုက်ကိုမေထရီ' (Psychometry)တဲ့။ သူက ဦးခေါင်းကို တစ်စုံတစ်ရာပြင်းပြင်းထန်ထန်ထိမိပြီး စိတ်ပုံမှန်မဟုတ်တော့ပဲ တစ်စုံတစ်ရာ ချို့ယွင်းသွားတဲ့သဘောပဲ။ အဲဒီရောဂါကလည်း ဒုတိယတစ်မျိုးလိုပဲ။ အိပ်မက်မက်တာတို့၊ အာရုံမှာမြင်တာတို့ပဲဖြစ်တာ။ ဒါပေမဲ့ ထူးခြားတာက ဆိုက်



ကိုမေထရီဖြစ်ရင် အနိဋ္ဌာရုံတွေပဲမြင်တာများတယ်။ အ,မင်္ဂလာတွေပေါ့"

ထိုစဉ်မှာပင် ငြိမ်နေသော သူရက သူ့ထင်မြင်ချက်ကို ဝင်ပြော၏။

"ဒါပေမဲ့ ငါတစ်ခုမရှင်းတာက လင်းခ အခုလိုဖြစ်လာတာ ခေါင်းကို တစ်စုံတစ်ရာ ပြင်းပြင်းထန်ထန် ထိခိုက်မိပြီးမှ ဖြစ်လာတာမဟုတ်ဘူးလေ"

"ဟုတ်တယ်"

ချမ်းအေးကပါ ဝင်ထောက်ခံသည်။

"နင်တို့ပြောတာ မှန်ပါတယ်။ လင်းခအခုလိုဖြစ်တာ ပြင်ပထိခိုက်မှုတစ်ခုခုကြောင့် ဖြစ်လာတာမဟုတ်ဘူး။ ဆိုလိုတာက အိမ်လှေကားပေါ်ကပြုတ်ကျပြီး ခေါင်းထိသွားတာတို့ ဘာတို့ပေါ့။ ဒါပေမဲ့ အတွင်းထိခိုက်မှုတစ်ခုခုလောက်ဆိုရင်တော့ ဖြစ်လောက်တယ်"

"ဘာလဲ"

ဝေမာက ဝင်မေးတော့ . . .

"လင်းခ အခုရေးနေတဲ့ ဝတ္ထုအကြောင်းကို နင်တို့သိမှာပေါ့"

ထိုစကားကြောင့် အကုန်လုံး ငြိမ်သက်သွားလေသည်။ မိုးညာဆက်ပြော၏။

"လင်းခ အခုရေးနေတဲ့ဝတ္ထုက ဆိုက်ကိုမေထရီဖြစ်နေတဲ့ ကောင်လေးတစ်ယောက်အကြောင်းကို ရေးနေတာ။ အဲဒီဝတ္ထုကို တစ်ပတ်လောက် နေ့မအိပ်ညမအိပ်ရေးတယ်။ ပြီးတော့ အပြင်းဖျားပြီး နှစ်ရက်လောက် သတိလစ်သွားတယ်။ ဆေးရုံတင်ရတယ်။ အဲဒီအချိန်မှာ သူ့ခေါင်းထဲကို သူ့ဇာတ်ကောင်က ဝင်သွားတယ်ဆိုရင်ရော"

"ဘယ်လို . . ."

ဝေမာက မနေနိုင်စွာ ထမေးတော့ အကုန်လုံး မျက်လုံးပြူးကုန်ကြသည်။

"ခန္ဓာကိုယ်က အနားယူနေပေမဲ့ ဦးနှောက်က အလုပ်လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတာ နင်တို့ လက်ခံတယ်မလား”

“အေးလေ . . .”

“လင်းခလို စာရေးဆရာတစ်ယောက်အနေနဲ့ ခန္ဓာကိုယ်က အနားယူလိုက်ပေမဲ့ ဦးနှောက်က ဝတ္ထုကို ဆက်ရေးနေမှာပဲ။ ပြီးတော့ ဒီဝတ္ထုရေးဖို့အတွက် ဆိုက်ကိုသဘောတရားတွေ လင်းခအများကြီး လေ့လာထားတယ်။ အလုပ်ပင်ပန်းတဲ့ဒဏ်၊ အိပ်ရေးပျက်တဲ့ဒဏ်၊ ပြီးတော့ သူ့ဇာတ်ကောင်၊ နောက် သူလေ့လာထားတဲ့ ဆိုက်ကိုသဘောတွေက သတိလစ်သွားတဲ့အချိန်မှာ ဦးနှောက်အစိတ်အပိုင်းတစ်ခုကို ကြီးစိုးသွားတယ်ဆိုရင်ရော . . .”

အားလုံး ဆွံ့အသွားကြသည်။ တော်တော်နှင့် စကားမဆိုမိကြတော့ . . .

တအောင့်ကြာတော့ သူရက . . .

“နင်ပြောသလိုတွေးကြည့်ရင် ဖြစ်တော့ ဖြစ်နိုင်လောက်ပါတယ်။

စိတ်စွမ်းအင် မနောနယ်ပယ်တွေနဲ့ ပတ်သက်လို့ ယနေ့ခေတ် သိပ္ပံပညာရှင်တွေတောင် တိတိကျကျ မလေ့လာနိုင်သေးတာပဲ။ ဒါပေမဲ့ ဖြစ်နိုင်ချေ တော်တော်နည်းနေသလားလို့”

မိုးညာ ရေးရေးလေး ပြုံးမိသွားသည်။

“အိုကေ . . . အဲဒါဆို ငါမေးမယ်။ လင်းခ ဝတ္ထုရေးဖို့အတွက် စိတ်ငြိမ်အောင် အမြဲတမ်းဘာလုပ်လဲ”

ဒီတစ်ခါတော့ အားလုံး ဝိုင်းဖြေကြသည်။

“တရားထိုင်တယ်”

“ဟုတ်ပြီ။ အဲဒီ တရားထိုင်တာက ရှိပြီးသားစိတ်စွမ်းအင်ကို စနစ်တကျ မွေးမြူလေ့ကျင့်ပြီးသား ဖြစ်သွားတယ်ဆိုရင်ရော”

လုံးဝကို တိတ်သွားပေပြီ။ ဘာသံမျှမကြားရတော့။ မိုးညာ အများကြီးလေ့လာထားကြောင်း တွေ့ရသလို၊ သူမစကားတွေကလည်း



တစ်ထောင့်တစ်နေရာက တိကျနေသည်။ ပြီးတော့ . . .

တိတ်သွားသည်။

အချိန် ဘယ်လောက်ကြာသွားမှန်းပင် သတိမထားမိလိုက်။ အချိန်အတော်ကြာသွားသည်ဆိုတာတော့ သေချာသည်။ ပြီးတော့မှ အားမပါသော တိုးသဲ့သဲ့မေးခွန်းတစ်ခုက ဝေမှာ့ဆီမှ ထွက်လာ၏။

“ဒါဆို လင်းခဖြစ်နေတာက အနာဂါတ်ကြိုမြင်တဲ့ ဒုတိယအမျိုးအစားလား . . . တတိယအမျိုးအစားလား . . . ရှင်းရှင်းပြောရရင်ဟာ စိတ်ကို စနစ်တကျလေ့ကျင့်ထားလို့ အနာဂါတ်ကို ကြိုမြင်တာလား . . ဒါမှမဟုတ် ဆိုက်ကိုမေထရီလား . . .”

မိုးညာအသံတိတ်သွားသည်။ ဖြေရခက်သွားခြင်းလည်း ဖြစ်၏။ ပြီးတော့မှ တိုးရှရှအဖြေတစ်ခုက မသက်မသာလေး . . .

“မသိဘူး”



www.burmeseclassic.com

www.burmeseclassic.com

# V

မှတ်တိုင်ကျော်သွားပြီးကာမှ ကားကို နောက်ပြန်ဆုတ်လာခဲ့သည်။ ဒါတောင် မယ်မင်းကြီးမသုံးယောက်က ချက်ချင်းမမြင်။ ရှေ့တည့်တည့်ရောက်၍ ဟွန်းတီးလိုက်ပါမှ အများနှင့်ရောမြင်၏။

"ဟယ် . . . လင်းခ ဘယ်လဲ"

ဝေမာက တံခါးပေါက်ဘေးသို့ ခေါင်းပြူလာရင်း မေးသည်။ နောက်မှာ ဟေမာနှင့်ခင်လေးတို့နှစ်ဦးက ရပ်နေသည်။

"ဆိုင်သွားမလို့မဟုတ်လား။ လာ . . . ကားပေါ်တက်။ ငါ လိုက်ပို့ပေးမယ်"

သူ့စကားဆုံးတော့ သုံးယောက်လုံး ကားပေါ် အုယားဖားယား ပြေးတက်ကြ၏။ ကားပေါ်ရောက်ရောက်ချင်းပင် ဝေမာက . . .

"နင်ဘယ်သွားမလို့လဲ"

"မြို့ထဲဘက်ကို ကဗျာရွတ်ပွဲတစ်ပွဲ ဖိတ်ထားလို့"



"နင်ရွတ်ရမှာလား"

ဝေမာ့စကားကြောင့် ခေါင်းယမ်းလိုက်ရင်း. . .

"မဟုတ်ပါဘူး။ အသက်ကြီးကြီး ဆရာကြီးတွေ ရွတ်မှာ"

လင်းခစကားကို နားမလည်သလို ခင်လေးနှင့်ဟေမာက တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ခင်လေးကပင် . . .

"ကိုလင်းခစကားက ဘယ်လိုကြီးလဲ။ အသက်ကြီးကြီး ဆရာကြီးတွေ ရွတ်မှာဆိုတော့ အသက်ကြီးလို့ ဆရာကြီးဖြစ်နေတဲ့လူတွေ ရွတ်မှာလို့ ဆိုလိုတာလား"

ခင်လေးစကားကြောင့် ကားမောင်းလျက်မှပင် ပြုံးဖြစ်ပါသည်။

"ဘယ်ကလာ။ အသက်လည်းကြီးနေပြီ၊ အဲဒီကြီးနေတဲ့ အသက်နဲ့အညီ ကဗျာလောက၊ စာပေလောကမှာ လူတကာလေးစားရတဲ့ ဆရာဖြစ်နေတဲ့လူတွေ ရွတ်မှာကိုပြောတာ"

"ဩော် . . . မသိပါဘူး"

ခင်လေးမှတ်ချက်ဆုံးတော့ အတူထိုင်နေသော ဟေမာက . . .

"ဒါဆို ကိုလင်းခတို့လို အသက်ငယ်ငယ်ဆရာတွေ မရွတ်ရဘူးပေါ့"

"အဲလိုလည်း မဟုတ်ပါဘူး။ သူ့နေရာနဲ့သူပေါ့"

လင်းခပြောပြီး ရှေ့မှကားတစ်စီးကို အရှိန်တင်ကာ ကျော်ဖြတ်လိုက်သည်။ ပြီး အရှိန်တင်ကာ မောင်းနေဆဲမှာပင် . . .

"ဒါနဲ့ နေပါဦး။ နင်တို့သုံးယောက်က ဘယ်လိုဖြစ်လို့ မှတ်တိုင်မှာ ကားစောင့်နေရတာလဲ။ ဒီနေ့ မိုးညာ လာမကြိုဘူးလား"

မိုးညာနှင့်ဝေမာက နှစ်ယောက်ပေါင်းက Fashion ဆိုင်တစ်ဆိုင်ဖွင့်ထားခြင်းဖြစ်သည်။ ခင်လေးနှင့်ဟေမာက ဆိုင်ဝန်ထမ်းများဖြစ်သော်လည်း ညီမလေးတွေလိုပင် သူမတို့နှင့် တန်းတူအခွင့်အရေးပေးထား၏။ အရင်နေ့တွေဆိုလျှင် မိုးညာပင် ကြိုနေကျဖြစ်သည်။

ခင်လေးနှင့်ဟေမာမှာ အသက်ငယ်သည်ကတစ်ကြောင်း၊ သူ့



www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတွေကို ကြိုက်၍ လေးစားသည်ကတစ်ကြောင်းတို့ကြောင့် နာမည်ရှေ့တွင် 'ကို' တပ်၍ခေါ်ပြီး မိုးညာနှင့် ဝေမာမှာတော့ ရွယ်တူပင်ဖြစ်ကာ ငယ်ပေါင်းကြီးဖော်တွေလိုပင် နာမည်ရင်းကို အပိုအလိုမရှိခေါ်သည်။

သူရနှင့်ချမ်းငြိမ်းမှာ အထက်တန်းကျောင်းကတည်းက တွဲလာပြီး မိုးညာတို့အုပ်စုကတော့ စာရေးဆရာဖြစ်ပြီးမှ ခင်မိကြခြင်းဖြစ်ပါ၏။

လင်းခမေးခွန်းကြောင့် ဘေးမှာထိုင်နေသော ဝေမာက ခပ်တည်တည်ကြည့်ကာ . . .

"လင်းခ . . . နင် မသိချင်ယောင်ဆောင်နေတာတော့ မဟုတ်ပါဘူးနော်"

"ဘာလဲ . . ."

နားမလည်စွာ ပြန်မေးမိတော့ . . .

"မိုးညာ ဒီနေ့ လေယာဉ်ကွင်းသွားကြိုရတယ်လေ"

ထိုစကားကြားပါမှ သူ့မှတ်ဉာဏ်ကို နှလုံးသားက ခပ်ရေးရေးလေး လှုပ်ခတ်သွားပါ၏။ ပြီးတော့ သူ့ခန္ဓာကိုယ်ကို တစ်စုံတစ်ရာသော စိတ်ဓာတ်က နှိုးဆော်သည်။ နှုတ်မှလည်း မတိုးမကျယ်လေး ရေရွတ်မိသည်။

"သြော် . . ."

ရင်ထဲမှ ဆူးနစ်ကွဲရှသော ဝေဒနာတစ်ခုက စူးစူးအောင့်အောင့်ပေါ်လာသည်။ ဘာမှန်းမသိသော တစ်စုံတစ်ရာဆုံးရှုံးသွားတော့မလို ရင်ထဲမှာမကောင်း။

"အေးဟာ . . . ငါမေ့သွားတယ်"

အသက်မပါသော သူ့စကားဆုံးတော့ ဝေမာက . . .

"နှင့်ဦးနောက်က မိုးညာနဲ့ပတ်သက်ရင် အမြဲတမ်း ဒုတိယနေရာမှာချည်းပဲထားတယ်။ ဘယ်တော့ဖြစ်ဖြစ် ဦးစားပေး အလေးထားတယ် မရှိဘူး။ မိုးညာကသာ . . ."

ဝေမာက စကားကိုဆက်မပြောပဲ ရပ်လိုက်သည်။ ဒါပေမဲ့ဆို



လိုသည့်အဓိပ္ပာယ်ကို သူနားလည်ပါသည်။ သူ့မှာလည်း သူ့အကြောင်းနှင့်သူပင် မဟုတ်ပါလား။ စိတ်ကတင်းထားသည့်ကြားမှပင် ထိန်းကွပ်မှုလျော့နည်းစွာ နှုတ်က စကားအချို့ထွက်သွား၏။

"နင်တို့အားလုံး ငါ့ကို အားမရဖြစ်နေတယ်ဆိုတာ ငါနားလည်ပါတယ်။ ဒါပေမဲ့ အခုလောလောဆယ် ငါ့အခြေအနေကို ငါမယုံဘူး။ ပြီးတော့ ဆိုးဆိုးဝါးဝါး အိပ်မက်တွေကို ညတိုင်းလိုလို မက်နေတယ်"

ထိုစကားကြောင့် အကြည့်တွေ စုပြုံရောက်လာကာ . . .

"ဘာတွေလဲ"

ဝေမာက အလျင်စလိုမေးတော့ စိတ်မပါစွာ ခေါင်းကိုရမ်းရင်း

"ဘာတွေမှန်း မသိပါဘူးဟာ။ အိပ်မက်တွေက တစ်ခုနဲ့တစ်ခု အဆက်စပ်မဲ့နေတယ်။ ငါဘယ်လိုမှ ဆက်စပ်ကြည့်လို့မရဘူး"

ဝေမာနှင့်ဟေမာမှာ အံ့သြသွားကြသော်လည်း ခင်လေးကတော့ သိပ်အံ့သြဟန်မပြ။

"ကိုလင်းခ . . . ဘာကို ဆိုလိုတာလဲ"

သူ သက်ပြင်းတစ်ခုကို ခပ်လေးလေးချဖြစ်သည်။

"အိပ်မက်တွေကို ဆက်စပ်ကြည့်လို့ရတဲ့ တစ်နေ့ကျရင် ငါအားလုံးကို ပြောပြမှာပါ။ အခုလောလောဆယ်တော့ ငါဒါပဲ ပြောနိုင်သေးတယ်"

ဝေမာနှင့်ဟေမာက နှာခေါင်းရှုံ့သည်။ ခပ်တည်တည်ငြိမ်နေသော ခင်လေးက . . .

"အဲဒီအချိန်ရောက်ရင်လည်း မမမိုးညာက အိမ်ကပေးစားတဲ့လူနဲ့ လက်ထပ်ပြီးနေလောက်ပြီ။ ဒီနေ့တင် ဟိုလူကြီး နိုင်ငံခြားက ပြန်ရောက်လာပြီ"

"ဟုတ်တယ် လင်းခ။နင် အူလည်လည် မလုပ်နဲ့နော်"

အကုန်လုံးကို သူနားလည်ပါသည်။ ဒါပေမဲ့ . . .

မတတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် သူမောင်းလာသောကားလေးက မီးပွိုင့်တစ်ခုသို့ ခေါင်းထိုးဆိုက်သွားပါ၏။ ရှေ့မီးပွိုင့်တစ်ခုကျော်လျှင် သူမတို့ဆိုင်သို့ ရောက်ပြီဖြစ်သည်။

ထိုစဉ်မှာပင် . . .

"တီ . . ."

လင်းခ၏ဘောင်းဘီအိတ်ထဲမှ တစ်စုံတစ်ရာက အသံမြည်လာသည်။ လက်နှိုက်၍ ဆွဲထုတ်လိုက်ချိန်၌ပင် . . .

"တီ . . . တီ . . ."

နောက်ဘက်ဆီမှထွက်လာသော ကားဟွန်းသံတွေနှင့်အတူ ..

"လင်းခ . . . မီးစိမ်းနေပြီလေ"

ဝေမာ၏ အလျင်စလိုအသံနှင့်အတူ သူ မောင်းထွက်ခဲ့ပါတော့၏။ ဒါပေမဲ့ မျှော်လင့်မထားသော တစ်စုံတစ်ရာက ကားမောင်းထွက်ချိန်၌ပင် အစပြုတော့သည်။

ချက်ချင်း အသက်ရှူတွေကြပ်လာသည်။ ပြီးတော့ ခေါင်းထဲမှာ မိုက်ခနဲ တစ်ချက်ဖြစ်သွားသည်။ နောက် . . .

ကားက လမ်းကြောင်းမှန်သွားနေရာမှ ဘေးကို ဆတ်ခနဲချိုးကွေ့သွားတော့ . . .

"ဟဲ့ . . . လင်းခ . . ."

အလန့်တကြားအော်လိုက်သော ဝေမာ့အသံကြောင့် သတိကို ထိန်းလိုက်ရင်း ကားကို လမ်းကြောင်းပေါ် ပြန်တင်လိုက်သည်။ ဒါပေမဲ့ အသိတွေ ဝေဝါးနေပါပြီ။ သတိပင် တစ်ချက်တစ်ချက် လွှတ်သွားချင်သလို။

ဘာဖြစ်သွားတာလဲ။

လင်းခ ကိုယ့်ကိုယ်ကိုယ် သဘောပေါက်လိုက်ပါပြီ။ ကားကို သတိနှင့်ထိန်းရင်း မီးပွိုင့်ရှေ့သို့အရောက် . . .

ခေါင်းတစ်ခုလုံး စတီယာရင်ပေါ်သို့ ငိုက်ကျသွားစဉ်မှာပဲ . .



"လင်းခ . . . လင်းခ . . ."

"ဘာဖြစ်လို့လဲ ကိုလင်းခ"

ကားထဲတွင် ဆူဆူညံသွားသည်။ သူဘာမှမသိတော့ပါ။ လုံးဝကို လွှတ်သွားချေပြီ။ နောက် . . .

ကယောင်ချောက်ချားထွက်လာသော သူကိုယ်တိုင်မကြားရသည့် သူ၏ တထိတ်တလန့်အသံ။

"မီး . . . မီးတွေ . . . မီးတောက်ကြီးတွေ။ ဟာ . . . အများကြီး . . . အများကြီးပဲ"

"ဟင် . . ."

"အို . . ."

အကုန်လုံး သတိလွှတ်စွာ ငေးငိုင်သွားစဉ်မှာပဲ . . .

"တီတီ . . . တီ . . ."

"ပွမ် . . . ပွမ် . . ."

ကားဟွန်းသံတွေက တရစပ် ထွက်လာပါသည်။ မော့ကြည့်လိုက်တော့ မီးပွိုင့်က အစိမ်းရောင်သမ်းနေပြီ။

မတတ်နိုင်ပါ။ သူမတို့ကားမှာ ဦးဆောင်သူ မဲ့သွားပါပြီ။ မကြာခင်မှာပင် ကားတွေ တစ်စီးပြီးတစ်စီး နံဘေးမှ ဖြတ်ကျော်သွားကြတော့၏။

မီးပွိုင့်ရှေ့တည့်တည့်တွင် တုပ်တုပ်မျှမလှုပ်သော ကားလေးတစ်စီး၏ အတွင်းမှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

# VI

ကားကိုရပ်ပြီးပြီးချင်း လင်းခ ဆိုင်ဆီသို့ အပြေးသွားလိုက်သည်။ နောက်မှ ဝေမာ၊ ခင်လေးနှင့် ဟေမာတို့သုံးဦး ပြေးလိုက်လာပါ၏။

မိုးညာကားကို Parking တွင် တွေ့လိုက်ရကတည်းက လင်းခ တုန်လှုပ်လွန်းစွာ ဆိုင်ထဲသို့ ပြေးဝင်လာခြင်းဖြစ်သည်။ ဆိုင်ကို မိုးညာ ရောက်နေတာ သေချာသည်။ ဒါဆို . . .

အပြေးဝင်လာသော သူတို့ကို မိုးညာဆိုင်ထဲမှ ကြောင်ကာကြည့်နေသည်။ ဆိုင်ထဲသို့ ရောက်ရောက်ချင်းပင် ရှေ့ဆုံးမှပြေးဝင်လာသော လင်းခက . . .

"မိုးညာ . . . ရီမု . . . ရီမုရော . . ."



အလျင်စလိုနိုင်လွန်းစွာ ထွက်လာသည့် လင်းခ၏စကား။

ဖွင့်ထားသော TV ကိုကြည့်ရင်း ပြောသည်ကြောင့် လင်းခ၏ ပုံပန်းဟန်ပန်နှင့် မိုးညာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ အမှန်က TV ရီမုမှာ သူမလက်တွင်းတွင် ကိုင်ထားတာပါ။ ဒါပေမဲ့ ထူးဆန်းလွန်းသော အားလုံး၏ဟန်ပန်တွေကြောင့် . . .

"ရီမုရောလို့ . . ."

ဒုတိယမြောက် လင်းခ၏မေးသံအဆုံး . . .

"ဟဲ့ . . . နင့်လက်ထဲမှာလေ"

နောက်ဘက်မှထွက်လာသော ဝေမာ၏အသံ။ ထိုအသံနှင့် ရော၍ . . .

"TV . . . TV-7 ကို ပြောင်းလိုက်စမ်းပါ"

ရောထွေးမောဟိုက်စွာ ထွက်လာသော လင်းခစကားကြောင့် မိုးညာ ကြောင်တောင်တောင်နှင့် ရီမုကိုနှိပ်လိုက်သည်တွင် . . .

TV ဖန်သားပြင်၌ ပေါ်လာသည်ကား . . .

ကြောက်မက်ဖွယ် မီးလျှံတွေနှင့် မီးခိုးလုံးကြီးများ၊

စိုးထိတ်ပြေးလွှားနေကြသော မီးဘေးသင့်ပြည်သူတွေ၊

နောက် . . .

တစီစီအော်မြည်ရင်း ထိုးဆိုက်လာကြသော မီးသတ်ကားများ။

ဟုတ်ပါသည်။ သူတို့နေထိုင်ရာမြို့တော်၏ တစ်စိတ်တစ်နေရာမှာ ကြီးမားသော မီးလောင်မှုကြီးတစ်ခု ဖြစ်ပွားနေခဲ့ပါပြီ။

လင်းခတစ်ယောက် တိုက်ရိုက်ပြသနေသော အစီအစဉ်အား ကြည့်နေရင်းမှပင် အရုပ်ကြိုးပြတ် လဲကျသွားပါတော့၏။

ⳆⳆⳆ



www.burmeseclassic.com

www.burmeseclassic.com

# VII

"ဒီတစ်ခါတော့ ငါတို့ကိုယ်တွေ့ပဲ။ နင်တို့ လက်ခံသင့်ပြီ"

မိုးညာစကားကြောင့် TV ကိုကြည့်နေသော သူရနှင့် ချမ်းအေးက လှည့်ကြည့်သည်။ သူတို့ပုံစံက ဝေခွဲမရမှု အရိပ်အငွေ့တွေ ဝေသီလို့။

ဖုန်းဆက်ခေါ်လိုက်မှုကြောင့် သူတို့နှစ်ယောက် ရောက်လာကြခြင်းဖြစ်ပါ၏။ မီးငြိမ်းသွားပြီဖြစ်သော်လည်း တအူအူထွက်နေသော မီးခိုးငွေ့တွေကြားမှ ပျက်ဆီးဆုံးရှုံးမှု အကြွင်းအကျန်တွေနှင့် ထိခိုက်ဒဏ်ရာရမှုတွေက ပြည့်သိပ်နေသည်။

TV အား ကြည့်နေရင်းမှ ချမ်းအေးက တစ်ဖက်လှည့်ရင်း လေသံတိုးတိုးဖြင့် . . .

"လင်းခရော"



"အတွင်းခန်းမှာ လှဲနေတယ်"

ဆိုင်အတွင်းဘက် မေးငေါ့ပြရင်း ဟေမာကပြောသည်။

"သူ ဘာဖြစ်သွားသေးလဲ"

"အေးဆေးပါပဲ။ ဘာမျှမဖြစ်တော့ပါဘူး။ ပုံမှန်ဖြစ်သွားပါပြီ"

သူရက ခေါင်းတဆတ်ဆတ်ညိတ်သည်။ နောက် ဝေမာ့ကို လှမ်းကြည့်ရင်း . . .

"ငါတို့ကို အစအဆုံး တစ်ခေါက်လောက် ပြန်ပြောပြပါဦး။ လင်းခ ဘယ်လိုဘယ်လို စဖြစ်တာလဲ"

သူရအမေးကြောင့် ဝေမာက မီးပွိုင့်မိသည်မှစလို့ အားလုံးကို အသေးစိတ် ပြန်ပြောပြသည်။ စကားဆုံးတော့ . . .

"ဒီတစ်ခါ အိပ်မက်မက်တာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး"

တိတ်ဆိတ်သွားကြပါသည်။ အားလုံးက ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်ရင်း TV ဆီသို့သာ အာရုံရောက်နေကြသည်။ သူရနှင့်ချမ်းအေးကတော့ လက်ခံသည်၊ လက်မခံသည် လုံးဝမပြောပါ။

"ဘာလဲ . . .ဒီတစ်ခါလည်း လက်မခံချင်သေးဘူးလို့ ပြောချင်တာလား"

မိုးညာ၏ မာဆတ်ဆတ် ဘဝင်မကျသောအမေးကို ပြန်မဖြေပါ။ ဒါပေမဲ့ ခေါင်းတော့ ခပ်လေးလေးညိတ်ပြသည်။

"ဘာကြောင့်လဲ . . ."

ဝေမာက ဝင်မေးသည်။ သူမသည်လည်း ယခုကိုယ်တွေ့ ကြုံလိုက်ရတော့ လက်ခံရမလိုလို ဖြစ်နေပါ၏။

"ပထမအချက်ကတော့ လင်းခအခုဖြစ်နေတာက ဘာရောဂါမှန်း သေချာမသိတာပဲ။ အနာဂါတ်ကို ကြိုမြင်တာမှန်ပေမဲ့ ရောဂါတစ်မျိုးမျိုးရဲ့ ဆက်စပ်ရောဂါတစ်ခုလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ ရောဂါ ... တပ်ရခက်နေတယ်။

ဒုတိယအချက်ကတော့ မြန်မာနိုင်ငံအတိုင်းအတာမှာ စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com

စနစ်တကျမွေးမြူပြီး အနာဂါတ်ကို ကြိုတင်ဟောပြောသူတွေရှိပေမဲ့ မတော်တဆ လင်းခလိုဖြစ်သွားသူတွေ မရှိသလောက်ရှားတယ်"

"ဒါပေမဲ့ နိုင်ငံအတော်များများမှာ ရှိတာပဲလေ"

မိုးညာက အထွန့်တက်၏။

"ဟုတ်ပါတယ် . . .။ ဒါပေမဲ့ မတော်တဆဖြစ်ပုံချင်း မတူဘူး မလား"

မိုးညာဘက်ဆီမှ ပြန်ဖြေသံမကြားရ။ တိတ်ဆိတ်သွားသည်။

"တတိယအချက်ကတော့ ငါတို့က ယောက်ျားလေးတွေဖြစ်နေလို့ပဲ။ ယောက်ျားလေးအများစုက သူမှုးပြောတာတို့၊ ထင်ကြေးတို့ကို သိပ်ယုံတာ မဟုတ်ဘူး"

သူ့ရစကားဆုံးတော့ သူမတို့ဘက်မှ ပြောစရာစကားမရှိတော့ပါ။ ကိုယ်တွေ့မဟုတ်သေးသ၍ သူတို့ယုံကြည်ရန် ခဲယဉ်းနေဦးမည် မဟုတ်ပါလား။ ထိုစဉ်မှာပင် ဝေမာက . . .

"ဒါဆို ဘာရောဂါမှန်း သေချာသိရအောင် ဆရာဝန်ပြကြည့် ရင်ရော . . ."

ဒီအဆိုကိုတော့ အားလုံးက ဝိုင်း၍ ပယ်ချသည်။ မိုးညာမှာ ပထမဆုံးဖြစ်၏။

"ဒါကိုတော့ လင်းခလက်ခံမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ ဆရာဝန်ပြကြည့်လို့ ဆရာဝန်က ရောဂါတစ်ခုခု နာမည်တပ်လိုက်မှာကို စိုးရိမ်နေတယ်။ ဥပမာ ဆိုက်ကိုမေထရီဆိုပါတော့ ငါ့မှာ ဆိုက်ကိုမေထရီဖြစ်နေတယ်ဆိုတဲ့အသိကို လင်းခလက်မခံနိုင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီအသိက သူ့အရမ်းချစ်တဲ့အနုပညာကို နှောင့်ယှက်မှာမို့လို့ပဲ"

"ဒါဆို ငါတို့က ဘာဆက်လုပ်ရမှာလဲ"

အားလုံး တိတ်သွားကြသည်။ မည်သူ့ဆီကမျှ အသံထွက်မလာပါ။ ဒီလိုနှင့် တအောင့်ကြာသွားတော့ ဖျော့တော့တော့သက်ပြင်းချသံ



တစ်ခုနှဲ့အတူ မိုးညာဆီမှစကားသံက ပျံ့လွင့်စီးမျောကာလာသည်။

"ငါတို့လုပ်စရာ တစ်ခုပဲရှိတယ်။ အဲဒါက လင်းခကို စိတ်ချမ်းသာအောင်ထားပေးဖို့ပဲ"

ကန့်ကွက်သူမရှိသော်လည်း သူရနှင့်ချမ်းငြိမ်း တစ်ယောက်ကို တစ်ယောက်ကြည့်မိသည်။ ပြီးတော့ ဘာရယ်မဟုတ် နားထောင်သူအားလုံးကို ဝေ့ကြည့်ရင်းမှ ခင်လေးနှင့် အကြည့်ဆုံသည်။

သူတို့နှစ်ယောက် လက်ခံရန်မဖြစ်နိုင်သေးပါ။

ပြောပြလို့လည်း မရနိုင်သေး။

လက်မခံနိုင်ရသည့် အကြောင်းအရင်းတစ်ခုက သေသေချာချာကို ရှိနေသည်။

ဘာအကြောင်းလဲဆိုပါက . . .

အကြောင်းတစ်ခုခုဟုသာ ပြောရမည်ဖြစ်သည်။

ဘယ်လိုလဲ . . .။



www.burmeseclassic.com

www.burmeseclassic.com

## VIII

"သမီး . . . ဖေဖေတို့ဆီ ခဏလာပါဦး"

အိမ်ထဲဝင်ဝင်ချင်းမှာပင် ဖေဖေက လှမ်းခေါ်သည့်အတွက် မိုးညာ ဧည့်ခန်းတွင်းသို့ ဝင်သွားလိုက်သည်။ စားပွဲပေါ်တင်ထားသော ကော်ဖီပန်းကန်နှင့် မုန့်အချို့ကြောင့် မကြာခင် အိမ်ကိုဧည့်သည်လာသွားကြောင်း ရိပ်စားမိ၏။

ထင်သည့်အတိုင်းပင်။

"ခုန မောင်ဘုန်းခန့်ကျော်တို့သားအဖ လာသွားတယ်"

ထိုစကားက သူမသွေးခုန်နှုန်းကို ဆတ်ခနဲ တုန်သွားစေသည်။ ချက်ချင်းပင် ဖေဖေ့ကို မော့ကြည့်လိုက်တော့ . . .

"လာရင်းကိစ္စကတော့ သမီးသဘောပေါက်မှာပါ။ သမီးနဲ့ မောင်ဘုန်းခန့်ကျော်တို့ကိစ္စပဲ"



ဖေဖေက စကားကိုခဏရပ်၍ သူမကိုကြည့်သည်။ သူမရင်ထဲမှာ အလိုမကျမှုနှင့် စိတ်ပျက်မှုတို့ စုပြုံသွားရ၏။ တစ်နေ့လုံး စိတ်ရှုပ်စရာတွေနှင့် ကြုံလာပြီးသွားတာတောင် အားမရနိုင်သေး။ ကံကြမ္မာ ငြိုဟ်စီးက တော်တော်ညှဲ့နေသည်။

"သမီးဆန္ဒမှန်သမျှ ဖေဖေတို့ လိုက်လျောခဲ့တယ်နော်။ အခု လည်း ဖေဖေတို့ဆန္ဒကို သမီးလိုက်လျောလိမ့်မယ်လို့ ယုံတယ်။ ဖေဖေလက်ခံလိုက်ပြီ သမီး၊ စေ့စပ်ပွဲရက်ကို သူတို့ဘက်က သတ်မှတ်လိမ့်မယ်။ သမီးမငြင်းပါနဲ့"

ဖေဖေရယ်ဟုသာပြော၍ ငိုချလိုက်ချင်တော့သည်။ မိုးညာ စိတ်ကိုတစ်ချက်တင်းလိုက်ကာ အထွန့်တက်မိသည်။

"သမီးဘက်ကို နည်းနည်းလေးမျှ မကြည့်တော့ဘူးလား ဖေဖေ။ သမီး လွတ်လွတ်လပ်လပ် နေချင်သေးတယ်"

"သမီး နေခဲ့ပြီးပြီလေ။ သမီးအသက်အပိုင်းအခြားနဲ့တွက်ရင် အများကြီး လွတ်လပ်ခဲ့ပြီးပါပြီ။ ဒီတော့ ဖေဖေတို့သဘောအတိုင်းသာ လက်ခံပါတော့"

"မောင်ဘုန်းခန့်ကျော်ဟာ လူတော်တစ်ယောက်ပါသမီးရယ်။ အခုဆို ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးလောကမှာ နာမည်တစ်လုံးက ခိုင်နေပြီ။ အိမ်ထောင်ဖက်တစ်ယောက်အနေနဲ့ မောင်ဘုန်းခန့်ကျော်မှာ ငြင်းစရာ မရှိပါဘူး"

မေမေကပါ ဝင်ပြော၏။ သမီး သူ့ကိုမှ ချစ်လို့မရတာဟုပြောချင်သော်လည်း မပြောဖြစ်ခဲ့ပါ။ အမှန်ဆို ဒီအချိန် သူမ၌ ချစ်သူတစ်ဦးသာရှိခဲ့ပါက အခုလိုမျိုး ဖြစ်လာစရာမရှိပေ။ အခုတော့ . . .

စိတ်ထဲမှာ လင်းခမျက်နှာကိုမြင်ယောင်ရင်း မချင့်မရဲဖြစ်မိသည်။ ပြီးတော့ အလိုမကျလည်း ဖြစ်မိသည်။ ထိုစဉ် . . .

"ဖေဖေနဲ့သမီး သဘောတူထားတဲ့အတိုင်း မောင်ဘုန်းခန့်ကျော် ဒီတစ်ခေါက်ပြန်မလာခင်ထိ ဖေဖေ စောင့်ကြည့်ခဲ့တယ်နော်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

သမီးဘက်က စစ်မှန်တဲ့ချစ်သူတစ်ယောက် ဖေဖေ့ရှေ့ ခေါ်မလာနိုင်ခဲ့ဘူး။ ဒါကြောင့် အရင်ကတည်းက ကြောင်းလမ်းထားတဲ့စကားကို ဖေဖေဒီနေ့ အတည်ပြုလိုက်တာပဲ။ ဖေဖေတစ်ဖက်သတ် ဆုံးဖြတ်ခဲ့တာမဟုတ်ဘူးနော်။ သမီးနဲ့ သဘောတူညီမှုအတိုင်း လုပ်ခဲ့တာပါ”

ဟုတ်ပါ၏။ ဖေဖေ့ကိုလည်း အပြစ်တင်၍မရပါ။ အရင်တစ်ခေါက် စကားပြောဆိုပြီးကတည်းက ဖေဖေနှင့်သူမ သဘောတူညီမှုတစ်ခု ယူခဲ့ခြင်းဖြစ်သည်။ ပထမတစ်ခေါက် ဘုန်းခန့်ကျော်မိဘတွေနှင့် စကားပြောဆိုစဉ်က ဖေဖေတစ်ခါတည်း သဘောမတူခဲ့။ သူမသဘောကိုမေးဦးမည်ဟုဆိုကာ မယုတ်မလွန် ပြောဆိုခဲ့သည်။

တစ်ဖက်ကလည်း လက်ခံပါသည်။ ဒါပေမဲ့ သူတို့သား ဒီတစ်ခေါက် နိုင်ငံခြားမှပြန်လာလျှင်တော့ တိကျသောအဖြေတစ်ခုပေးရန် တောင်းဆိုထားသည်။

ဒီအတောအတွင်း သူမနှင့်ဖေဖေတို့၏ သဘောတူညီမှုက အလွန်ရိုးလွန်းပါသည်။ ငြင်းမည်ဆိုက စစ်မှန်သောချစ်သူတစ်ယောက် ဖေဖေ့ရှေ့သို့ခေါ်ပြနိုင်လျှင် ဖေဖေနှင့် ထိုချစ်သူကို စကားပြောဖို့တွေ့ပေးနိုင်လျှင် ငြင်းခွင့်ရှိသည်။ သို့မဟုတ်ပါက ငြင်းရန်မလို။

ချစ်သူကလည်း ရုပ်ရှင်ဗီဒီယိုတွေထဲကလို ခေတ္တခဏ ငှားရမ်းလို့မရ။ သေချာရမည်။ ဖြစ်နိုင်လျှင် တစ်ဘဝလုံးလက်တွဲဖို့ထိ တိကျနိုင်ရမည်။ သို့မှသာ . . .

ဖေဖေ့လိုလူမျိုးကိုလည်း အပေါစားနည်းနှင့် လိမ်လို့ရမည်မဟုတ်။ ထိုစဉ်ကတော့ ဘာရယ်မဟုတ် ပြီးပြီးရော လက်ခံလိုက်မိတာပါ။ အနည်းငယ်သော မျှော်လင့်ချက်လေးကို အားကိုးလို့ပေါ့။

ယခုတော့ . . .

အခန်းထဲရောက်တော့ မိုးညာမျက်ရည်ကျမိပါသည်။ မချစ်သောသူနှင့် ပေါင်းစည်းရမည်မို့ ဝမ်းနည်း၍ကျသော မျက်ရည်မဟုတ်။ ချစ်သောသူကို မချင့်မရဲစိတ်ဖြင့်ကျသော ခံပြင်းမျက်ရည်ပါ။



ပြီးတော့ သူမကိုယ်သူမလည်း မေးခွန်းတစ်ခု မေးမိသည်။

‘ကိုယ်ချစ်သောသူကို ချစ်တယ်လို့ပြောဖို့ တွန့်ဆုတ်ဝန်လေးတတ်သည့် ယောကျ်ားလေးမျိုး ရှိတတ်သလား’။

သူမ မသိ။

လင်းခ . . .

တွေဝေတွန့်ဆုတ်သူမဟုတ်တာတော့ သေချာသည်။ အကြောင်းကား သူ၏ဝတ္ထုပါဇာတ်ကောင်များက သက်သေခံသည်။

မိတ်ဆက်စာရေးရင်းမှတစ်ဆင့် သိကျွမ်းခဲ့ခြင်းဖြစ်သည်။ လင်းခအကြောင်းကို သူမသိသင့်သည်ထက်ပိုကာ သိသည်။ လင်းခသည် တွေဝေတွန့်ဆုတ်တတ်သူမဟုတ်။ သူ့ရဲ့ဘောကြောင်တတ်သူမဟုတ်။ သွေးနည်းသူမဟုတ်။ သွက်လက်သည်၊ ထက်မြက်သည်၊ ပြီးတော့ ရဲရင့်သည်။

အပြင်းထန်ဆုံး စိတ်ဓာတ်တစ်ခုက စိန်ခေါ်မှုတွေကို စိတ်ဝင်စားသည်။ ဒီလိုလူမျိုးတစ်ယောက်က ချစ်သောမိန်းကလေးတစ်ယောက်ကို ‘ချစ်တယ်’ လို့ မပြောရဲစရာရှိပါ့မလား။ မေးရန်မလိုပေ။

ဒါဆို ဘာကြောင့် . . .

သူမသည်လည်း လူကဲခတ်ညံ့လှသူမဟုတ်ပါ။

ဒါပေမဲ့ အခုလိုအခြေအနေမှာတောင် ဘာလို့ အေးဆေးနေရသနည်း။ အမှတ်မထင်ရလာသည့် ဆိုက်ကိုမေထရီကြောင့်လား။ သူမ မတွေးတတ်ပါ။

ထိုသို့အတွေးတွေဖြင့် မှိန်းကြပ်နေစဉ်မှာပင် ဖုန်းကမြည်လာသည်။ ဖွင့်ကြည့်လိုက်တော့ အမြဲတမ်း မှတ်မှတ်ရရရှိနေသည့် ဖုန်းနံပါတ်။

လင်းခ။

ဝမ်းသာသွားသည်လား၊ မချင့်မရဲဖြစ်သွားသည်လား မသေချာပေမဲ့ လက်က အလိုလို ဖွင့်မိသွားသည်။ ပြီးတော့ နားနားသို့ကပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

စဉ်မှာပင် . . .

"မိုးညာ . . . ငါ အိပ်မက်တွေကို ဆက်စပ်လို့ရသွားပြီ"

"ဟင် . . . "

ချက်ချင်းပင် စိတ်တို့ လှုပ်ရှားသွား၏။ မျှော်လင့်မထားသော အချိန်မှာ ထင်မှတ်မထားသောစကားကို ကြားလိုက်ရခြင်း။ လင်းခမှာလည်း အသံတွေ တုန်နေသည်။

"ငါ ညတိုင်းလိုလိုမက်နေတဲ့ ဟိုတစ်ကွက်၊ ဒီတစ်ကွက်အိပ်မက်တွေက တစ်ခုတည်းမဟုတ်ဘူး။ အိပ်မက်နှစ်ခု။ ဒုတိယအိပ်မက်ကိုတော့ ငါဆက်စပ်မကြည့်နိုင်သေးဘူး။ ပထမအိပ်မက်ကိုတော့ ဆက်စပ်လို့ရသွားပြီ"

"ဟုတ်လား . . . ။ ပြောပြစမ်းပါ"

သူမစကားတို့ မြန်နေသည်။ ထို့အတူ နှလုံးခုန်သံတွေကလည်း တဒုန်းဒုန်း။

"အိပ်မက်လို့ပြောရမှာတောင် ခက်တယ်။ ငါနဲ့ အရင်ဘဝက ပတ်သက်ဖူးသူတွေက သတိပေးတာလို့ပဲ ပြောရမှာပဲ"

"ဘယ်လို . . . "

မိုးညာ ကြောင်တက်တက် ဖြစ်သွားလေသည်။ တော်တော်လည်း အံ့ဩသွားသည်။

"ဒါနဲ့ နင့်ကိုငါ ဖြတ်မေးရဦးမယ်။ နင် သိုက်တို့၊ သိုက်ဆက်တို့ဆိုတာကို ယုံလား"

သူမ မျက်မှောင်ကြုတ်မိသွားပါသည်။ ပြီးတော့ နှုတ်မှ တိုးပြတ်ပြတ်စကားတစ်ခွန်းက တိတိကျကျ။

"သိုက်"



# IX

ပီကာဆို၏ ပန်းချီကားတစ်ချပ်တော့မဟုတ်ပါ။ ဒါပေမဲ့ ကားမှတ်တိုင်တစ်ခုဖြစ်သည်။ သူတို့ထိုင်နေရာဝိုင်းမှ ကားမှတ်တိုင်သို့ တိုးလျှို ပေါက် လှမ်းမြင်နေရ၏။

မနက်စောစောစီးစီး ချမ်းအေးနှင့်သူရ ပေါက်ချလာ၍ Breakfast လိုက်ကျွေးနေရခြင်းပါ။ မကျွေးမဖြစ် အနေအထားဆိုတော့လည်းလေ။ ဆိုင်လေး၏နာမည်မှာ 'tomorrow' ဖြစ်၏။

စောစောစီးစီးဆိုသော်လည်း အချိန်က (၈)နာရီထိုးတော့မည်။ သူတို့နှင့်ကပ်လျက်ဝိုင်းတွင်ကား ရုံးဝတ်စုံနှင့် မိန်းကလေးတစ်စု မုန့်စားနေကြသည်။ သူရနှင့်ချမ်းအေးက ထမင်းကြော်စား၍ သူကတော့ ဖုံးစုံ အတိုင်း မုန့်ဟင်းခါးသာစားဖြစ်သည်။ စားနေရင်းမှပင် ချမ်းအေးက ဆိုင်ရှေ့သို့ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီဆိုင်လေးက တော်တော်ကျက်သရေရှိတာပဲကွ။ ဒီအတိုင်းဆို ငါတို့ မနက်တိုင်း Breakfast လာစားမှနဲ့တူတယ်။

ချမ်းအေးစကားကို သဘောပေါက်ပါသည်။ ဆိုင်ရှေ့မကျတကျမှာက ကားမှတ်တိုင်ဖြစ်နေ၍ အလုပ်သွားသူ၊ ကျောင်းသွားသူ၊ သင်တန်းသွားသူ စသည့် အလွှာစုံ။ ဆိုက်ဆုံကောင်မလေးများ အပြိုင်အဆိုင်ကြွရှုနေကြသည်ကိုဆိုလိုခြင်းဖြစ်ပါ၏။ သူရကလည်း . . .

"ဒါကြောင့် ဒီကောင့်ဝတ္ထုတွေ လန်းနေတာကိုးကွ"

ဟု ရယ်ကျဲကျဲပြောပါသည်။ လင်းခ နှုတ်ခမ်းကို ခပ်မဲ့မဲ့ပြုံး၍သာ ခေါင်းညိတ်နေဖြစ်သည်။ ထိုစဉ်မှာပင် သူရက ကောင်မလေးတစ်ယောက်အား မေးငေါ့ပြရင်း . . .

"တော်တော်ယဉ်တယ်နော်။ ဆံပင်လည်း အရှည်ကြီးပဲ"

လင်းခ ကြည့်လိုက်မိပါသည်။ ဟုတ်၏။ သူရပြောသည်ထက်ပင် ကျက်သရေရှိနေသည်ကြောင့် . . .

"အင်း . . . တော်ဝင်မိန်းမ အမျိုးအစားပဲ"

သူ့စကားကို သူရက ခေါင်းညိတ်ကာ ထောက်ခံသည်။ ချမ်းအေးကလည်း ခပ်တည်တည်ခေါင်းညိတ်ရင်း . . .

"ဘာလဲ ဆံပင်ရှည်လို့ ပြောတာလား"

ချမ်းအေးစကားကြောင့် သူရက ပြူးကြောင်ကြောင်ကြည့်သည်။ အဓိပ္ပာယ်လွဲသွားမှုကြောင့် အမှတ်မထင်ကြည့်မိလိုက်သည့် အကြည့်မျိုး။ ပြီး ကောက်ခါငင်ကာပင် . . .

"ဘာကို ပြောတာလဲ"

သူရကမေးလိုက်တော့ ချမ်းအေးက ခပ်တည်တည်ပင်။

"ဆံပင်ရှည်လို့ တော်ဝင်မိန်းမအမျိုးအစားလို့ ပြောတာလားမေးတာ"

သူရက ပြန်မဖြေပဲ လင်းခကိုကြည့်သည်။ လင်းခ နားလည်လိုက်ပါသည်။ ချမ်းအေးမှ မသိသေးတာပဲ။



"ဟုတ်သားပဲ။ ချမ်းအေးမှ ငါ့စာမူကို မဖတ်ရသေးတာ။ မိန်းမသုံးမျိုးကို ဘယ်လိုလုပ်သိမှာလဲ"

"ဘာ . . ."

အံ့သြသံဖြင့် ကျယ်သွားသူက ချမ်းအေး။ သူထင်တာမဟုတ်၍ အံ့သြသွားခြင်းဖြစ်သလို မိန်းမသုံးမျိုးဆို၍ စိတ်ဝင်စားသွားသံလည်း ပါသည်။ မပြောလည်း ရမှာမဟုတ်သည်မို့ သူရကိုကြည့်မိလိုက်စဉ်မှာပဲ သူရက . . .

"မင်းရေးထားတာ မင်းပဲပြောပြလိုက်"

ဟူသည့် ပုံစံမျိုး မျက်လုံးပင့်ကာ မေးဆတ်ပြသည်။ မတတ်နိုင်တော့ပါ။ သူက စမိလိုက်သည်ကိုး။ ချမ်းအေးကတော့ ဂနာမငြိမ်ဖြစ်နေပါပြီ။

"ဟေ့ကောင် . . . လုပ်လေကွာ။ ဘယ်လိုမိန်းမသုံးမျိုးလဲ"

သိချင်စိတ်တို့ မဖုံးနိုင်မဖိနိုင်သော အသံကြီးက အလျှင်စလိုထွက်လာသည်မို့ လင်းခ လက်တစ်ချက်ကာပြလိုက်သည်။ ပြီးတော့မှ ဆေးလိပ်တစ်လိပ်ကို မီးကောက်ညှိကာ . . .

"ဒီလိုရှိတယ်ကွ။ မိန်းကလေးတွေရဲ့ အပြင်ပန်းပုံသဏ္ဍာန်ကို ကြည့်ပြီး အကြမ်းဖျင်းခွဲခြားနည်းပေါ့။ မိန်းမတွေမှာ တော်ဝင်မိန်းမ၊ သာမန်မိန်းမနဲ့၊ အညံ့စားမိန်းမဆိုပြီးတော့ (၃)မျိုးရှိတယ်။ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို နှစ်ပိုင်းပိုင်းကြည့်လိုက်ကွာ။ တင်ပါးဆုံရိုးရဲ့အထက်ပိုင်းကို အပေါ်ပိုင်းလို့သတ်မှတ်ပြီး အောက်ခြေပိုင်းကို အောက်ပိုင်းလို့သတ်မှတ်လိုက်။ အပေါ်ပိုင်းထက် အောက်ပိုင်းဟာရှည်နေရင် အကြမ်းဖျင်းအားဖြင့် အဲဒါ တော်ဝင်မိန်းမပဲ။ လွယ်လွယ်ပြောရရင်တော့ ခါးတိုပြီး အောက်ပိုင်းရှည်ရမယ်ပေါ့"

သူ့စကားကြောင့် ချမ်းအေး တွေဝေသွားသည်။ ခုန ဆံပင်ရှည်နှင့်တစ်ယောက်အား တော်ဝင်မိန်းမဟုတ်မဟုတ် ဆန်းစစ်နေသည် ထင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"အများစုကတော့ သာမန်မိန်းမတွေပဲ များပါတယ်။ သာမန်မိန်းမဆိုတာ အပေါ်ပိုင်းနဲ့အောက်ပိုင်း အတူတူပဲ။ ဘယ်အပိုင်းမှ ပိုမရှည်ဘူး။ အဲ . . . အပေါ်ပိုင်းထက် အောက်ပိုင်းက တိုနေတယ်ဆိုရင်တော့ အဲဒါ အညံ့စားမိန်းမပဲ။ အဲလိုမိန်းမမျိုးက ရှားလည်းရှားတယ်။ တွေ့ရင်လည်း အတတ်နိုင်ဆုံးရှောင်"

"ဘာဖြစ်လို့လဲ"

"ငါ မပြောချင်ဘူးကွာ။ ရှောင်ရမယ်ဆိုတာပဲ မှတ်ထားလိုက်"

ချမ်းအေးက ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူရကတော့ သိပြီးသားမို့ ခပ်တည်တည်ပင်ရှိနေပါ၏။ ပြီးတော့ သိချင်သည်ထင်ရသည့် မေးခွန်းတစ်ခုအား ချမ်းအေးကမေးသည်။

"ဒါဆို တော်ဝင်မိန်းမဟာ အကောင်းဆုံးပေါ့။ သူက ဘယ်လို အရည်အချင်းတွေရှိလဲ"

"ပြောရရင်တော့ အများကြီးပဲ။ ဒါပေမဲ့ တိုတိုနဲ့လိုရင်းပြောရရင် မိန်းကလေးတွေလုပ်နိုင်သမျှ အရာအားလုံးကို စွမ်းရည်အမြင့်ဆုံး လုပ်နိုင်တယ်။ မလုပ်ရင်သာနေမယ်။ လုပ်နိုင်တဲ့စွမ်းရည် သူ့မှာရှိတယ်။ အလုပ်ကိစ္စ၊ အလှအပ၊ ဆက်ဆံမှု အားလုံးပေါ့ကွာ။ အပွင့်လင်းဆုံးပြောရရင် လိင်ကိစ္စမှာတောင် တော်ဝင်မိန်းမတွေက စိတ်ကျေနပ်မှု အကောင်းဆုံးပေးဆပ်နိုင်တယ်။ ဒါ အကြမ်းဖျင်းပြောတာပါ"

ချမ်းအေး စိတ်ဝင်စားသွားပါသည်။ အနည်းငယ်လည်း မျက်မှောင်ကြုတ်သွား၏။ ပြီး ချက်ချင်းပင် . . .

"ဒါဆို သာမန်မိန်းမတွေကရော . . ."

"သူတို့ကတော့ အစစအရာရာ သာမန်ပေါ့"

"ဪ . . ."

ချမ်းအေးက မသိရသေးသော အကြောင်းတစ်ခုကို သိလိုက်ရသလို လေးလေးနက်နက် ခေါင်းညိတ်သည်။ ပြီးတော့ လင်းခနှင့်သူရအား ခပ်တည်တည်ကြည့်ရင်း . . .



"ဒါဆို တော်ဝင်မိန်းမကို ရှာရမှာပေါ့"

"ဒါပေါ့ . . ."

သူရကဖြေကာ သူကတော့ လက်မထောင်ပြလိုက်သည်။ ပြီးတော့ သုံးယောက်သား ခပ်ဟဟရယ်ဖြစ်ကြ၏။ ရယ်လို့မှမဆုံးသေးခင်မှာပင် စစ်ပွဲတစ်ခု၏ သွေးညှီနံ့လိုလိုကို ရှူရှိုက်မိလိုက်သည်။ စိတ်ထဲထင့်ခနဲဖြစ်သွားပါ၏။ ထိုစဉ် . . .

"သနားပါတယ်ဟယ်။ ငယ်ငယ်ရွယ်ရွယ်လေးတွေနဲ့ အခုလိုဖြစ်သွားတာ"

"အေးဟာ . . . ရုပ်လေးတွေက သနားကမားနဲ့ မထင်ရဘူး"

"နင်ကလည်း ဒါမျိုးအရူးတွေက သာမန်လူတွေနဲ့ ဘာမှသိပ်မကွာဘူး။ အားလုံး အတူတူပဲ။ စိတ်ဖောက်လာမှသာ သိရတာ"

"ဟယ် . . . ဟုတ်လား"

တွန့်ခနဲ ဖြစ်သွားမိသည်။ သူရနှင့် ချမ်းအေးမှာလည်း ထိုအတိုင်း။ သူတို့နှင့်ကပ်လျက်ဝိုင်းမှ ထွက်လာခြင်းပါ။

"ကျွတ် . . . မေမေမွေးတုန်းက အကောင်းလေးပါဟယ်။ ဖေဖေ ဘရက်ပစ်လည်း ဒီသတင်းကြားရင် စိတ်ကောင်းမှာမဟုတ်ဘူး။ သူ့ခများ အချိန်ပြည့် ရုပ်ရှင်ရိုက်နေရတာ"

ပြီး တစ်အုပ်စုလုံး ဝါးခနဲ ထရယ်သည်။ လင်းခ မွေးညင်းပေါက်တွေ ဆတ်ခနဲကျဉ်သွားသည်။ (ကြက်သီးထသွားတာကို ဆိုလိုတာပါ) ဒါပေမဲ့ ဘယ်သူ့ကို ဦးတည်နေမှန်း မသေချာ၍ လှည့်မကြည့်သေး။

သူရနှင့်က မျက်နှာချင်းဆိုင်ဖြစ်ပြီး သူနှင့်ချမ်းအေးမှာ ကျောပေးထားလျက်ဖြစ်သည်။ သူရကိုလှမ်းကြည့်တော့ သဘောပေါက်တယ်ဟူသောပုံစံမျိုးဖြင့် မသိမသာရှိုးနေသည်။ သူနှင့်ချမ်းအေးမှာတော့ ကျောပေးထားလျက်မို့ မလှုးသာမလွန့်သာ။

"နင်တို့ကလည်းဟယ် . . . အဲလောက်အခြေအနေဆိုးမယ် မထင်သေးပါဘူး။ ဝတ်ပုံစားပုံကိုကြည့်ပါလား။ ဟိုတစ်ယောက်ဆို လုံးဝ



www.burmeseclassic.com

www.burmeseclassic.com

Gent ပဲ"

သူရ ဆတ်ခနဲတွန့်သွား၏။ အလုပ်ထဲသွားရမည်မို့ သပ်သပ်ရပ်ရပ်ဝတ်လာသည် မဟုတ်ပါလား။ အပေါ်က အင်္ကျီအဖြူလက်ရှည်၊ အောက်က စတိုင်ပင်န်အမည်းကို ဟတ်ဖ်ရှူးတစ်ရံနှင့် တွဲစီးထား၏။ သူရကိုဦးတည်ကာ ပြောနေခြင်းဖြစ်သည်။

"ဟုတ်တယ်နော်။ ဒါပေမဲ့ နောက်နှစ်ယောက်ကတော့ ကလေးစိတ် မကုန်သေးဘူးနဲ့တူတယ်။ ဘောင်းဘီတိုလေးတွေနဲ့"

လင်းခနှင့်ချမ်းအေး နှစ်ယောက်လုံး ပေါ့ပေါ့ပါးပါး ကွာတားကိုယ်စီဝတ်ထားကြတာပါ။

"ဆိုးတော့ မဆိုးဘူးဟနော်။ ဝေဒနာကို ရှုပါနဲ့ ဖုံးထားနိုင်တယ်"

ချွန်ရှုးရှုးအသံတစ်သံက ထပ်ထွက်လာသည်။ သုံးယောက်သားတစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားသည်။ စွေဝေစရာမလိုတော့။ သူတို့သုံးယောက်ကို ပြောနေခြင်းဆိုတာ သေချာသွားပြီ။ ထိုအနိုက် ကျီးကန်းအစာနင်သလို အစ်တစ်တစ် အသံဆိုးတစ်ခုက ထပ်မံ၍ . . .

"ခုနပြောတဲ့စကားအတိုင်း ပြန်ပြောရရင်တော့ တော်ဝင်အရူးတွေပေါ့"

သဘောပေါက်လိုက်ပြီ။ သူတို့ပြောနေသော မိန်းမသုံးမျိုးကို သေချာနားထောင်ပြီး ယနုလို တိုက်နိုက်ခြင်းပါ။ ဆတ်ခနဲ လင်းခလှည့်ကြည့်လိုက်တော့ . . .

"ဩ . . ."

"ဂူး . . ."

"ဟဲတော့ . . . ရယ်ရတယ်။ ဟီး ဟီး"

"ခစ်ခစ် . . . ခစ်ခစ်"

သူ့ကို မျက်လုံးပြူးသူကပြူး၊ လျှာထုတ်သူကထုတ်၊ ကလေးတွေ သရဲခြောက်သည့်ပုံစံ လုပ်သူကလုပ်နှင့် ဝိုင်းဟားကြသည်။ နည်း[illegible]သွားရသလို ရင်ထဲမှ မာနတစ်ခုကလည်း ရှန်းကြွသွား၏။



သူတို့က သုံးယောက်၊ တစ်ဖက်က ငါးယောက်။

အလုပ်သွားမည့်သူတွေလား၊ ကျောင်းသွားမည့်သူတွေလားမသိ။ ရေများရေနိုင်၊ မီးများမီးနိုင်ဟူသည် ဒီဘက်ခေတ်၏ အထာတစ်ခုဆိုပေမဲ့ လင်းခ လက်မခံနိုင်ပါ။ သူရနှင့်ချမ်းအေးကိုကြည့်မိတော့ ဘယ်လိုလဲဟူသည့်သဘော မျက်လုံးပင့်ပြသည်။

လင်းခ မျက်စိတစ်ဖက် မှိတ်ပြလိုက်ပါသည်။ ပြီးတော့ ထိုင်နေရာမှ ဆတ်ခနဲ . . .

"ဟော့ကောင် . . . ဘယ်လဲ"

သူရက အလျင်စလိုမေးတော့ . . .

"ဇ . . .တွေပြပြီ"

ညီပါသည်။ သူ့စကားကို သူရက ပခုံးတွန့်ပြပြီး ချမ်းအေးက လမ်းဖယ်ပေးသည်။ မင်းအရင်ဖိုက်ကြည့်ဆိုသည့်သဘော။

"ဟယ် . . . ထလာပြီတော့"

အလန့်တကြား အသံသေးသေးလေးတစ်ခု။ လင်းခ မမှုတော့ပါ။ ပဋ္ဌလက်ကွက်တွေပြမည့် မျက်လှည့်ဆရာတစ်ယောက်လို လင်းခမျက်နှာက လျှို့ဝှက်နေပါပြီ။ ပြီးတော့ . . .

"ခဏထိုင်မယ်နော်"

"မထိုင်ပါနဲ့"

ဘယ်သူမှန်းမသိသော စွာတာတာအသံလေးတစ်ခု ထွက်လာသည်ကြောင့် . . .

"အိုကေ . . . အကြာကြီးထိုင်မယ်"

"အန် . . ."

သူမစကားနှင့်သူမ ပိတ်မိသွားခဲ့သည်။ လင်းခကတော့ အေးဆေးပါသည်။ ခပ်တည်တည်ပင် ခုံလွတ်တစ်လုံးဆွဲ၍ ဝင်ထိုင်လိုက်ပြီး–

"မင်းတို့ ဆစ်ဂမန်ဖရွိုက်ဆိုတာသိလား"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားကြောင့် အားလုံးက 'ဘာ[illegible]' [illegible]
သဘော ဝိုင်းကြည့်ကာ . . .

"မသိဘူး။ မုန့်ရောင်းတဲ့ဈေးသည်လား"

ကပ်လျက်မှထွက်လာသည့် အသံကြောင့် ဒိုင်းခနဲ ပိတ်ကြည့်ပစ်လိုက်သည်။ မချော ဝဲခနဲပြာသွားကာ ချက်ချင်း ဇက်ပုဝင်သွား၏။ သူ မဲ့ပြုံးတစ်ခုကို မပီမသပြုံးလိုက်ရင်း . . .

"မဟုတ်ဘူး . . . ဆစ်ဂမန်ဖရွိုက်ဆိုတာ စိတ်မူမမှန်တဲ့ စိတ္တဇလူနာတွေကို စမ်းသပ်လေ့လာပြီး ဆိုက်ကိုနဲလစ်စစ် (Psychoanalysis) လို့ခေါ်တဲ့ စိတ်ခွဲပညာ သဘောတရားကို စတင်အုတ်မြစ်ချပေးခဲ့တဲ့လူပဲ"

"ကျွန်မတို့နဲ့ ဆိုင်လို့လား"

"ငါတစ်ခု စဉ်းစားမိတယ်ကွ။ ဆစ်ဂမန်ဖရွိုက်သာ အခုဒီနေရာမှာရှိနေရင် နောက်ထပ် စိတ်ပညာနဲ့ပတ်သက်တဲ့ တန်ဖိုးကြီးပညာရပ်တွေ ထပ်မံတွေ့ရှိသွားနိုင်တယ်"

စကား၏အဓိပ္ပာယ်ကို သေချာမစဉ်းစားပဲ တစ်ယောက်က . .

"ဟုတ်ကဲ့ . . . ကျွန်မတို့ သွားတွေ့လိုက်ပါ့မယ်။ လိပ်စာသာပေးခဲ့ပါ"

မှင်စာလို ပုပုသေးသေးတစ်ယောက်က မထီမဲ့မြင် ဝင်ပြောသည်။ ထိုတစ်ယောက်မှာ တော်တော်ကြည့်ရဆိုးပါ၏။ ပုပုလုံးလုံးနှင့် မျက်နှာကလည်း နေလောင်ခရမ်းသီးလို ရှိတွဲတွဲဖြစ်သည်။

"အင်း . . . ကျွန်တော်ပေးလိုက်ပါ့မယ်။ ဒါပေမဲ့ သေချာသွားဖြစ်အောင်တော့ သွားနော်။ ဆစ်ဂမန်ဖရွိုက်က အခု တမလွန်မြို့၊ သချိုင်းရပ်ကွက်၊ သုသာန်လမ်းမှာ နေပါတယ်"

"ဘာရှင့် . . ."

မှင်စာလေး ပေါက်ကွဲသွားသည်။ ပုသေးသေးနှင့် ထိုင်ရာမှ ခါးထောက်အော်လိုက်ပုံက ဖားပြုတ်တစ်ကောင် မာန်ဖီနေတာနှင့်ပင် တူ



[illegible] ပြီးမှ စကားကို သဘောပေါက်သွားပုံရကာ မှင်စာသားမှတစ်ယောက်က . . .

"ရှင်က စိတ်ပညာနဲ့ ကျောင်းပြီးထားတာလား"

ဒါကိုပင် နောက်တစ်ယောက်က မြန်မာပီသစွာ . . .

"အရူးတွေတတ်တဲ့မေဂျာနဲ့ ပြီးထားတာလားလို့ မေးတာမဟုတ်ဘူး"

လင်းခ ကြေကွဲသွားမိသည်။ နောက် ခေါင်းကိုတစ်ချက်ခါယမ်းရင်း . . .

"ကမ္ဘာ့အတော်ဆုံး သိပ္ပံပညာရှင်တွေတောင် လက်မှိုင်ချထားတဲ့မေဂျာနဲ့ ကျောင်းပြီးထားတာပါ"

စကားက အနည်းငယ် ထူးဆန်းသွားသည်ထင်သည်။ တစ်ယောက်ကိုတစ်ယောက် နားမလည်စွာကြည့်၍ ကိုယ်စီ ခေါင်းယမ်းကြသည်။ ဒါပေမဲ့ သွက်ပုံရသော မှင်စာသေးမှတစ်ယောက်ကပင် . . .

"ကမ္ဘာ့အတော်ဆုံး သိပ္ပံပညာရှင်တွေတောင် လက်မှိုင်ချရတဲ့မေဂျာဆိုတော့ ဘာမေဂျာလဲ"

"Psychology"

"ငကြောင်ပဲ"

"ပေါ်ရဲလိုက်တာ"

မှတ်ချက်သံတွေ ဆူညံသွားပါ၏။ လင်းခ ခပ်ထေ့ထေ့တစ်ချက်ပြုံးလိုက်ပါသည်။

"စိတ်ပညာဆိုတာ သိပ္ပံနည်းကျ ပညာရပ်တစ်ခု ဖြစ်လာပြီဆိုပေမဲ့ စမ်းသပ်နည်းသက်သက်နဲ့ ဘယ်လိုမှ လေ့လာလို့မရသေးတဲ့ စိတ်ဖြစ်စဉ်တွေ အများကြီးရှိနေသေးတယ်ဆိုတာ မင်းတို့ယုံလား"

တစ်ယောက်ဆီကမှ အသံထွက်မလာ။

"ထားပါ . . . ။ ငါ အခုကပြောချင်တာ အဲဒါမဟုတ်ဘူး။ ငါဒီဝိုင်းရောက်လာတာလည်း မင်းတို့နဲ့ ငြင်းခုန်ဖို့မဟုတ်ဘူး။ အခုက



www.burmeseclassic.com

www.burmeseclassic.com

ပြောချင်တာက အရောင် (colour) တွေအကြောင်း ပြောချင်လို့"

စကားဆုံးတော့ သူ့ထံသို့အကြည့်တွေ စုပြုံဝင်ရောက်လာသည်။ ဒီအကြည့်တွေကလည်း သူ၏ ပထမဆုံးပြောစကားအပြီး ဝိုင်းကြည့်ကြတဲ့ အကြည့်မျိုးတွေပင်။

"ကိုယ်တွင်းမှာဖြစ်ပျက်နေတဲ့ စိတ်အာရုံ (သဏ္ဍာန်) ကိုလိုက်ပြီးတော့ ခန္ဓာကိုယ်ပြင်ပ တစ်ပေအကွာလောက်မှာ အရောင်တွေထွက်နေတတ်တယ်။ ခန္ဓာရောင်ခြည်ပေါ့။ အင်္ဂလိပ်လို (အော်ရာ)လို့ခေါ်တယ်။ ဥပမာကွာ ဘုရားသခင်ကို သေချာအာရုံညွတ်ပြီး ကြည်ညိုနေတဲ့ လူတစ်ယောက်ဆိုပါစို့။ သူ့ရဲ့ဘေးမှာ လူရဲ့ပုံသဏ္ဍာန်အတိုင်း ညိုပြာပြာအရောင်ကလေးပတ်နေတယ်။ မင်းရဲ့ဘေးမှာတော့ နီပုပ်ပုပ်အရောင်ကြီးက မညီမညာ လှိုင်းတွန့်ကြီးတွေနဲ့"

မင်စာလေးကို လက်ညှိုးထိုးပြီးပြောလိုက်တော့ မျက်လုံးပြူးသွားပါသည်။ လန့်လည်းလန့်သွားရသည်။ အလန့်တကြား သူမကိုယ်သူမ ငုံ့ကြည့်၏။

"အဲဒါ ဘာဖြစ်လို့လဲဆိုတော့ မင်းငါ့ကို အကြီးအကျယ် ဒေါသထွက်နေလို့။ မင်းဘေးမှာတော့ ဆူးပုပ်ရောင်တောက်နေတယ်။ ဒါ မာနကြီးတဲ့လူတွေဆီမှာ ရှိတတ်တဲ့ အရောင်ပဲ"

ရှေ့တည့်တည့်မှ ကောင်မလေးကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။ ထိုကောင်မလေးက ငါးယောက်ထဲတွင် ကြည့်အကောင်းဆုံးဖြစ်သည်။ ပြီးတော့ တစ်ခွန်းတစ်လေမှ ဝင်မပြောပဲ နှုတ်ဆိတ်နေသူလည်းဖြစ်သည်။ ထိုကောင်မလေးအား ခပ်တည်တည် တစ်ချက်ကြည့်ရင်း စကားဆက်လိုက်ပါ၏။

"ခုန ဟိုဘက်ဝိုင်းမှာထိုင်နေတုန်း ငါ့ဘေးမှာ အနီရောင်လှိုင်းရဲရဲလေးတွေကို တွေ့လိုက်ရတယ်။ အဲဒါ တစ်ယောက်ယောက်ကို မေတ္တာထားချင်လို့ပဲဖြစ်ဖြစ်၊ မေတ္တာထားနေလို့ပဲဖြစ်ဖြစ် ပေါ်လာတတ်တဲ့အရောင်ပဲ။ အဲဒါကြောင့်မို့လို့ ငါ ဒီဘက်ဝိုင်းကို ကူးလာတာ။ မင်းတို့ငါးယောက်



မှာ ဘယ်သူ့ခန္ဓာကိုယ်ကများ ငါ့လို အနီရောင်လေးထွက်လာမလဲလို့။ ငါပြောတာ သဘောပေါက်လားမသိဘူး"

လင်းခစကားကြောင့် အားလုံး ခါးတွေမတ်သွားသည်။ စကားတွေ အများကြီးပြောနေခြင်း၏ ရည်ရွယ်ချက်ကိုလည်း သဘောပေါက်သွားပုံရသည်။ ထိုအခိုက် ချက်ချင်းပင် . . .

"အဲ . . . ငါကတော့ နီပုပ်ပုပ်အရောင်ကြီးဆိုတော့ မဆိုင်တော့ဘူး။ သွားတော့မယ်"

မင်စာက ကပျာကယာ ထရပ်သည်။ သူ့ရုပ်သူ့ပုံစံနှင့် ကြောက်ခမန်းလိလိ စိုးရိမ်ပြနေသည်ကိုကြည့်၍ လင်းခကိုယ့်ကိုယ်ကိုယ်ပင် ဝမ်းနည်းသွားရသည်။

"ဟဲ့ . . . ငါတို့လည်းလိုက်မယ်။ ဘာအရောင်မှမထွက်ခင် သွားမှ"

"အေး . . . အသည်းယားစရာကြီး။ ကြက်သီးတောင်ထလာပြီ"

မကြာလိုက်ပါ။ စားပွဲဝိုင်းဆီမှ အလျင်စလို လှုပ်ရှားသံတွေ ဆူညံသွားတော့သည်။ သူရနှင့်ချမ်းအေးကို လှည့်ကြည့်တော့ အားပါးတရပြုံးရင်း လက်မထောင်ပြ၏။ လင်းခ ပခုံးတစ်ချက် အလိုလိုတွန့်သွားသည်။ ပါးပါးလေးပါ။ တကယ့်ကို ပါးပါးလေး။

အကုန်လုံးထသွားတော့မှ လင်းခလည်း မူလနေရာဆီ ပြန်လာထိုင်သည်။ တအောင့်ကြာတော့ . . .

"လစ်တော့မယ်ကွာ။ ဖားသားကြီးအရင် အလုပ်ထဲကြိုရောက်နေမှရမှာ"

သူရသည် ဖခင်ဖြစ်သူ၏ ဆောက်လုပ်ရေးလုပ်ငန်းထဲတွင် ဝင်ရောက်လုပ်ကိုင်နေရသူဖြစ်၏။ လင်းခ ခေါင်းညိတ်လိုက်ကာ ချမ်းအေးကို . . .

"မင်းကရော . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့တော့ ဘယ်မှသွားစရာမရှိဘူး။ အိမ်ပြန်ရုံပဲ"

နောက် စားပွဲထိုးကိုခေါ်၍ ပိုက်ဆံရှင်းပြီးချိန်၌ ချမ်းအေးက သူ့ကိုသေချာကြည့်ကာ . . .

"လင်းခ . . . မင်းမှာ အချိန်သိပ်မရှိတော့ဘူးနော်"

မျက်လုံးတို့ တည်တံ့သွားသည်။ ချမ်းအေးဘာကိုဆိုလိုမှန်း နားလည်လိုက်ပါသည်။

"ငါသိတယ်။ ဒါပေမဲ့ ဦးနှောက်ထဲမှာ လွန်ဆွဲနေလို့"

"ဘာကိုလဲ"

" True (or) False "

ပြောသူနှင့် နားထောင်သူ သုံးဦးစလုံး တည်တံ့သွားလေပြီ။ စကားအသွားအလာက ခုနနှင့် ဘာမျှမဆိုင်တော့။ ထိုစဉ် သူရက . . .

"အခုချိန်မှာ ဘာဆက်လုပ်သင့်လဲ။ ငါတို့ထက် မင်းက ပိုသိမှာပါ"

ထိုစကားက သူ့နားထဲသို့ တသွင်သွင်စီးဆင်းသွားသည်။

ရှိရှိသမျှသော တံ့ဆိုင်းမှုအားလုံးကိုလည်း တိုက်စားသွား၏။

ပြီးတော့ သူတို့စားပွဲဝိုင်းမှ ထထွက်ခဲ့ကြတော့သည်။ ဆိုင်ရှေ့ရောက်၍ လူခွဲခါနီးကာမှ လင်းခ တစ်စုံတစ်ခုကို သတိရကာ . . .

"ဟာ . . . ဒါနဲ့ ငါရဲ့ ပထမအိပ်မက်ကိုရော မင်းတို့ ဘယ်လိုမြင်လဲ"

ဒီတစ်ခါတော့ နှစ်ယောက်စလုံး နှာခေါင်းရှုံ့ကြသည်။ ပြီးတော့ လက်တွေကို ခါယမ်းကာ . . .

"လုံးဝပဲ သူငယ်ချင်း"



# X

"လင်းခက သိုက်ကလာတာတဲ့"

"ဘာ . . ."

"ဟုတ်တယ်။ သူ့ရဲ့ ပထမအိပ်မက်ဆိုတာ အဲဒါပဲ။ အရင်ဘဝက သူနဲ့ပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေးက အိပ်မက်ပေးတာ"

မိုးညာမှလွဲ၍ အကုန်လုံးက ချမ်းအေးကို မယုံသလို ဝိုင်းကြည့်သည်။ မိုးညာတို့ ဖက်ရှင်ဆိုင်ထဲတွင်ဖြစ်ပါ၏။ အားလုံးက ယုံရမလို၊ မယုံရမလိုဖြစ်နေကာ . . .

"ဘာ . . . ဘာအိပ်မက်ပေးတာလဲ"

ဝေမာက အလျင်စလိုမေးသည်။ ချမ်းအေးက မိုးညာကိုကြည့်ကာ ပြောသင့်မပြောသင့် ချင့်ချိန်နေသည်ကြောင့် . . .

"ဘာလဲ . . . အရင်ဘဝက လင်းခဇနီးက အခုဘဝမှာ အိမ်ထောင်မပြုရဘူး၊ အိမ်ထောင်ပြုရင် ပြန်ခေါ်မယ်တို့ဘာတို့လား"



www.burmeseclassic.com

www.burmeseclassic.com

ဝေမာက အပြောင်အပျက်ပင် ပြောလိုက်ခြင်း။ ဒါပေမဲ့ မိုးညာ မျက်နှာ အံ့ဩရိပ်တစ်ချက် စွန်းသွားသည်။ ချမ်းအေးက . . .

"အမှန်ပဲ"

အကုန်လုံး မျက်လုံးပြူးသွားကြ၏။ ပြီး ချမ်းအေးကို ကြောင်တောင်တောင်ဖြင့် ဝိုင်းကြည့်သည်။

"အဲဒီအကြောင်းကို အိပ်မက်ထဲမှာ တိတိကျကျ ပြောသွားတယ်တဲ့။ ပိုဆိုးတာက အိမ်ထောင်မပြုရရုံတင်မကဘူး အရင်ဘဝကချစ်သူက ဒီဘဝမှာ ချစ်ခွင့်ကိုမပေးတော့တာ"

"ဘယ်လို . . . ဘယ်လို . . ."

ချမ်းအေးစကားကြောင့် နားရှုပ်သွားကြသည်။ သဘောပေါက်စွာ ချမ်းအေးက ဆက်ပြော၏။

"ရှင်းပါတယ်ဟာ။ အခုဘဝမှာ ချစ်သူမထားရဘူးပေါ့"

"အို . . ."

မိုးညာနှုတ်မှ အာမေဋိတ်သံတစ်ခု တိုးလျှလျှထွက်သွား၏။ ချမ်းအေး မချိုပြုံးတစ်ချက်ပြုံးလိုက်ကာ . . .

"သက်သက်ကြောင်တာပါဟာ။ ဒီခေတ်ကြီးမှာ ဒါတွေရှိသေးလို့လား"

ဘယ်သူမှ ပြန်မဖြေပါ။ ဒါပေမဲ့ . . .

"ရှိတယ်"

ခင်လေးဆီမှ ထွက်လာခြင်းဖြစ်သည်။

"အဲလိုအဖြစ်မျိုးက ကြားလည်းကြားဖူးတယ်၊ ကိုယ်တိုင်လည်းကြုံဖူးတယ်"

စိတ်ဝင်စားသွားကြ၏။ ခင်လေးက ဆက်ပြောသည်။

"ခင်လေးနဲ့မမက ကုလားသိုက်ကလာတာ။ အဲလိုပဲ မမအိမ်ထောင်ပြုကာနီးမှာ အရင်ဘဝကယောက်ျား လိုက်နှောင့်ယှက်တယ်။ အိပ်မက်တွေပေးတယ်။ အိမ်ထောင်ပြုရင် ပြန်ခေါ်မယ်လို့ပြောတယ်။



ဒါပေမဲ့ မမက လက်မခံပဲ အိမ်ထောင်ပြုခဲ့တယ်။ မင်္ဂလာဆောင်ပြီးတဲ့ညမှာပဲ ခြံထဲလမ်းဆင်းလျှောက်ရင်း မြွေကိုက်လို့ သေသွားတယ်"

"ဟယ် . . ."

ကျောချမ်းမိသွားကြ၏။ ဝေမာက . . .

"ဒါ . . . ဒါဆို နင်ကရော . . ."

"မမကိုကြည့်ပြီး ခင်လေးလည်း ယုံသွားတယ်လေ။ ဒါကြောင့် ဆရာတစ်ယောက်နဲ့ သိုက်ကြိုးဖြတ်ထားတယ်"

"အဲလိုဖြတ်လိုက်ရင် . . ."

"အရင်ဘဝကကိစ္စတွေနဲ့ ဘယ်လိုမှ ပတ်သက်မှုမရှိတော့ဘူးပေါ့။ ဒါပေမဲ့ မလွယ်ဘူးနော်။ တစ်ဖက်ကလက်မခံလို့ သိုက်ကြိုးဖြတ်မရတဲ့လူတွေလည်းရှိတယ်"

"ဟုတ်ရဲ့လားဟာ"

ခင်လေးက တည်ငြိမ်စွာ ခေါင်းညိမ့်ပြ၏။ မိုးညာကတော့ ဘာကြောင့်မှန်းမသိ လုံးဝကို ငြိမ်သက်သွားလေသည်။ နောက် ချမ်းအေးကို တစ်ခွန်းမေး၏။

"လင်းခ အဲဒီအိပ်မက်မက်တာ ဘယ်လောက်ကြာပြီလဲ"

ချမ်းအေး တစ်ချက်စဉ်းစားလိုက်ကာ . . .

"တော်တော်ကြာပြီလို့တော့ ပြောတယ်ဟ။ နောက်ပြီး အိပ်မက်က ပထမအကြိမ်တွေမှာ ရုပ်ထွေးနေတာရယ်၊ မက်လိုက်မမက်လိုက်နဲ့ ဖြစ်နေတာရယ်ကြောင့် ငါတို့ကို မပြောတာလို့ပြောတယ်"

မိုးညာ တွေဝေသွားလေသည်။ ချမ်းအေး သဘောပေါက်လိုက်၏။ ထို့ကြောင့် . . .

"မိုးညာ နင့်ကိုငါ ပွင့်ပွင့်လင်းလင်းမေးမယ်နော်"

မိုးညာမော့ကြည့်သည်။ ပြီး 'မေးလေ'ဆိုသည့်သဘော မျက်လုံးပင့်ပြသည်။

"လင်းခ ရှေ့ဆက်မတိုးလာတဲ့အချက်မှာ ဒီကိစ္စက အဓိက



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရင်းဖြစ်နိုင်လား"

ဝေမာအပါအဝင် ကျန်သူများ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အကုန်လုံးက ရှေ့ဆက်မတိုးလာသည့် လင်းခအပေါ် မချင့်မရဲ ဖြစ်နေကြခြင်း။ ယခု ဒါသည် အဖြေလား။

မိုးညာဆီမှ ဖြေသံထွက်မလာပါ။

"ငါကတော့ အဲဒါလို့ပဲထင်တယ်"

ချမ်းအေး ကောက်ချက်သံအဆုံး . . .

"ဟုတ်တယ်၊ ဖြစ်နိုင်တယ်။ ငါတို့အားလုံး စဉ်းစားရကြပ်နေတာ အဲဒါပဲ"

ဝေမာက နှစ်ပေါင်းများစွာကရှိခဲ့သည့် မြို့ဟောင်းတစ်ခုကို တူးဖော်တွေ့ရှိသလို သွက်သွက်လက်လက် ပြောသည်။ ခင်လေးနှင့် ဟေမာတို့နှစ်ဦးလည်း ထိုကောက်ချက်အပေါ် ဖြစ်နိုင်ကြောင်း ခေါင်းညိတ်သည်။

မိုးညာကတော့ ဝေခွဲရခက်နေသလိုမျိုး နှုတ်ဆိတ်လျက်။

မှုန်ဝါးဝါးဖြစ်နေသော မိုးညာပုံစံအားတစ်ချက်ကြည့်ကာ ဝေမာက တည်တည်ငြိမ်ငြိမ် တစ်ခွန်းမေး၏။

"လင်းခ သိုက်ကလာတယ်ဆိုတာ သေချာလား"

"သေချာတယ်။ သူ့အမေကိုယ်တိုင်က လင်းခကို သိုက်က တောင်းထားတာလို့ ပြောတာ"

"ဒါဆို ဘာခက်လဲဟ။ ခင်လေးလို သိုက်ကြိုးဖြတ်လိုက်ရင် ပြီးတာပဲ"

"အင်း . . . ဟုတ်တယ်၊ အချိန်မီသေးတယ်။ မမမိုးညာ စေ့စပ်ရက်က နောက်လ (၁၀)ရက်နေ့။ ဒီကြားထဲမှာဖြတ်လိုက်ရင် ရတာပဲ"

ဟေမာကပါ အားတက်သရော ဝင်ပြောသည်။ အကုန်လုံးက ဖြစ်စေချင်ကြသည်လေ။ ဒါပေမဲ့ . . .

"အဲလောက်ထိ မလွယ်လို့ပေါ့ဟာ"



ချမ်းအေးအသံက အေးစက်စက်။

"ဘာလဲ . . . ဟိုဘက်က ခင်လေးပြောသလို သိုက်ကြိုးဖြတ်ခံလို့လား"

"မဟုတ်ဘူး"

"ဒါဖြင့် . . . "

ဝေမာ့စကားသံက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ ချမ်းအေးစကားတစ်ခွန်းက အားလုံးကို စီးမိုးသွား၏။

"ဒုတိယအိပ်မက်ကြောင့်ပဲ"

"ဟင် . . ."

အားလုံး၏ မသိနားမလည်မှုကို လိုက်မမီသော တစ်စုံတစ်ရာက ခပ်သော့သော့လေး ပညာပြသွားသည်။ မိုးညာမျက်လုံးတို့ ညိုးရော်သယောင် နွမ်းလျလျလက်သွားရင်း . . .

"ဒုတိယအိပ်မက်က ဘာလဲ"

လှုပ်လီတိုးခတ်စွာ ထွက်လာသော မိုးညာစကားကို . . .

"အခုချိန်ထိတော့ လင်းခကိုယ်တိုင်လည်း ဘာမှန်းမသိသေးဘူး။ ဒါပေမဲ့ စကားတစ်ခွန်းတော့ ငါတို့ကိုပြောတယ်"

ချမ်းအေးက အတည်ငြိမ်ဆုံး အနေအထားကိုယူရင်း တစ်လုံးချင်းပြောလိုက်သည်။

"သိုး ဆိုတဲ့စာအုပ်က စာမျက်နှာ သိပ်မကျန်တော့ဘူးတဲ့"

"ဘာအဓိပ္ပာယ်လဲ"

"ငါလည်းမသိဘူး"

ထိုစဉ်မှာပင် တစ်စုံတစ်ရာ၏ လှုံ့ဆော်မှုကြောင့် အားလုံး၏ အကြည့်တွေက ဆိုင်ဝကိုရောက်သွား၏။

ချမ်းအေး အများနည်းတူ လှည့်ကြည့်လိုက်တော့ . . .

သူ၏မျက်နှာတည်သွားသလို ဆိုင်တွင်းဝင်လာသူ၏ မျက်လုံးသည်လည်း စူးခနဲ။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ဖြင့် ဝင်လာသူက ဘုန်းခန့်ကျော်။ တည်ငြိမ်ပြည့်ဝမှုနှင့်ရှိနေသူက ချမ်းအေး။

နောက်တော့ နှုတ်ဆက်ဖွင့်ဟခြင်းမဲ့စွာ ချမ်းအေးတစ်ယောက် ဆိုင်တွင်းမှ တစ်လှမ်းချင်း ထွက်လာခဲ့လိုက်တော့သည်။

အပြန်လမ်းတွင် ငယ်စဉ်အခါကရှိတတ်သော မာနတစ်ခု ရင်တွင်းမှာ ပြန်ပေါ်လာ၏။

ဆိုင်တွင်း၌ကျန်ခဲ့သော မိုးညာ၏ရင်ထဲမှာလည်း မေးခွန်းတစ်ခုက ဖွဖွယယ တိုးကျန်နေသည်။

"လင်းခဖွင့်မပြောတာ ဒီကိစ္စကြောင့်လား"

ပြီးတော့ နောက်တစ်ခွန်း . . .

"ဖြစ်နိုင်ပါ့မလား"

• • •



လူဆိုတာ မွေးဖွားလိုက်ကတည်းက စာအုပ်တစ်အုပ်နဲ့အတူ လောကထဲရောက်လာတာပါ။ အဲဒီစာအုပ်ကို ငါတို့မင်းတို့ မပိုင်ဘူး။ ငါ တို့ကိုယ်ခန္ဓာကို ငါတို့ပိုင်တယ်။ ဒါပေမဲ့ အဲဒီစာအုပ်က ငါတို့ကိုပိုင်တယ်။

စာအုပ်ထဲမှာ နိဒါန်းပါတယ်။ စာကိုယ်ပါတယ်။ နိဂုံးပါတယ်။ နိဒါန်းကတော့ မွေးဖွားစဉ်အချိန်ကနေ ပထမအရွယ်ထိ ရေးထားတာပေါ့။ စာကိုယ်ကတော့ ဒုတိယအရွယ်ကိုရေးထားတယ်။ နိဂုံးကတော့ တတိယအရွယ်နဲ့ မင်းဘဝ အဆုံးသတ်ချိန်ဆိုပါ။

မင်းအရွယ်က နိဒါန်းဆိုပေမဲ့ စာကိုယ်ရှိတဲ့စာမျက်နှာတွေကို လှန်ကြည့်လို့မရဘူးနော်။ နိဂုံးလည်း အဲဒီအတိုင်းပဲ။ ဒါပေမဲ့ မင်းမနက်ဖြန် တစ်ရက်ကူးလိုက်တာနဲ့အမျှ အဲဒီစာအုပ်က တစ်ရွက်လန်သွားတယ်။ ပေါ်လာတဲ့စာမျက်နှာမှာ အဲဒီနေ့အတွက် မင်းလုပ်ရမယ့်အကြောင်းကိစ္စ အလုပ်တွေအားလုံး ရေးထားတယ်။ တစ်လုံးတစ်ပါဒမှ မလွဲသွားဘူး။ အားလုံးကွက်တိပဲ။

အမှန်က မင်းဆုံးဖြတ်ချက်နဲ့ မင်းလုပ်နေတာမဟုတ်ဘူး။ စာအုပ်ထဲမှာ ရေးထားတဲ့အတိုင်း လုပ်နေရတာ။ မင်းရဲ့ အောင်မြင်မှု၊ ကျရှုံးမှု၊ ချမ်းသာမှု၊ ဆင်းရဲမှုအားလုံး စာအုပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာပါပြီးသား။ အောင်မြင်တဲ့ စာမျက်နှာတွေရောက်ရင် မင်း အောင်မြင်လာမယ်။ ချမ်းသာတဲ့ စာမျက်နှာတွေရောက်ရင် မင်း ချမ်းသာလာမယ်။

စာမျက်နှာမှာရေးထားတဲ့ စာသားတွေကို ပြင်လို့၊ ဖြည့်လို့ လုံးဝ မရဘူးနော်။ စာထဲမှာရေးထားသလောက်ပဲ မင်း ရမှာ။ မင်းဘယ်လောက်ပဲ ကြိုးစားနေပါစေ စာမျက်နှာမှာရေး ထားပြီးသားထက် ပိုမရဘူး။

မင်းစာအုပ်က သူများစာအုပ်နဲ့မတူပဲ ထူးထူးခြားခြား ပါးလျနေရင်တော့ လောကကြီးထဲက အစောကြီးထွက်သွားရမှာ ပေါ့။ တကယ်တော့ ငါတို့ဟာ အဖြေထွက်ပြီးသား ပုစ္ဆာတစ်ပုဒ် ကိုပဲ အစက ပြန်တွက်နေတာပါ။

ငါတို့နဲ့အတူ မွေးဖွားလာတဲ့စာအုပ်ကို ဘုရားသခင်ပဲ မြင်ရပြီး ငါတို့မမြင်ရဘူး။ ဘုရားသခင်ပဲပိုင်ပြီး ငါတို့မပိုင်ဘူး။

ဒါပေမဲ့ စာအုပ်ကြီးရဲ့ နောက်ဆုံးစာမျက်နှာကိုတော့ တွေးကြည့်ရင် မြင်နိုင်ပါတယ်။

ပိုင်ဆိုင်မှုဆိုရင်လည်း အဲဒီနောက်ဆုံးစာမျက်နှာကိုပဲ ထိုးပြရလိမ့်မယ်။

ဟုတ်ပါတယ်။

စာအုပ်ကြီးထဲက ငါတို့ပိုင်တာ တစ်ခုတည်းရယ်ပါ။

အဲဒါကတော့ . . .

"သေဆုံးခြင်းပဲ"



# XI

ညွတ်ကြည်အေးငြိမ်းသော အခန်းတစ်ခုထဲတွင် လိမ္မော်ရနံ့က ခိုမသအော်မြည်နေသည်။

နံရံတို့တွင် ရေးထိုးထားသော စိတ်အပိုင်းအစများ၊ ကိုယ့်ကိုယ် ကိုယ် မသိခြင်းများ၊ နှလုံးသားကိုလှေလာထားသော ပန်းချီစုတ်ချက်များ နှင့် အခန်းလေးက ကဗျာဆန်နေ၏။

လင်းခ . . .

ငြိမ်သက်နေသည်။ ပြီးတော့ တိုးတိတ်နေသည်။ ထိုင်ခုံတွင် နှိုင်၍ လက်က အသက်ရှူနေသည်။ ဘယ်ဟာအနုပညာလဲ၊ နံရံအနှံ့ ရေးခြစ်ထားသည့်ကဗျာတွေက အနုပညာလား၊ နှလုံးသားနှင့် ဦးနှောက် ပေါင်းစပ်ထားသည့် ပန်းချီကားတွေက အနုပညာလား။



www.burmeseclassic.com

www.burmeseclassic.com

ဒါမှမဟုတ် သူရေးသားထားသည့် စင်ပေါ်မှ စာအုပ်တွေက အနုပညာလား၊

လုံးဝမဟုတ်၊

သူကိုယ်တိုင်က အနုပညာ၊ သူထိုင်နေရာစုံက အနုပညာ၊ သူ့လက်ကအနုပညာ၊ ပြီးတော့ သူရှိရာအခန်းက အနုပညာ။

ကျန်သည့်ပစ္စည်းတွေက သူမွေးထုတ်သော သူ၏ရင်သွေး၊ အနုပညာရှင်တစ်ဦးက မွေးဖွားသန့်စင်သည့် သူ၏နှလုံးသား၊ ဒါပါပဲ။

အခန်းလေးက တိတ်ဆိတ်နေသည်။ သူ၏လက်နှစ်ဖက်က မွေးပျံ့နေသည်။ နောက် သူ့စိတ်ကူးတွေ ကောင်းကင်ပေါ်ရောက်နေသည်၊ တိမ်ညစ်ညိုမြည်းတွေကို ဖောက်ထွက်နေသည်။

ထိုစဉ် . . .

အသံတစ်ခု။ ပထမ တိုးတိုးလေး၊ နောက် မတိုးမကျယ်။ ပြီးတော့ တဖြည်းဖြည်း ကျယ်လောင်ကာလာသည်။ ထိုအသံက လင်းခကို သူ့ကမ္ဘာထဲမှ ဆွဲထုတ်သွားတော့သည်။ လင်းခသက်ပြင်းကိုချကာ ဖုန်းကိုင်လိုက်ရ၏။

"ဟယ်လို . . ."

ဖုန်းထူးလိုက်တော့ တစ်ဖက်မှ မိန်းမသံတစ်သံ ပေါ်လာသည်၊

"စာရေးဆရာ 'သိုး' လား မသိဘူးရှင့်"

"ဟုတ်ပါတယ် ကျွန်တော် 'သိုး' ပါ"

"ဆရာ သမီးပါ"

ပျစ်ချွဲချွဲ အစ်တစ်တစ်လုပ်သံကြီးကြောင် လူက ရယ်ချင်သွားသည်။ ထို့ကြောင့် . . .

"ဟို . . . မှားနေပြီနဲ့တူတယ်။ ကျွန်တော့်မှာ သမီးမရှိဘူး။ မိန်းမလည်း မရသေးဘူးဗျ"

"ရှင်"

အစ်တစ်တစ်က တစ်ဆင့်တက်ကာ ပျစ်နှစ်သွားသည်။ ပြီးတော့



[illegible] တစ်ချက်ရယ်သည်။

"ခစ် . . . ဆရာက အရမ်းနောက်တာပဲ။ သိပါတယ် ဆရာ လူပျိုမှန်း"

"အဟဲ . . . ကြေညာတာတော့ မဟုတ်ပါဘူး။ မလိမ်တတ်လို့ပါ"

"ရပါတယ် ဆရာရယ်"

စကားအဆုံး ခစ်ခနဲ ရယ်လိုက်သေးသည်။ ပြီးတော့ . . .

"သမီး တောင်းပန်ပါတယ်ဆရာ။ သမီးတို့ကို ခွင့်လွှတ်ပါ။ ဆရာမှန်းမသိလို့ ပြောမိတာပါ။ သမီးတို့ကလေ သိလား။ ဆရာ့ကို အရမ်းကြိုက်တာ"

"ဗျာ . . ."

အသံနဲ့အတူ လူပါတုန်သွားသည်။ ဒါပေမဲ့ တစ်ဖက်ကအေးဆေးစွာပင် . . .

"ဆရာ့ဝတ္ထုတွေကို အရမ်းကြိုက်တာ။ လေးလည်း လေးစားတယ်။ အစကတော့ 'သိုး' ဆိုတာ လူကြီးပိုင်းထဲကလို့ ထင်တာပေါ့ဆရာရယ်။ လူငယ်လို့ ဘယ်ထင်မှာလဲ။ ညက မဂ္ဂဇင်းငှားဖတ်ရင်း ဆရာ့အင်တာဗျူးဖတ်မိသွားတော့မှ လူငယ်မှန်းသိရတာ။ ဆရာ့ဓာတ်ပုံလည်း ပါတယ်နော်။ အရမ်းမိုက်တာပဲ။ အဲဒါကြောင့်မလို့ ဖုန်းဆက်လိုက်တာ"

"ဗျာ . . . "

ဒုတိယအကြိမ် 'ဗျာ' မိသွားသည်။ ခပ်ကျယ်ကျယ်ထွက်သွားသော သူ့အသံကြားတော့မှ သဘောပေါက်သွားသလို . . .

"ဩော် . . . မဟုတ်ပါဘူး။ ဖုန်းဆက်တယ်ဆိုတာ တောင်းပန်ချင်လို့ပါ။

သမီးတို့အုပ်စု ဆရာ့ကိုပြောမိတာကိုလေ။ အဲဒီတုန်းကတော့ သွေးပူနေလို့ ဆရာပြောတဲ့စကားတွေကို သေချာဂရုမစိုက်မိဘူး။ အခုမှ ဆရာ့စကားတွေ အရမ်းတန်ဘိုးရှိမှန်း သိတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com

သူပြုံးလိုက်မိပါသည်။ ပြီးတော့မှ အရေးကြီးဆုံးအချက်ကို သတိရသည်။

"ဒါနဲ့ နေပါဦး။ အခုပြောနေတာ ဘယ်သူလည်းမသိဘူး။ ကျွန်တော့်တို့ချင်း ဆုံဖူးလား"

"ဩော် . . . ဟုတ်သားပဲ။ ဆရာ ဘယ်လိုလုပ်သိဦးမှာလဲ။ မိတ်တောင်မဆက်ရသေးဘူး။ သမီးနာမည် ရှုမဝပါ။ မနေ့ကတင် ဆရာနဲ့ ဆုံခဲ့တာလေ"

"မနေ့က . . ."

လင်းခ သံယောင်လိုက်ကာ ရေရွတ်မိသည်။ မမှတ်မိပါ။ ဘယ်နေရာမှဆုံခဲ့တာလဲ။ တွေးနေဆဲမှာပင် . . .

"မနေ့ကမနက် (၈)နာရီလောက် Tomorrow မှာလေ"

"ဩော် . . . "

သဘောပေါက်သွားပါပြီ။ ငါးယောက်ဝိုင်းကို သူတစ်ယောက်ထဲ သွားဖိုက်ခဲ့သည့်ကိစ္စ။

"ဆရာ မှတ်မိပြီလားမသိဘူး"

"ဟုတ်ကဲ့ မှတ်မိပါပြီ"

သူ၏စကားဆုံးတော့ . . .

"သမီးတို့ကို ခွင့်လွှတ်ပါဆရာရယ်။ တောင်းပန်ပါတယ်။ ဆရာမှန်းမသိလို့ပါ"

"ရပါတယ်ဗျာ။ ကျွန်တော် မေ့တောင်မေ့နေပါပြီ"

ထိုစကားကြောင့် တစ်ဖက်မှ အားရဝမ်းသာဖြင့် . . .

"ဒါဆို ဆရာ သမီးတို့ကို စိတ်မဆိုးဘူးပေါ့"

"ပေါက်ပေါက်ရှာရှာဗျာ။ ဘယ်က စိတ်ဆိုးရမှာလဲ။ ကျွန်တော် စိတ်မဆိုးတတ်ပါဘူး"

"ဝမ်းသာလိုက်တာ ဆရာရယ်။ သမီး ဘယ်သူဆိုတာကိုရော သိလား"



"မပြောရသေးဘူးလေ"

ခစ်ခနဲရယ်လိုက်သေးသည်။ ပြီးတော့မှ . . .

"အဟဲ . . . ဆရာက စိတ်အကြောင်းတွေ အရမ်းပြောလို့ ဒီဘ်နဲ့များ သမီးကို ကြိုသိနေမလားလို့"

လင်းခ ငြိမ်နေလိုက်မိသည်။ တစ်ဖက်မှပြောပြောနေသည့် . .

'သမီး . . . သမီး' ဆိုတာကြီးကို သိပ်သဘောမကျပါ။ မနေ့က ငါးယောက်လုံး သူမှတ်မိပါသည်။ သူ့ထက်အသက်ငယ်မည့်သူ တစ်ယောက်မှမပါပါ။ ဟိုပုပုသေးသေး မှင်စာဆိုလျှင် သူ့ထက်ပင်ကြီးလိမ့်ဦးမည်။

"အဲဒါဆို ခဏထားလိုက်ဦး ပြီးမှပြောပြမယ်။ ဆရာ့ကို သမီးတစ်ခုမေးချင်လို့"

လင်းခ ထိတ်ခနဲဖြစ်သွားပါ၏။ တစ်ဖက်မှစကားသံသည် ချက်ချင်း ချွဲပျစ်နှုးဖပ်သွားသောကြောင့် . . .

"ဟိုလေ . . . ဟို . . ."

ချက်ချင်းမပြောပဲ ဆန့်ငင်ဆန့်ငင်လုပ်ကာ ရှက်တက်တက် 'ဟီးခနဲ' ရယ်လိုက်သံကိုလည်း ကြားရသည်။

"ဟိုလေ . . . ဆရာနောက်ဆုံးပြောသွားတဲ့ စကားကို မှတ်မိလား"

မျက်မှောင်ကြုတ်သွား မိပါသည်။ နောက်ဆုံးပြောသွားတဲ့စကားဘာစကားလဲ။

"ကျွန်တော် သိပ်မမှတ်မိတော့ဘူးဗျ။ ဘယ်လိုစကားလည်း မသိဘူး"

"ဟိုလေ . . . တစ်ယောက်ယောက်ကို မေတ္တာထားချင်လို့ ဆရာ့ဘေးမှာ အနီရောင်လှိုင်းရဲရဲလေးတွေ တွေ့လိုက်ရတယ်ဆိုတာလေ"

"ဩော် . . . မှတ်မိပြီ၊ မှတ်မိပြီ။ အဲဒီစကားလား"

သာမန်လေးပါ။ ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်သယ်"

ဘလိုင်းကြီး စကားဝဲသွားသည်။ နောက် . . .

"အဲ . . . အဲဒါလေ သမီးတို့ငါးယောက်ထဲက ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောလိုက်တာလဲဟင်"

လင်းခရင်တစ်ချက် ဒိန်းခနဲ ဆောင့်ခုန်သွား၏။ ကြက်သီးတို့ပင် ထသွားလားမသိ။ ထိုစဉ်၌ပင် . . .

"ဆရာ အဲဒီစကားပြောတုန်းကလေ သမီးကိုများကြည့်ပြီး ပြောလိုက်သလားလို့"

"ဗျာ . . ."

ဒီတစ်ခါ ဗျာကတော့ အရင်ဗျာများနှင့် လုံးဝမဆိုင်တော့။

"ဟို . . . ဟို . . . ခင်ဗျားက ဘယ်တစ်ယောက်လဲ"

စကားတို့ပင် အ,ထစ်သွားရ၏။ ပြန်ကြားလိုက်သည့်စကားက တော့ . . .

"ငါးယောက်ထဲမှာ အရပ်မနိမ့်မမြင့်နဲ့ ဝဝကစ်ကစ်လေးတစ်ယောက်လေ"

သွားပြီ၊ မှင်စာ။

ပြောမှပြောရက်လေချင်း သူ့ကိုယ်သူ မရပ်မနိမ့်မမြင့်နဲ့ ဝဝကစ်ကစ်လေးဆိုပါလား။ ဘာပြန်ပြောလို့ ပြောရမှန်းမသိ။ ကြောင်အမ်းနေစဉ်မှာပင် ဖုန်းသံက ရုတ်တရက်ပြတ်သွားသည်။ လင်းခ ဖုန်းကိုနားမှခွာကာ ကြည့်လိုက်တော့ သူ့ဘက်က ချို့ယွင်းသွားခြင်းမဟုတ်ပါ။

နားမှာပြန်ကပ်နားထောင်လိုက်တော့ ဖုန်းက ကျသွားလေပြီ။ လင်းခ သက်ပြင်းမောကြီးကို မှုတ်ထုတ်မိတော့၏။ တော်ပါသေးရဲ့။ နောက်တော့ ဖုန်းကိုပါတစ်ခါတည်း ပိတ်ပစ်လိုက်သည်။ သူ့မှာ အလုပ်ရှိသေးသည်မဟုတ်ပါလား။

စားပွဲတွင် ပြန်ဝင်ထိုင်၍ အာရုံသွင်းနေစဉ်မှာပင် . . .

"ကလင် . . . ကလင် . . . ကလင် . . ."



လူခေါ်ဘဲလ်မှာ မြည်လာသည်။ အခန်းရှေ့တွင် တစ်ယောက်ယောက် ရောက်နေပြီထင်၏။ ဒီနေ့တော့ ကံမကောင်းတော့ပါ။ လင်းခ ဒိတ်လက်မပါ့တပါဖြင့် ထကာ တံခါးဆီလျှောက်သွားလိုက်သည်။

ပြီးတော့ တံခါးအားဖွင့်ပေးလိုက်သည်တွင် တံခါးရှေ့၌ တွေ့ရသည်ကား . . .

"ဒါရိုက်တာ ကြယ်သွေး"



www.burmeseclassic.com

www.burmeseclassic.com

## XII

ထိုင်နေကျဆိုင်ကိုရောက်တော့ စားပွဲထိုးလေးက ပျာပျာသလဲ ဆီးကြိုသည်။

"အားနာလိုက်တာ ဆရာတို့ရယ်။ သီးသန့်ခန်းတွေအကုန်လုံး လူပြည့်နေပြီ"

ပခုံးတွန့်မိကြသည်။ ဘယ်တတ်နိုင်မည်နည်း။ ထောင့်ကျကျ စားပွဲတစ်လုံးမှာပဲ ထိုင်ဖြစ်သည်။ မှာစရာရှိတာတွေ မှာပြီးတော့ ကြယ်သွေးက ဆိုင်းမဆင့်ဗုံမဆင့်ပင်။

"သို း . . . မင်းကိုငါ တစ်ခုမေးမယ်နော်။ မင်းအမှန်အတိုင်း ဖြေမလား"

အနည်းငယ် ထူးဆန်းသလိုရှိသည်ကြောင့် ချက်ချင်းပဲပြန်ဖြေ လိုက်သည်။



"မေးလေ"

မေးလေဆိုမှမမေးပဲ ကြယ်သွေးက ခေါင်းတဆတ်ဆတ်ညိတ် နေသည်။ မေးသင့်မမေးသင့် ချင့်ချိန်နေပုံရသည်။ ကြယ်သွေးသည် ဒါရိုက်တာလောကတွင် တစ်ပြေးနေသော လူငယ်ဒါရိုက်တာတစ်ယောက် ဖြစ်၏။ အသက်မှာ သူနှင့်သိပ်မကွာလှသေး။ သူ၏ဝတ္ထုတွေကိုသဘော ကျ၍ ရုပ်ရှင်၊ ဗီဒီယိုရိုက်ရန်နှင့်ပတ်သက်ပြီး လက်တွဲမိနေခြင်းဖြစ်သည်။

နောက် ကြယ်သွေးက သူ့ကိုတစ်ချက်ပြုံးကြည့်ရင်း . . .

"ဟိုတစ်ခါငါဖတ်ရတဲ့ မင်းရဲ့ရေးလက်စ စာမူထဲက ကောင်မ လေးက ဘယ်သူလဲ"

လင်းခ ဆတ်ခနဲမော့ကြည့်လိုက်ကာ . . .

"ဘာဖြစ်လို့လဲ"

"မင်းရဲ့ ရှားရှားပါးပါး တစ်ခုတည်းသော ဝတ္ထုတိုလေးထဲက ကောင်မလေးမလား"

လင်းခ ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ . . .

"သေချာလုချည်လား"

ကြယ်သွေးက ဘာမျှတုံ့ပြန်မပြောပေ။ ဒါပေမဲ့ ခဏကြာတော့

"မင်းရေးထားပြီးသလောက်ပဲ။ ငါဟိုတစ်ခါလာတော့ ဖတ်မိ တာပါ။ ဒါပေမဲ့ အဲလောက်နဲ့တင် မင်းရဲ့ဇာတ်ဆောင်မိန်းကလေးချင်း အတူတူပဲဆိုတာ သိလိုက်တယ်"

ဟုတ်နိုင်ပါသည်။ သူက ဒါရိုက်တာကိုး။

"မင်းရဲ့ဝတ္ထုတိုလေးက Writing Style ထူးခြားနေတယ်လေ။ အဲဒီထဲမှာ ကောင်မလေးရဲ့ပြောစကားတွေကို အခြေခံပြီး နောက်ကမှ မင်းခံစားချက်တွေကို ရေးပေးထားတာ ငါကြိုက်ပါတယ်။ မင်းရဲ့တစ်ခု တည်းသော ဝတ္ထုတိုဖြစ်တဲ့အတွက် သတိထားမိသွားတာလည်း ပါတာပေါ့။ အဲဒါကြောင့်မလို့လည်း အခု ရေးလက်စ စာမူနဲ့ ဇာတ်ဆောင် မိန်းကလေးချင်းတူတယ်ဆိုတာ သတိထားမိသွားတာ"



www.burmeseclassic.com

www.burmeseclassic.com

လင်းခပြန်မပြောဖြစ်ပါ။ ကြယ်သွေးစကားတွေက ကန့်ကွက်စရာမရှိအောင် မှန်နေပါသည်။ ပြီးတော့ ကြယ်သွေးက သူ့အမြင်ကို ဆက်ပြောသည်။

“နောက်ပြီးတော့ အဲဒီဝတ္ထုတိုလေးရေးနေစဉ်မှာ ထည့်ထားတဲ့ မင်းရဲ့စိတ်ဓာတ်ကို ငါကြိုက်တယ်”

“ဘာဖြစ်လို့လဲ”

“ကောင်မလေးကို မြင်လည်းမမြင်ဖူးဘူး။ တွေ့လည်း မတွေ့ဖူးဘူးလေ။ ဘယ်သူဘယ်ဝါဆိုတာလည်း မသိဘူး။ ဒါပေမဲ့ မင်းအဲဒီကောင်မလေးကိုချစ်တယ်လို့ လုံးဝအတည်ကြီး ပြောထားတယ်။ ကောင်မလေးရဲ့စကားလုံးတွေ လက်ရေးဝိုင်းဝိုင်းလေးတွေ သူမပြောတတ်တဲ့ စကားအဆန်းလေးတွေကတစ်ဆင့် သူမရဲ့ ကြယ်စင်မှုတွေကို ချစ်သွားတာပါလို့ မင်းရေးထားတယ်မလား။ အဲဒါကို ငါကြိုက်တာ။ အကယ်၍ ကောင်မလေးက ရုပ်မချောပဲ အကျည်းတန်နေမယ်ဆိုပါတော့။ ဒါမှမဟုတ် ကိုယ်အင်္ဂါချို့တဲ့နေတဲ့ ဒုက္ခိတဖြစ်နေမယ်ဆိုပါတော့ မင်းဘယ်လိုလုပ်မလဲ”

ဘယ်တုန်းကတည်းက မေးချင်နေမှန်းမသိသော စကားတွေဖြစ်မည်ထင်သည်။ ပြီးတော့ သူ့အဖြေကိုလည်း တော်တော်အလေးထားငံ့လင့်နေသည်ကြောင့် . . .

“ငါချစ်တာ သူရဲ့နှလုံးသားကိုပဲ ချစ်သွားတာကွ။ သူ့ရဲ့ ကြည်လင်ပွင့်လင်းမှုတွေကို မြတ်နိုးတာ။ ရိုးသားမှုတွေ၊ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးမှုတွေကို နှစ်သက်တာ။ ကျန်တာတွေ ဘာမှုမပါဘူး။ မင်းယုံချင်မှယုံနော်။ အဲဒီကောင်မလေးက မင်းပြောသလို အကျည်းပဲတန်နေပါစေ။ ကိုယ်အင်္ဂါချို့တဲ့နေတဲ့ ဒုက္ခိတပဲဖြစ်နေပါစေ၊ နောက်ဆုံးကွာ ဘယ်လိုမှလက်မခံနိုင်တဲ့ ရောဂါဆိုးတစ်ခုခုပဲ ကပ်ငြိနေပါစေဦး။ ငါချစ်နေမှာပဲ။ ကုန်ကုန်ပြောရရင် အဲဒီကောင်မလေး ငါ့အနားမှာ တစ်သက်လုံးနေပေးဖို့အတွက်ကို အချိန်ပြည့် ကြိုးစားနေမှာ”

ကြယ်သွေး၏အကြည့်တစ်ခုနှင့် ဆုံသည်။ ဘာမှန်းမသိသော



အဓိပ္ပာယ်နှင့် အထင်ကြီးမှုတစ်ခုကို သူတွေ့လိုက်သည်။ ပြီးတော့ သူ့ချ့ကို လက်ထိုးပေးကာ နှုတ်မှလည်း . . .

“လေးစားတယ်ကွာ။ ငါကြိုက်တာ မင်းရဲ့ အဲဒီစိတ်ဓာတ်ပဲ”

လင်းခ ပါးပါးလျလျ ပြုံးဖြစ်သည်။ ပြီးတော့ ကြယ်သွေးလက်ကို ပြန်လည်ဆွဲကိုင်ရင်း . . .

“ဒီလိုပါပဲ။ အနုပညာသမား အများစုကတော့ အချစ်ကို တန်ဖိုးထားတတ်ကြပါတယ်”

နောက်တော့ သူတို့စကားဝိုင်းက အနည်းငယ် တိတ်ဆိတ်သွားသည်။ မှာထားသော စားသောက်စရာများ ရောက်လာသည့်အတွက် စကားစပြတ်သွားတာလည်း ပါပါသည်။ ကိုယ်စီကိုယ်စီရောက်လာကြသော စားသောက်ဖွယ်ရာများအား နှိုက်မြည်းစားသောက်နေရင်းမှ ကြယ်သွေးကစကားစသည်။

“ပထမဝတ္ထုတိုလေးရဲ့ နာမည်လေးကိုတော့ ငါကြိုက်တယ်ကွ။ ရေးထားတဲ့အကြောင်းအရာနဲ့လည်း ကိုက်ညီတယ်။ အခုရေးနေတဲ့ စာမူကိုရော နာမည်ဘယ်လိုပေးထားလဲ”

လင်းခ နာမည်တစ်ခုကို ရွတ်ပြလိုက်တော့ . . .

ကြယ်သွေးက နောက်မှ သံယောင်လိုက်ရွတ်ရင်း ‘ကောင်းတယ်’ ဟု ပြောသည်။ နောက် . . .

“ပြီးခါနီးပြီလား”

လင်းခ ခေါင်းယမ်းလိုက်ကာ . . .

“မင်းဖတ်ပြီးသွားတဲ့ နောက်ကစပြီး အခုချိန်ထိ တစ်လုံးမှဆက်မရေးရသေးဘူး”

“ဟေ့ကောင် . . . တော်တော်ကြာသွားပြီနော်”

လင်းခ ရေးရေးလေး ခေါင်းညိတ်ဖြစ်၏။ ပြီးတော့ နှုတ်မှခပ်အားရက်စကားတစ်ခွန်းကို ပြောသည်။

“ငါ ရိုးသားမှုတွေပဲ ပေးချင်တယ်ကွာ။ စိတ်ကူးယဉ်ပြီး မရေး



www.burmeseclassic.com

www.burmeseclassic.com

ချင်ဘူး"

ကြယ်သွေး၏ နားမလည်ဟန်စွန်းထင်းသည့် မျက်ဝန်းရိပ်တို့ ရောက်လာသော်လည်း စကားသံထွက်မလာပါ။ စွက်ဖက်ရန်မသင့်ဟု သဘောပိုက်ထားခြင်းဖြစ်ပေမည်။ ဒါပေမဲ့ ရယ်ကျဲကျဲလုပ်ကာ စကားတစ်ခွန်းပြော၏။

"အခုရော မင်းကို ဝတ္ထုတိုရေးဖို့ ကမ်းလှမ်းတဲ့လူရှိသေးလား"

လင်းခ ခပ်ကျယ်ကျယ်ရယ်ဖြစ်သည်။ ရယ်ရွှင်ဖွယ်အဖြစ်တစ်ခုကို ကြယ်သွေး အစဖော်နေသည်မဟုတ်ပါလား။

"ဆောရီးပဲကွာ။ စိတ်ကူးမရှိတော့ဘူး"

သူစိတ်နာနာနှင့် ပြောဖြစ်တော့ ကြယ်သွေးရယ်ပါသည်။ စိတ်နာမည်ဆိုလည်း နာလောက်သည်။ မဂ္ဂဇင်းတိုက်တစ်တိုက်က ကမ်းလှမ်း၍ လင်းခပထမဆုံး ဝတ္ထုတိုတစ်ပုဒ်ကို ရေးပေးလိုက်သည်။ အမှန်အတိုင်းဆို လင်းခ ဝတ္ထုတိုရေးလေ့မရှိပါ။ အယ်ဒီတာနှင့် မျက်နှာနာနေသည်ကြောင့် ရေးပေးလိုက်ခြင်းဖြစ်ပါ၏။

ဒါပေမဲ့ ကံမကောင်း။ ထိုမဂ္ဂဇင်းမှာ ဆိုင်ပေါ်တင်ပြီး သုံးလေးရက်အကြာမှာပင် အကြောင်းတစ်ခုခုကြောင့် တိုက်ပိတ်သွားသည်။ မဂ္ဂဇင်းလည်း ပျက်သွားသည်။ ပိုဆိုးသည်က ဖြန့်ထားပြီးသား မဂ္ဂဇင်းတွေပင် ပြန်သိမ်းသွားသည့်အတွက် သူ၏ပထမဆုံး ဝတ္ထုတိုလေးမှာ ဘာမဆိုင်ညာမဆိုင် ပျောက်ကွယ်ခဲ့ရပါသည်။ ဘယ်သူမှလည်း မသိလိုက်။ ယခုမှစထုတ်သည့် နာမည်သစ်မဂ္ဂဇင်းဆိုတော့ ပိုဆိုးသည်။

အဲဒါပါပဲ။ လင်းခ ဝတ္ထုတိုကို စိတ်နာသွားရသည့်အကြောင်းပါ။ ပထမဆုံးစရေးသည့် ဝတ္ထုတိုကိုမှ လုပ်ရက်သည်ကိုး။

"အခု လုံးချင်းကိုရော ဘယ်တော့လောက်ထုတ်မယ် စဉ်းစားထားလဲ"

"ကြာဦးမှာ။ တော်တော်နဲ့ပြီးမှာ မဟုတ်သေးဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ငါ ဒီစာမူကို ထုတ်ဝေသူလက်အပ်မှာမှ မဟုတ်တာ"



ထိုစကားကြောင့် ကြယ်သွေးက ကြောင်တက်တက်နှင့် သူ့ကို ကြည့်သည်။ ပြီး နားမလည်နိုင်စွာ . . .

"ဘာဖြစ်လို့လဲ"

လင်းခ သက်ပြင်းလေးလေးကို အမှတ်တမဲ့ ချမိလိုက်ပါ၏။

"အကြောင်းတစ်ခုကြောင့်ပေါ့ကွာ"

နောက်တော့ သူတို့စကားလမ်းကြောင်းပြောင်းကာ ပြောဖြစ်ကြသည်။ ကမ္ဘာကျော်ဝတ္ထုတွေနှင့် သူတို့၏ရေးဟန်တွေကို ဆွေးနွေးဖြစ်သည်။ အနောက်တိုင်းရုပ်ရှင်နှင့် ရိုက်ကွင်းဘုရင်များကိုလည်းကောင်း၊ သူတို့၏ ဆန်းသစ်တီထွင်မှုတွေကိုလည်းကောင်း တီးခေါက်မိကြသည်။

ထိုသို့ပြောနေရင်းမှ ကြယ်သွေးက သူ့အား မေးခွန်းတစ်ခုကို မေးလာ၏။

"သို့ . . . ခွဲထွက်တာနဲ့၊ ဖောက်ထွက်တာကို မင်း ဘယ်လို မြင်လဲ"

စဉ်းစားစရာမလိုပါ။ ဒီမေးခွန်းက ရင်းနှီးနေသော မေးခွန်းတစ်ခုဖြစ်သလို သူ၏ခံယူချက်လည်း ဖြစ်သည့်အတွက် . . .

"ခွဲထွက်တယ်ဆိုတာ သူများနဲ့မတူအောင်လုပ်တာ။ နှစ်ပေါင်းများစွာစွဲနေတဲ့ လမ်းဟောင်းကနေ သွေဖည်ထွက်တာ။ ဆန့်ကျင်ဘက်အမြင်ကို ပြောင်းပစ်လိုက်တာ။ အသစ်ထွင်တယ်ပေါ့ကွာ"

သူ့စကားကို ကြယ်သွေးက ခေါင်းတဆတ်ဆတ်ညိတ်သည်။ နောက် . . .

"ဖောက်ထွက်တယ်ဆိုတာကရော"

လင်းခ၏မျက်လုံးမှ အရောင်တစ်ချက်လက်သွားသည်။ သူ၏ ကိုယ်မှ အရှိန်ဝါတစ်ခုက ပတ်ဝန်းကျင်ကို ရိုက်ခတ်တိုးတိုက်သွားသလို လို . . .

"ရှင်းပါတယ်။ သူများလိုက်မလုပ်နိုင်တာကို လုပ်တာ ဖောက်ထွက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးချင်းဆုံသွားလေပြီ။ တစ်ယောက်နှင့်တစ်ယောက် မမှိတ်မသုန် စိုက်ကြည့်ဖြစ်သည်။

ရန်သူအကြည့်လား . . .

ခနိုးခနဲ့အကြည့်လား . . .

စိမ်ခေါ်အကြည့်လား . . .

မဟုတ်။ လျှပ်တစ်ပြက်အတွင်း ပန်းတိုင်ကိုယ်စီကို မြင်သွားကြသည့်အကြည့်။

ထိုစဉ်မှာပင် သူတို့နားစည်ကို လှုပ်ခတ်လိုက်သည့်ခြေသံအချို့ကို ကြားလိုက်ရသည်။ သူတို့နှင့်ကပ်လျက် အခန်းတွင်းမှ ထွက်လာခြင်းဖြစ်ပါ၏။ ဘာရယ်မဟုတ် လင်းခနှင့် ကြယ်သွေးနှစ်ယောက်စလုံး ဝင်ရောက်စိုးမိုးလာသော ခြေသံလှုပ်ရှားမှုကို ဝေ့ဝဲကြည့်မိလိုက်တော့ . . .

"ဟင် . . ."

လင်းခ ထိတ်ခနဲဖြစ်သွားသည်။ လျှောက်လှမ်းလာသူမှာလည်း လင်းခကိုကြည့်ကာ တောင့်မတ်သွား၏။ ထိုစဉ်မှာပင် လင်းခ မျက်လုံးထောင့်စွန်းသို့ဝင်လာသည့် ခြေလှမ်းတစ်ခု။

လိုက်ခနဲ မောသွားသောနှလုံးသားက ဘာမျှမရှိတော့သလို ဟာဆင်းသွားသည်။ မျက်လုံးအိမ်မှာ နေခုနစ်စင်းအပြိုင် လင်းသွားသလို စပ်ဖျင်းဖျင်း။ သူမ . . .

ဝမ်းနည်းမှုနှင့် အလိုမကျမှုတို့က နှလုံးသားမှတစ်ဆင့် ခန္ဓာသွေးကြောတွေထဲသို့ ဖြတ်သန်းစီးဆင်းသွားပြီးသည့်နောက် . . .

လင်းခနှုတ်မှ စကားတစ်လုံးက တိုးရှပါးလျစွာ။

"မိုးညာ . . ."

တစ်ဖက်မှလည်း . . .

"လင်းခ . . ."

ရှေ့မှပုဂ္ဂိုလ်ကတော့ မြွေမြွေချင်း ခြေမြင်သည့်သဘော သူ့ကိုကြည့်နေသည်။ လင်းခ ဂရုမစိုက်မိ။ သူနှင့်မိုးညာကတော့ တစ်ယောက်



သူတစ်ယောက် မမှိတ်မသုန်ကြည့်မိနေကာ ပြောစရာစကားတို့ ပျောက်ရှနေ၏။ မိုးညာ နှုတ်ခမ်းပါးလေးက တစ်စုံတစ်ရာပြောချင်သလို လှုပ်သွားသည်။ ဒါပေမဲ့ စကားသံတို့ထွက်မလာ။ ကလေးဘဝက တန်ဘိုးထားခဲ့သော ကစားစရာအရုပ်တစ်ခု သူများအလုခံလိုက်ရသလို၊ အရမ်းနှစ်မြိုက်သော စာအုပ်တစ်အုပ် လုခိုးခံလိုက်ရသလို မညီမညာသော လှုပ်ရှားမှုတွေဖြင့် ရင်တစ်ခုလုံး နိမ့်လိုက်မြင့်လိုက်။

မိုးညာ သူ့ကိုကြည့်နေရင်းမှ နှုတ်ခမ်းနှစ်လွှာက လှုပ်ရှားသွားသည်။

"လင်းခ . . . ငါတို့မှန့်လာစားတာ"

အသိပေးတာလား၊ ဝန်ခံတာလား မသိပေမယ့် ရင်ထဲမှာကြည်နူးသွားသည်။

"မထင်ရက်ပါဘူး ကောင်မလေးရယ်"

ရင်ထဲမှာ ပြောဖြစ်သောစကားဖြစ်သော်လည်း သူမကြားသွားသည်ထင်သည်။ မျက်ရည်တို့ လည်လာ၏။ ထိုစဉ် . . .

"သွားရအောင်"

ပြတ်တောင်းတောင်းထွက်လာသော အသံတစ်ခုနှင့်အတူ လက်တစ်ဖက်က ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လာ၏။ ကြက်သီးတို့ ဖျင်းခနဲထသွားသည်။ ခန္ဓာကိုယ်တစ်ခုလုံးက လှုပ်မရစွာ တင်းကြပ်သွားသလို ဝုန်းခနဲဆရပ်လိုက်တော့ . . .

မိုးညာမျက်ဝန်းမှ မျက်ရည်တစ်စက်က လက်ခနဲ ကြွေကျသည်။ ထိုမျက်ရည်က သူ့ခန္ဓာကိုယ်အား တုံ့ဆိုင်းသွားစေပါသည်။ အံ့သြဝေသီမှုတွေဖြင့် ပါးပြင်မှမျက်ရည်ကို ကြည့်နေစဉ်မှာပဲ . . .

မိုးညာမှာ ဆိုင်ပြင်သို့ရောက်သွားပြီဖြစ်သည်။ လင်းခ လှုပ်ရှားမှုမှာ ပြန်မထိုင်မိသေးအချိန် ဘယ်လောက်ကြာသွားသည်မသိ၊

"သိုး"

ကြယ်သွေးက အင်္ကျီစကိုဆွဲကာ လှုပ်နှိုးလိုက်သည့်ညာဘက်



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးတစ်ဖက် ဝေဝါးသွား၏။ ပြီးတော့ အကျီလက်မောင်းမှာ စိုသွားသည်။ လင်းခပြန်ထိုင်ချလိုက်သော်လည်း အသက်မပါတော့။

တုံ့ပြန်မှုအင်အား လျော့နည်းစွာနဲ့ပဲ အသက်ရှုနေမိသည်။ ရင်ထဲမှာ ပူနေခြင်းမဟုတ်ပေမဲ့ ဟာနေသည်။ အသက်ရှင်ရပ်တည်မှု၏ အဓိက အစိတ်အပိုင်းတစ်ခု ဆွဲဖြုတ်ခံလိုက်ရသလို မနေတတ်မထိုင်တတ်။

ထိုစဉ်မှာပင် ကြယ်သွေးက . . .

"ငါ သဘောပေါက်သွားပြီ သိုး"

ပြောပြီး ကြယ်သွေးက ရေသန့်ဘူးထဲမှ လက်ကျန်ရေအားသူ့ရှေ့ဖန်ခွက်အတွင်းသို့ ထည့်ပေးသည်။ ဘာရယ်မဟုတ်။ အရှိန်တစ်ခုဖြင့်ကျလာသော ရေအား အမိပ္ပာယ်မဲ့ ငေးကြည့်နေမိစဉ် . . .

"ကလောက်ကလောက် . . . ကလောက်ကလောက် . . ."

ရေတွေကျနေသည်။ နောက် . . .

"ကလောက် . . . ကလောက်"

ရေတွေ၊ ရေတွေ . . .

"ဟာ . . . "

လင်းခ မိုက်ခနဲတစ်ချက်ဖြစ်သွားသည်။ အသက်ရှုကြပ်သလိုမောလာ၏။ ပြီးတော့ . . .

ပြီးတော့ . . .

အကြည့်တွေကို ဖန်ခွက်မှ ခွာလို့မရတော့။

ရေတွေ လှုပ်ယမ်းနေသည်။

ဖန်ခွက်နှုတ်ခမ်းကို ဘောင်ဘင်ခတ်နေသည်။

တဝဲဝဲလည်နေသော ရေထဲမှာ . . .

ရေထဲမှာ . . .

လှုပ်ရှားရုန်းကန်နေသော ခြေထောက်တစ်ခု။

"ဟာ . . ."



ကြည့်နေရင်းမှ လင်းခမျက်လုံးတွေ ပြာဝေလာသည်။

လှုပ်နေသည်။ ရေမျက်နှာပြင်ပေါ်မှာ ပူပေါင်းတွေ ပလုံစီနေသည်။ နောက် . . . နောက် . . .

ပေါ်လာသည်။ ရေထဲမှ ဆံပင်လိုလို ဖွာကျဲကျဲ မည်းမည်းအမျှင်တွေပေါ်လာသည်။ ပြီးတော့ . . .

ရေမွန်းသောမျက်နှာတစ်ဝက်။

ရဲရဲတောက်နေသော ရေဝင်မျက်လုံး။

လှုပ်ရှားရုန်းကန်နေသော ရေပွက်ရေလှိုင်းတွေကြားမှမျက်နှာ။

ထိုမျက်နှာအား တီကျသဲကွဲစွာ တွေ့လိုက်ရသည့်နောက်မှာတော့ . . .

"အား . . . "



www.burmeseclassic.com

www.burmeseclassic.com

# XIII

ဖုန်းကိုကောက်ကိုင်ကာ လင်းခ ပြေးထွက်ခဲ့လိုက်သည်။ အော်သံကြောင့် တစ်ဆိုင်လုံး ကြောင်အမ်းသွားကြသော်လည်း သူဂရုမစိုက်တော့။

ဆိုင်ပြင်ရောက်ရောက်ချင်းပင် ဖုန်းနံပါတ်တချို့ကို ကောက်နှိပ်လိုက်သည်။ ဖုန်းက ချက်ချင်းမဝင်။ နောက်တစ်ချက် . . .

မဝင်သေး။

လင်းခ ကမန်းကတန်း နာရီကိုပင့်ကြည့်သည်။ နာရီဒိုင်ခွက်က အချိန်တစ်ခုကို ညွှန်ပြနေ၏။ ပြီးတော့ အက္ခရာသုံးလုံးဖြင့် ပြီးသောနေ့စွဲတစ်ခု။ (Sat)

ဖုန်းကမဝင်သေး။ ချက်ချင်းပင် နံပါတ်တစ်ခုကို ပြောင်းနှိပ်သည်။ ဒီတစ်ခါတော့ ချက်ချင်းဝင်သွား၏။ ဝင်လျှင်ဝင်ချင်းပင် အလျှင်လိုသော စကားစုတို့က လင်းခနှုတ်ခမ်းဆီမှ . . .



"မိုးညာလား . . ."

"အေး . . . လင်းခ . . . ဘာ . . ."

"ငါ ချမ်းအေးဖုန်းကို ခေါ်လို့မရလို့ နင့်ကိုဆက်လိုက်တာ။ ချမ်းအေး . . . ချမ်းအေးကို ငါတွေ့လိုက်တယ်"

"ဘာ . . . နင်ဘာပြောတာလဲ"

သူ၏ အလျှင်စလိုအသံနှင့် စကားတွေကြောင့် မိုးညာ ယောင်ဝါးဝါးဖြစ်နေမှာ သေချာသည်။ သို့သော် . . .

"အခု . . . နင်တို့ လမ်းပေါ်မှာပဲ ရှိသေးတယ်မလား"

"အေးလေ . . . "

"နင် . . . ချမ်းအေးဖုန်းကို ရအောင်ခေါ်လိုက်။ ငါ သူ့အိမ်လိုက်သွားတော့မယ်"

"ဟဲ့ . . . လင်းခ နင်ဘာတွေဖြစ်နေတာလဲ။ ဘာတွေပြောနေတာလဲ"

လင်းခ စကားအများကြီး မပြောဖြစ်တော့ပါ။ ဒါပေမဲ့ တိကျသောစကားတစ်ခွန်းကိုတော့ ရှင်းလင်းအောင် ပြောလိုက်သည်။

"ချမ်း . . . ချမ်းအေးကို ငါ ရေထဲမှာ တွေ့လိုက်လို့"

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com

# XIV

ဖုန်းကို ကျောပိုးအိတ်ပေါ်တင်ပြီးစဉ်မှာပင် ဖုန်းထပ်မြည်လာ၏။ ချမ်းအေး ကောက်ကိုင်လိုက်သည်။ တစ်ဆက်တည်းပင် ရေထဲရောက်နေပြီဖြစ်သော လှေလှော်ဖော်သူငယ်ချင်းများကိုလည်း လက်ပြထားလိုက်သည်။

"ဟယ်လို . . . "

"ဟဲ့ . . . ချမ်းအေး နင်ဘယ်မှာလဲ"

အလျင်စလိုထွက်လာသော မိုးညာအသံကြောင့် ကြောင်သွားမိစဉ် . . .

"ချမ်းအေး . . . နင်ဘယ်မှာလဲလို့"

"မိုးညာ . . . နင့်အသံက ဘာဖြစ်နေတာလဲ"



"ငါဘာမှမဖြစ်ဘူး။ နင်ဘယ်မှာလဲဆိုတာကို ငါ့ကိုပြော"

ပြောရင်းနှင့် မိုးညာအသံက အလျင်စလိုနိုင်လာသည်ကြောင့် ချမ်းအေး မျက်မှောင်ကြုတ်မိသွားကာ . . .

"ငါအခု အင်းယားမှာလေ။ ဘာဖြစ်လို့လဲ"

"ဘာ . . . အင်းယားမှာ"

"အေးလေ"

"ဘာလုပ်နေတာလဲ"

ကျယ်လောင်သွားသော မိုးညာအသံကြောင့် ချမ်းအေးဖုန်းကို နားမှခွာလိုက်ကာ . . .

"ဘာလုပ်ရမှာလဲဟ . . . ထရိန်နင်ဆင်းနေတာပေါ့။ ဒီနေ့ နေ့နေ့လေ"

"ဟယ် . . . ဘုရား . . . ဘုရား။ မဆင်းနဲ့တော့ ကမ်းပေါ် အမြန်ဆုံးတက်"

"မိုးညာ . . . နင်ဘာဖြစ်နေတာလဲ။ ငါက ဘာလို့ကမ်းပေါ် အမြန်ဆုံးတက်ရမှာလဲ"

ချမ်းအေးပင် ဘာမှန်းညာမှန်းမသိ။ အူလည်လည်ဖြစ်သွား၏။ ထိုစဉ် . . .

"လင်းခ နင့်ဖုန်းကို ခေါ်လို့မရလို့ ငါ့ဆီဖုန်းဆက်တယ်။ နင်နင့်ကို ရေထဲမှာတွေ့လိုက်လို့တဲ့"

ချမ်းအေးဘက်မှ အသံတိတ်သွားသည်။ ဒါပေမဲ့ သိပ်မကြာပါ။

"ဟုတ်တယ်လေ . . . တွေ့မှာပေါ့။ ငါခုန လှေလှော်နေတာပဲဥစ္စာ။ သူ အင်းယားကို ရောက်လာသေးတယ်တဲ့လား"

"ကျွတ် . . . မဟုတ်ဘူး၊ ဟိုဟာလေဟာ . . . ဟို . . . လင်းခ . . . လင်းခ . . . ဖြစ်နေတဲ့ရောဂါလေ"

"အေး"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ သူ့အာရုံထဲမှာ နင်ရေနစ်နေတာကို မြင်လိုက်လို့တဲ့"

"ဘာ . . ."

ချမ်းအေးအသံ ကျယ်သွားမည်ထင်သည်။ အနည်းငယ်လည်း ထိတ်လန့်သွားဟန်ရှိသည်။ ဒါပေမဲ့ ချက်ချင်းပင် . . .

"မိုးညာ . . . နင်ယုံနေတာကိုတော့ ငါ အပြစ်မဆိုပါဘူး။ ဒါပေမဲ့ ငါလုံးဝမယုံဘူး"

"ချမ်းအေး"

"ဒီကောင် အခွေကြည့်တာတွေ များသွားပြီ။ စိတ်မဝင်စားဘူးဟာ။ ဟိုမှာ ငါ့အဖော်တွေက ရေကူးဖို့ခေါ်နေပြီ။ ငါရေသွားကူးတော့မယ်"

"ချမ်းအေး . . . "

"နင် လင်းခဆီ ဖုန်းပြန်ဆက်လိုက်။ ချမ်းအေးကပြောတယ် သူ ရေနစ်မယ့်အချိန်ကို စောင့်နေတယ်လို့"

"ဟဲ့ . . . ချမ်းအေး"

"ချမ်းအေး . . . "

ဖုန်းချသွားပေပြီ။ မိုးညာ ခေါင်းနားပန်းကြီးသွားသည်။ လူတစ်ယောက်၏အသက်။

ကံကြမ္မာကို ကြိုမြင်သူနှင့် မယုံကြည်သူ။

မိုးညာ ချက်ချင်းပင် ဘေးမှကားမောင်းသူဘက်လှည့်ကာ . . .

"ကိုဘုန်းခန့်ကျော် ကားကို အင်းယားကိုမောင်းပေးပါ။ အမြန်"

ဘုန်းခန့်ကျော်က ကားမောင်းနေရင်းမှ ခပ်တည်တည် လှည့်ကြည့်ရင်း . . .

"မင်းတို့ အကုန်ရူးနေပြီ"

"ဘာ . . . "

"ငါ အားလုံးကြားလိုက်တယ်။ မင်းတို့အားလုံး ရူးသွားပြီ"

"ဘာရှင့် . . . "



"လင်းခဆိုတဲ့လူပြောတိုင်း တကယ်လိုက်ဖြစ်ရအောင် သူက ဘာ Power တွေရထားလို့လဲ။ ပြီးတော့ ငါတို့ ရုပ်ရှင်ရိုက်ကွင်းထဲ ရောက်နေတာမဟုတ်ဘူး။ အပြင်မှာ ဒီလိုကိစ္စမျိုးရှိတယ်ဆိုတာ မင်း ကြားဖူးလား"

ဒေါသစိတ်ကြောင့် မိုးညာ ချက်ချင်းမပြောနိုင်အောင် ဖြစ်သွားသည်။ ဘေးမှ ခပ်အေးအေး သွေးအေးနေသူ ဘုန်းခန့်ကျော်ကိုလည်း ရှုံ့သွားရ၏။ ဟိုမှာက လူတစ်ယောက်၏အသက်။ ပြီးတော့ သူငယ်ချင်း။

ဒီလူနှင့် စကားငြင်းနေလျှင်လည်း အချိန်ကြာရုံပဲရှိတော့မည်။ ဒီတော့ . . .

"ကျွန်မကို ကားရပ်ပေး"

သူမစကားကြောင့် ဘုန်းခန့်ကျော်က နားမလည်စွာ လှည့်ကြည့်သည်။

"အခုချက်ချင်း ကားရပ်ပေးတော့။ ရှင် အဲဒီလောက်ထိ လူမှုရေး စိတ်ဓာတ်ခေါင်းပါးလိမ့်မယ်လို့ မထင်ထားဘူး"

"ဘာကွ . . . "

ဘုန်းခန့်ကျော်၏ အသံကျယ်သွားမှုကြောင့် သူမ၏မျက်မှောင် ကြုတ်သွားမိ၏။ သူမ ဘာစကားမှားသွားလို့လဲ။

ဘုန်းခန့်ကျော်က ဘရိတ်ကို ဆောင့်နင်းကာ ကားကိုလမ်းဘေးသို့ ထိုးချလိုက်၏။ ပြီး သူမကို ဘာမှန်းမသိသော မျက်ဝန်းတွေဖြင့် ကြည့်သည်။ ဘုန်းခန့်ကျော်မျက်လုံးထဲမှာက အငွေ့အသက်တစ်ခု။

မနာလိုမှုလား မဟုတ်။

သူမ အဓိပ္ပာယ်မဖော်တတ်။ ခံပြင်းမှုလည်း ဖြစ်နိုင်သည်။

ထိုစဉ်မှာပင် ဘုန်းခန့်ကျော်က စကားပြောမည့်ဟန် ပါးစပ်ပြင်သည်။ ဒါပေမဲ့ အတားအဆီးတစ်ခုနဲ့ ခံသွားသလို မပြောတော့ပဲ မျက်နှာလွှဲသွား၏။ ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ချောက် . . ."

သူမဆေးမှတ်ခါးက Lock ပွင့်သွားသည်။ မိုးညာ ဘာကိုမှ မစဉ်းစားတော့ပါ။ ချက်ချင်းပဲ ကားပေါ်မှဆင်း၍ အမြန်ဆုံး လှုပ်ရှားမှု ဖြင့် အငှားကားတစ်စီးကို ငှားလိုက်သည်။ နောက် . . .

"ဘုရားသခင် . . . တပည့်တော်မတို့ ပြုနိုင်ပါစေ"



BURMESE CLASSIC .com

သေခါနီးလူတွေက သူတို့သေမယ့်အချိန်ကို
သူတို့အလိုလို သိနေကြတယ်တဲ့၊
ပြီး . . . သေဆုံးခြင်းနဲ့ ပတ်သက်ပြီး
စကားအရိပ်အမြွက်တွေ ပြောကြတယ်။
ဥပမာ . . .
"ငါသေရင် . . ."
ဆိုတာမျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ငါ့သေရင် အလောင်းလှလှလေး ဆင်ပေးပါတို့၊
မီးမသင်္ဂြိုဟ်ပါနဲ့တို့၊
မိသားစုတွေ လိမ်လိမ်မာမာနေရစ်ခဲ့ကြတို့၊
ငါ့နာမည်နဲ့ အလှူလုပ်ပေးပါတို့၊
ငါ့ပိုင်ဆိုင်မှုတွေ သေတမ်းစာမှာပါတဲ့အတိုင်း
ခွဲဝေယူကြတို့၊
စသည် . . . စသည်ဖြင့်ပေါ့မျာ။
သေမယ့်အရေးကို သေတမ်းစာအရှည်ကြီးရေး
အသက်မထွက်ခင် မောမောပန်းပန်းနဲ့
အမှာစကားတွေ အများကြီးပြော
အရမ်းစိတ်ပျက်ဖို့ကောင်းတယ်၊
ကျွန်တော်ဆိုရင်တော့ ရှင်းရှင်းလေးတစ်ခွန်းပဲပြောမှာ။
"ဖဲပိုင်းထောင်တော့လို့"



# XV

ကန်ပေါ်သို့ ရောက်လျှင်ရောက်ချင်းပင် မိုးညှာ ထိတ်ခနဲဖြစ်သွားသည်။ ကမ်းစပ်တွင် စုရုံးအုံကြွနေကြသောသူများ။ ထိုလူများကိုမြင်လိုက်ရရုံနှင့် . . .

'ဘုရား . . . ဘုရား'

လူတွေက တစ်နေရာကို ပတ်လည်ဝိုင်းကာ စုဖွဲ့နေကြခြင်းဖြစ်သည်။ အကုန်လုံး၏ သဏ္ဍာန်မှာလည်း တစ်စုံတစ်ရာ စိုးရိမ်ထိတ်လန့်ဟန်တွေ အပြည့်။

မိုးညှာ လမ်းဆက်မလျှောက်နိုင်တော့။ ထိုအခြင်းအရာကိုကြည့်၍ ကြက်သေသေသွားသည်။ စိုးရိမ်နောက်ကျမှုတွေက ရင်ထဲမှာ တစ်ရစ်ချင်း မြင့်တက်ကြီးစိုးသွားပြီးသည့်အဆုံး . . .

"ချမ်းအေး . . ."

နာမည်တစ်ခုက သူမနှုတ်မှ တိုးခတ်စွာ နှမ်းလျလျကျသွားတော့သည်။ သွားလေပြီ။ သူမ နောက်ကျသွားပြီ။ လိုက်ခနဲတက်လာသော ဝမ်းနည်းဆို့နင့် ကြေကွဲမှုတွေက . . .

သူမမျက်လုံးအိမ် ဝေဝါးသွားပါပြီ။ သူတို့၏ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် နံဘေးဆီမှဖြတ်သွားသော လူတစ်ယောက်၏ စကားသံကို ကြားရသည်။

"လေ့လော့်ရှက်တိုက်အသင်းက ကောင်လေးတစ်ယောက်ပါ။ ရေကူးရင်း ရေနစ်သွားလို့"

ထိုစကားလုံးက ရင်ဝသို့ ဒိန်းခနဲ တက်ဆောင့်သည်။ မျက်ရည်တစ်စက် မျက်ဝန်းအိမ်မှာ ပြိုက်ခနဲ။ ပြီးတော့ သူမနားစည်မှာ ခုန ချမ်းအေးနှင့်ပြောဆိုခဲ့သည့် စကားများ။

မတ်တတ်ရပ်နိုင်စွမ်း လျော့နည်းသွားကာ မိုးညာ ထိုင်ချလိုက်သည်။ ပြီးတော့ . . . ပြည့်လျှံလာသည့် ငိုရှိုက်မှုတွေက ထိန်းမရနိုင်စွာ စွတ်စို ကျကုန်တော့၏။ လူများစရာအကြောင်းလည်း မရှိတော့။

"ချမ်းအေး . . . ချမ်းအေး . . . "

ဟု တတွတ်တွတ်ခေါ်ဆိုနေသည့် တစ်စုံတစ်ယောက်သော အသံက သူမနားစည်ကို ပွတ်တိုက်နေသည်လေ။ ဟုတ်ပါသည်။ ဝိုင်းအုံကြည့်ရှုနေကြသူတွေအလယ်မှ တစ်စုံတစ်ယောက်က ချမ်းအေးနာမည်ကိုခေါ်ကာ လှုပ်နှိုးနေသည့်ထင်၏။

သူမ သွားမကြည့်ရက်တော့သလို၊ သွားချင်စိတ်လည်း မရှိတော့။ အခုလိုမျိုးအချိန်တွင် လင်းခကို သတိရမိသည်။ သူမတို့တတ်နိုင်သလောက် သတိပေးကယ်တင်ခဲ့ပါသည်။ ဒါပေမဲ့ . . .

တအင့်အင့်ငိုရှိုက်နေသော သူမကို အနီးပတ်ဝန်းကျင်လူများကတော့ သတိထားမိပေမည်။ ကာယကံရှင်နှင့် တစ်နည်းတစ်ဖုံ ပတ်သက်လိမ့်မည်ဟုလည်း တွက်မိကြလိမ့်မည်။ သူမငိုနေသည်ကိုပဲ သတိထားမိတော့၏။ သူမဘေးမှ တစ်ယောက်ပြီးတစ်ယောက် ကမ်းစပ်သို့ ဖြတ်ကျော်သွားကြသည်။

ထိုစဉ် . . .

"ဟာ . . . သတိရလာပြီ၊ သတိရလာပြီ"

ဝမ်းသာအားရကြားလိုက်သော အော်ဟစ်သံတစ်ခု။



ဟင် . . .

မိုးညာခေါင်းမော့သွား၏။ ချက်ချင်း မတ်တတ်ရပ်မိသွားသည်။ ဝိုင်းအုံကြည့်နေကြသော လူတွေအကုန်လုံးလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ချမ်းအေး . . . ဟော့ကောင် . . . ချမ်းအေး။ ဟာ . . . သတိရလာပြီ"

ဘယ်ကတွန်းပို့လိုက်မှန်းမသိသော တွန်းအားတစ်ခုက သူမခန္ဓာကိုယ်ကို လူအုပ်ကြားထဲသို့ ရောက်သွားစေသည်။ ပြီး ရှေ့သို့တိုးဝင်ကြည့်ရှုလိုက်တော့ . . .

ရေစိုဆံပင် ဖွာလန်ကျဲအောက်မှ နွမ်းလျလျမျက်နှာတစ်ခု။ သူမကိုတွေ့တော့ တစ်ချက် မျက်နှာပျက်သွားသည်။

"ချမ်းအေး . . . "

မထူးပေ။ ဒါပေမဲ့ ဖော်မပြနိုင်သော နောင်တတစ်ခု မျက်နှာပေါ်ဖြတ်ပြေးသွားကြောင်း တွေ့လိုက်သည်။ ထိုစဉ် . . .

လူအုပ်ကြားထဲသို့ တစ်စုံတစ်ယောက် ပြေးဝင်လာ၏။ ဘာမျှမဆိုင်စွာ ထိုလူဝင်လာသည်နှင့် လူအုပ်ကြီးက ရှဲသွားသည်။ မိုးညာကြည့်လိုက်မိတော့ . . .

စိုးရိမ်ပူပန်မှု၊ မောပန်းနွမ်းလျမှုတို့နှင့် လူတစ်ယောက်။ ပြေးလာသည့်အရှိန်ကြောင့် ရင်ဘတ်တို့မှာ နိမ့်ချည်မြင့်ချည် လှုပ်ရှားနေသည်။

ဒါပေမဲ့ ချမ်းအေးကိုမြင်ပြီးနောက် မျက်နှာမှာ ပုံစံပြောင်းသွား၏။ အံ့သြဝမ်းသာမှုအရောင်တွေ ဟပ်သွားသည်။

သူက 'လင်းခ'

လင်းခကို တုံ့ပြန်သည့် ချမ်းအေး၏ အပြုံးတစ်ခုကတော့ ခပ်နွမ်းနွမ်း။



www.burmeseclassic.com

www.burmeseclassic.com

# XVI

“လင်းခ . . . နင်က သိုက်ဆိုတာကို ယုံတယ်လား”

မိုးညာဆီမှ စကားသံတိုးညင်းညင်းက မပေါ့မပါးတိုက်လာသော လေနှင့်အတူ လွင့်ပါကာလာသည်။ ယခုတော့ အင်းယားမှာ ခုန လိုလူသူတွေ ပြည့်မနေတော့ပါ။ စိတ်ဝင်တစား ဝိုင်းအုံကြည့်ရှုမည့်သူတွေလည်း မရှိတော့။ သူတို့အုပ်စု အရင်ထိုင်နေကျဆိုင်မှာ နှစ်ယောက်သား ထိုင်နေကြခြင်းဖြစ်သည်။

ချမ်းအေးကတော့ သူ့ကိုယ်သူ ရှက်သွားတာလား၊ လင်းခနှင့် မိုးညာကိုပဲ မျက်နှာချင်းဆိုင်ရမှာ မျက်နှာပူလို့လားမသိ။ လိုက်အပို့မခံပဲ သူ့ဘာသူပြန်သွားသည်။ လင်းခ သက်ပြင်းတစ်ခုကို မှုတ်ထုတ်လိုက်ကာ . . .

“လွန်ခဲ့တဲ့ တစ်လလောက်ကထိ သိုက်ဆိုတာကို ငါမယုံသေးဘူး။ ဒါပေမဲ့ အခု ယုံရမလိုဖြစ်နေပြီဟာ”



မိုးညာ သူ့ကိုလှည့်ကြည့်သော်လည်း ပြန်မကြည့်ဖြစ်ပါ။ စိတ် မျက်နှမ်းလျှစွာ ကုလားထိုင်နောက်ကျောမှီကို မှီချလိုက်၏။ နောက် သူတို့ စကားသံတွေ တိတ်သွားသည်။

ကောင်းကင်က အနောက်တောင်မှတ်သုန်ပီသစွာ အုံ့မှိုင်းနေ၏။ တိမ်ဝန်းကျင်တစ်ခုလုံးက လေးလံနေသည်။ ကန်ရေပြင်ကို ပွတ်တိုက်လာသောလေက မိုးစက်ရေမှုန်တွေကို သယ်ဆောင်လာသည်။ သူတို့မျက်နှာနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတချို့မှာ အေးစက်စက်။ ထိုစဉ်မှာပင် . . .

“ငါ လာမယ့် (၁၀)ရက်နေ့မှာ ဘုန်းခန့်ကျော်နဲ့ စေ့စပ်ရတော့မယ်”

နှစ်ဖက်သွားဓားတစ်ချောင်း ထိုးစိုက်ခံလိုက်ရသလို ရင်ဝမှာ နာ၍ အောင့်သွားသည်။ ပြီးတော့ အလိုမကျသော လက်မခံနိုင်မှုတွေ ပြည့်သိပ်သွား၏။ ဒါပေမဲ့ . . .

တည်ငြိမ်နေသော သူ့မျက်နှာကိုကြည့်၍ မိုးညာ အားမရစွာ နှုတ်ခမ်းတစ်ဖက်ကို ကိုက်သည်။ လင်းခ နားလည်ပါသည်။ မိုးညာ ဘာကိုဆိုလိုမှန်းသိသလို သူဘာလုပ်ရမည်ဆိုတာလည်း သိသည်။ လှုပ်ရှားမှုမဲ့နေသော သူ့ကိုကြည့်၍ မိုးညာ မနေနိုင်တော့စွာ . . .

“နင် ငါ့ကို ဘာမှပြောစရာ မရှိဘူးလား”

မိုးညာအသံက တုန်နေသည်။ သူ့ရင်ထဲမှာ လှိုင်းထန်သွား၏။

“ဘယ်လိုပြောလိုက်တာလဲ မိုးညာရယ်။ ပြောချင်တာပေါ့။ ရင်တစ်ခုလုံး ပေါက်ကွဲလွင့်စင်သွားရလောက်အောင်ကို ငါ့မှာ ပြောစရာတွေရှိပါတယ်။ အခြေအနေတစ်ခုကြောင့်ပါ”

ရင်ထဲမှပြောမိသောစကားစုက ရင်ထဲသို့ပဲ ကျဆင်းသွားသည်။ သို့သော် တကယ့်တကယ် ပြောလိုက်မိသည်က . . .

“နင့်ကိုငါ တစ်ခုပြောပြမယ်။ နင်သေချာနားထောင်နော်။ ပြီးတော့ ငါမေးတာကို သေချာဖြေ”

အခြေအနေတစ်ခုက ရုတ်ခြည်း ငြိမ်သက်သွား၏။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်က ပါးလျသွားသည်။

"သုံးရက်ပဲသက်တမ်းရှိတဲ့ အင်းဆက်တစ်ကောင်ဆိုပါတော့။ ဥပမာ 'ခြင်' ပဲထားလိုက်ပါ။ သုံးရက်ပဲသက်တမ်းရှိတဲ့ ခြင်တစ်ကောင်ဟာ သူ့ရဲ့ ဒုတိယမြောက်နေ့ရက်မှာ ပျံသန်းရင်း လိပ်ပြာမလေးတစ်ကောင်ကိုတွေ့ပြီး ချစ်သွားတယ်ဆိုပါတော့။ မျိုးနွယ်ကွဲပြားမှုတွေ၊ ဗီဇစရိုက်တွေ၊ စည်းမျဉ်းတွေအားလုံး ဘေးဖယ်ထားလိုက်။ အဲဒီခြင်လေးဟာ လိပ်ပြာမလေးကို ချစ်ရေးဆိုမယ်ထင်လား"

မိုးညာက ခပ်တည်တည်ကြည့်သည်။ ပြီး . . .

"နင်ပြောကြည့်ပါဦး"

"ငါ့အထင်ပြောရရင်တော့ ချစ်ရေးဆိုမှာမဟုတ်ဘူး။ တကယ်လို့ ချစ်ရေးဆိုလိုက်ရင် လိပ်ပြာမလေးအပေါ် လုံးဝမတရားရာ ရောက်သွားလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"သူ့အတွက်သက်တမ်းက တစ်ရက်ပဲကျန်တော့တာလေ။ ချစ်ရေးဆိုလိုက်လို့ လိပ်ပြာမလေးကလည်း ပြန်ချစ်မိသွားခဲ့ရင် ချစ်သူတွေအဖြစ် တစ်ရက်တာလက်တွဲပြီးတဲ့နောက်မှာ ခြင်ထီးလေးရဲ့ဘဝက ချုပ်ငြိမ်းသွားပြီ။ အဲဒီအခါမှာ လိပ်ပြာမလေးရဲ့ ကျန်ဘဝအချိန်တွေကို ပူဆွေးဝမ်းနည်းမှုတွေချည်း ပေးပစ်ခဲ့ရမှာ။ ဘယ်တရားပါ့မလဲ။ မဟုတ်ဘူးလား"

မိုးညာ တွေဝေသွားသည်။ ပြီးတော့ သူ့ကို မျက်မှောင်ကြုတ်၍ ကြည့်သည်။

"ဟုတ်မှာပါ။ အဲဒီခြင်ကလည်း နင့်လိုပဲ သိုက်ကလာတာဖြစ်မယ်ထင်တယ်"

မိုးညာ၏ ခနဲ့တဲ့တဲ့စကားကြောင့် သူ ပြုံးလိုက်မိသေး၏။

"သေခါနီးလူတွေဟာ သူတို့သေမယ့်အချိန်ကို သူတို့အလိုလိုသိကြတယ်တဲ့။ ပြီးတော့ အနီးအနားကလူတွေကို အမှတ်မထင်ပြော



တတ်ကြတယ်။ အဲဒါကို အပြောခံရတဲ့သူတွေက သတိမထားမိကြဘူး"

ဒီတစ်ကြိမ်တွင်တော့ မိုးညာက သူ့ကို စူးစိုက်ကာကြည့်သည်။ ပြီးတော့ . . .

"ဆိုင်လို့လား"

လင်းခ ဟီးခနဲရယ်လိုက်ရင်း . . .

"မဆိုင်ပါဘူး။ သေဆုံးတဲ့အကြောင်းတွေပြောလို့ နင်ကြောက်သွားလာမလားဆိုပြီး ပြောကြည့်တာ"

နောက် လင်းခ ကောက်ခါငင်ကာ စားပွဲမှထသွားသည်။ ပြီး ခဲတစ်လုံးကိုကောက်ကာ ကန်ရေစပ်သို့ဆင်းသွားပြီး ရေပြင်ကျယ်ကြီးဆီသို့ အားနှင့် ပစ်ပေါက်လိုက်၏။

ခဲလုံးလေးက လေဟာနယ်ကိုဖြတ်ကာ ရေမျက်နှာပြင်ပေါ်သို့ ဗွမ်းခနဲ ထိုးကျသွားသည်။ ထိုအခြင်းအရာအား လင်းခ သေချာကြည့်နေရင်းမှ သူမဘက်သို့လှည့်ကာ . . .

"မိုးညာ . . . တစ်ခါတစ်ခါတော့ လူတွေက အရမ်းရယ်ရတာပဲ။ ငါအခုပစ်လွှတ်လိုက်တဲ့ ခဲလုံးလိုပဲ"

သူမ ထိုင်နေရာနှင့် ရေကန်စပ်က သိပ်မကွာသည်မို့ လင်းခ အကျယ်ကြီးအော်မပြောရပေ။ လင်းခ နောက်ထပ် ခဲတစ်လုံးကောက်ယူရင်း ရေထဲသို့ ထပ်လွှင့်ပစ်ကာ . . .

"လူတွေက ရည်မှန်းချက်တွေ၊ မျှော်လင့်ချက်တွေ ကိုယ်စီပိုက်ပြီး ခုနခဲလုံးလိုပဲ လောကကြီးထဲကို ခုန်ဆင်းလိုက်တယ်။ အားထုတ်မှုအလိုက်၊ ကြိုးစားမှုအလိုက် အောင်မြင်ကြတဲ့အခါမှာ ခဲလုံးရေထဲကျသလိုပေါ့။ 'ဗွမ်း' ခနဲ မြည်သွားတယ်။ ရေတွေက အထက်ကို ခုန်တက်လာတယ်။ ဒါ အောင်မြင်မှုတွေပေါ့။ လူတွေက အဲဒါတွေကို သာယာသွားကြတာဟ။ တကယ့်အစစ်အမှန် ချမ်းသာမှုတွေလို့ သဘောပိုက်သွားကြတာ။

ဒါပေမဲ့ နောက်ဆုံးမှာ ဘာဖြစ်လဲ 'ဗွမ်း' ဆိုတဲ့အသံ ပျောက်



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်။ ခုန အပေါ်ကိုမြင့်တက်လာတဲ့ရေတွေ ပြန်ငြိမ်သွားတယ်။ ဘယ်အရာမျှ ပုံသေကားချပ်မဟုတ်ဘူးဆိုတာ သူတို့ သတိမထားမိကြဘူး။ အောင်မြင်မှုတွေ ပျောက်ဆုံးသွားလို့ မြင့်တက်လာတဲ့ရေတွေ ပြန်ငြိမ်သွားလို့ သရေပဲလို့မထင်နဲ့နော်။ သူတို့အများကြီး ရှုံးသွားပြီ။ ရေထဲကို တဖြည်းဖြည်း မြုပ်ဆင်းသွားတဲ့ ခဲလုံးလိုပဲ။ သူတို့လည်း သံသရာဆိုတဲ့ အမှောင်ရေနက်ထဲကို တစ်စထက်တစ်စ နစ်မြုပ်သွားရပြီ။

တကယ်တော့ လူတွေက တွေးကြည့်လေ ရယ်ဖို့ကောင်းလေပဲ"

ပြောပြီး လင်းခ ခပ်တိုးတိုးရယ်၏။ မိုးညာကတော့ လိုက်မရယ်ပေ။ ဒါပေမဲ့ သူ့စကားကို ထောက်ခံသလိုရှိသည်။ လင်းခစားပွဲဆီသို့ ပြန်လျှောက်လာကာ မိုးညာနှင့် မျက်နှာချင်းဆိုင်တွင်ရပ်၍ . . .

"မိုးညာ . . . နင်စိတ်ညစ်နေတယ်မလား"

". . . . ."

"အားလုံး လျှော့ပစ်လိုက်ဟာ လာ . . . ငါတို့ ကလေးခဏ ပြန်လုပ်မယ်"

မိုးညာက ကြောင်တောင်တောင်နှင့် ကြည့်သည်။ မြူးတူးရယ်ပြုံးရိပ်ဝင်နေသော သူ့မျက်နှာအား သေချာကြည့်၍ . . .

"ဘယ်လိုကလေးလုပ်မှာလဲ"

လင်းခ ဘေးဘီကို ဝေ့ကြည့်လိုက်သည်။ သူတို့နှင့် ခပ်လှမ်းလှမ်းကန်ပေါင်ပေါ်တွင် ကလေးတစ်အုပ် စွန်လွှတ်နေကြ၏။ ထိုအခြင်းအရာအားကြည့်ကာ လင်းခ အကြံတစ်ခုရလိုက်သည်နှင့် . . .

"ခဏလေးစောင့်"

ပြောပြီး လင်းခ အနီးအနားမှ မုန့်ဆိုင်တစ်ခုဆီသို့ ပြေးသွားလိုက်သည်။ ပြန်လာတော့ လက်ထဲတွင် ပလပ်စတစ်ကြိုးတစ်ထုံး ပါလာ၏။ လင်းခလက်ထဲမှ ကြိုးထုံးအားကြည့်၍ မိုးညာက . . .

"ဒီကြိုးတွေက ဘာလုပ်ဖို့လဲ"



ကျဲကျဲပြုံးလိုက်ရင်း ကောင်းကင်၌ လူးလာပျံနေသော စွန်လေးနှစ်ကောင်ကို ထိုးပြကာ . . .

"နင်နဲ့ငါ အလောင်းအစားတစ်ခုလုပ်မယ်။ ဟိုမှာ ကလေးတွေလွှတ်နေတဲ့ စွန်နှစ်ကောင်ကို တွေ့လား"

မိုးညာက သူညွှန်ပြရာဆီသို့ မော့ကြည့်ရင်း . . .

"အင်း . . . တွေ့တယ်လေ။ အဝါလေးတစ်ကောင်၊ အနီလေးတစ်ကောင်"

"အေး . . . အဲဒီနှစ်ကောင် ကြိုးငြိနေကြပြီ။ မကြာခင် တစ်ကောင်ပြတ်တော့မှာ။ နင် ဘယ်ဘက်ကနေမလဲ။ နင်နဲ့ငါနဲ့ ဘယ်အကောင်ပြတ်မလဲ လောင်းမယ်"

မိုးညာက သူ့အားကြည့်သည်။ ပြီး ကောင်းကင်မှစွန်နှစ်ကောင်ကိုကြည့်ကာ မျက်နှာတစ်ချက်ပြုံးသွား၏။

"လောင်းကြေးကတော့ ရှုံးတဲ့လူက ဖိနပ်နှစ်ဖက်ကို လက်မှာကြိုးနဲ့တွဲလောင်းချည်ပြီး ဖိနပ်မစီးပဲ ကန်ပေါင်ဟိုဘက်ဆုံးကို လမ်းလျှောက်ရမယ်"

"အဲ . . ."

မျက်နှာတစ်ချက် ရဲသွားကြောင်း တွေ့လိုက်ရသော်လည်း မဲ့ပြုံးတစ်ခုပြုံးပါသည်။ ပြီးတော့ သူ့အား ခပ်တည်တည်ကြည့်ကာ . . .

"ok. . . . ငါအနီယူမယ်"

မိုးညာအသံလေး သွက်လက်စွာထွက်ပေါ်လာတော့ . . .

"ဒါဆို ငါကအဝါပေါ့"

သူတို့ ရင်တထိတ်ထိတ်နှင့် ကြည့်မိကြသည်။ စွန်နှစ်ကောင်က ဘယ်ညာယိမ်းရင်း လူ့ပ်ယမ်းကာ တိုက်ခိုက်နေကြ၏။ သူတို့နှင့်ယောက်မှာ ဝေဟင်မှ စွန်တိုက်ပွဲအားကြည့်ရင်း အားမလိုအားမရ ဖြစ်ကာနေသည်။

ထိုစဉ် လင်းခစွန်မှာ ရေပြင်နားသို့ တဖြည်းဖြည်း ဆိုက်ကျ



www.burmeseclassic.com

www.burmeseclassic.com

လာ၏။ သူ ရင်ထိတ်သွားသည်။ သူမ [illegible] ချက်ချင်းပင်ဦးမော့ကာ ထိုးတက်သွားပြီး သူမစွန်အနီပေါ်သို့ကျော်ကာ လေကြောင်းတစ်ခုကိုယူလိုက်တော့ . . .

စွန်လေးက လေကြောင်းမိကာ ပတ်ချာလည်သွား၏။ လင်းခ ပြုံးမိသွားသည်။ ဒီတစ်ချီငြိလျှင် သူ့စွန်နိုင်ပေပြီ။ မကြာပါ။ သူမစွန် အဝါက အောက်မှနေ၍ အထက်သို့ ပိုင်းတက်လိုက်သည်။

လွှင့်ခနဲ ယိမ်းသွားမှုနှင့်အတူ စွန်က ကော့သွားပေပြီ။

"ဟေး . . ."

လင်းခ ဝမ်းသာအားရ ထအော်လိုက်တော့ သူမ မခံချိမခံသာ ခေါင်းကိုကုတ်သည်။ ပြီး နမြောသလို လွင့်မျောသွားသော စွန်အနီလေး အား လိုက်ကြည့်ကာ . . .

"ဘာမှန်းလည်းမသိဘူး။ စွန်လည်း မဖြတ်တတ်ကြပဲနဲ့ အောက် ကဝင်ပိုင်းတော့ ပြတ်မှာပေါ့"

စွန်လွှတ်နေသော ကလေးများအားကြည့်ရင်း စူပွစူပွပြော၏။ ကလေးဆန်နေသော သူမအားကြည့်ရင်း လင်းခ တစ်ချက်ရယ်လိုက် ကာ . . .

"ဘာမှလာရှင်းပြမနေနဲ့။ လက်ပေးတော့"

"ဘာလဲ"

စားပေါ်တင်ထားသောလက်အား ဆတ်ခနဲအောက်ချရင်း မျက် စောင်းထိုးကာပြောသည်။

"ဟာ . . . အလောင်းအစား လုပ်ထားတယ်လေ"

"ဘာအလောင်းအစားလဲ။ ဘာအလောင်းအစားမှ မလုပ်ဘူး"

"မိုးညာ . . . နင်မညစ်နဲ့နော်။ နင်ပဲသဘောတူလို့ အရင်ဆုံး ကြိုက်တဲ့စွန် ရွေးလိုက်ပြီးတော့"

"ဘာလဲ . . . အဲဒါ နင်ယူခိုင်းတာ"

"အံမယ် . . . ဘယ်သူက ယူခိုင်းတာလဲ။ သူ့ဘာသာ ကြိုက်



[illegible]

မျက်နှာရဲရဲနှင့် အတင်းငြင်းနေသော မိုးညာအား ကြည့်ရင်း လင်းခ ရယ်ချင်လာသည်။ ဒါပေမဲ့ ရယ်ချင်စိတ်ကိုထိန်းကာ . . .

"နင် မိန်းမမဟုတ်ဘူးလား"

"ဟုတ်တယ်လေ မိန်းမ"

"မိန်းမဆို ကတိတည်ရတယ်"

"ဘယ်သူပြောလဲ"

"ငါပြောတာ"

မိုးညာက နှုတ်ခမ်းကိုမဲ့ကာ သူ့အား မျက်စောင်းထိုး၍ကြည့် ရင်း . . .

"နင်ကရော ယောက်ျားမဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

"ယောက်ျားဆိုတာ အားနွဲ့သူကို ညှာရတယ်"

"ဘယ်သူပြောလဲ"

"ငါပြောတာ"

"ငါက ဘာကိုညှာရမှာလဲ"

သူ့စကားကြောင့် မိုးညာက စဉ်းစားလိုက်သလို မျက်စိအား တစ်ချက်စုံမှိတ်လိုက်ရင်း . . .

"ငါနဲ့အတူတူ ဖိနပ်ချွတ်ပြီး လိုက်လျှောက်ရမယ်"

လင်းခ အတန်ငယ်တည်သွားသည်။ ဒါပေမဲ့ ခဏပင်။

"ပြီးရော . . . ငါပါလိုက်လျှောက်မယ်။ ငါတို့နှစ်ယောက်လုံး ဒီညနေ ကလေးပြန်ဖြစ်သွားပြီ"

"ဟီး ဟီး"

နောက်တော့ သူတို့နှစ်ယောက် ဖိနပ်ကိုယ်စီကို ကြိုးတန်းလန်း နှင့် လက်မှာချည်ကာ ဆိုင်ထဲမှထွက်ခဲ့သည်။ ဖိနပ်မှာတစ်စ လက်မှာ တစ်စ တွဲလောင်းချည်ထားသည့်အတွက် ဖိနပ်နှစ်ဖက်က [illegible]လပ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com

လပ်နှင့် လှုပ်ရမ်းကာပါလာသည်။

ပထမတော့ မိုးညာမှာ ရှက်ရွံ့ရွံ့ဖြစ်နေသော်လည်း တစ်ယောက်ပုံစံ တစ်ယောက်ကြည့်ကာ ရယ်နေရင်းနှင့်ပင် ပုံစံကျသွားသည်။ ထို့နောက်တော့ သူတို့မှာ လူအများသတိပြုမိစရာလူနှစ်ယောက် ဖြစ်သွားတော့၏။

ကွက်ကြည့်ကွက်ကြည့်နှင့် လုပ်ကြသော်လည်း သူတို့နှစ်ယောက်ကတော့ အေးဆေးစွာပင် လျှစ်လျူရှုခဲ့ကြသည်။ ခုံတစ်လုံးပေါ်တွင် အတင်းဖက်ကာ အရသာခံနေသော စုံတွဲတစ်တွဲနားအရောက် မိုးညာက စတင်၍ . . .

"တော်ပြီကွာ . . . တော်တော့။ ဒီမှာ မနေတတ်တော့ဘူး။ သူ့ချွေးတော်တွေ တော်တော်နံနေပြီ"

ထိုနှစ်ယောက်က သဘောပေါက်စွာ ဒိုင်းခနဲမော့ကြည့်သည်။ လင်းခ ဝင်လိုက်ရပါ၏။ ချက်ချင်းပင် ရေမွှေးနံ့သင်းနေသော အကျီကို ငုံ့နမ်းကာ . . .

"မနံပါဘူးကွာ။ အချစ်ကလည်း ဒီမှာ နမ်းကြည့်ပါလား"

ထိုစုံတွဲ ခေါင်းပြန်ငုံ့သွားသည်။ သူနှင့်မိုးညာကတော့ ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ ရယ်မိကြသည်။ ခြေဆယ်လှမ်းမပြည့်သေးခင်မှာပင် နောက်ထပ်တစ်တွဲဆီ ရောက်လာသည်။ ယခုအတွဲကတော့ နောင့်ယှက်သူဝေးအောင် ထီးပါကွယ်ထား၏။

ဒီတစ်ခါ လင်းခအလှည့် . . .

"တစ်ခါတည်းကွာ . . . တစ်ခါတည်း။ ဒီတစ်ခါ နောက်ဆုံးပဲ"

"မရဘူးကွာ တော်ပြီ။ ဟိုမှာ လူတွေမြင်ကုန်မယ်"

"မမြင်ပါဘူးကွာ။ ဒီလောက် ထီးကြီးကွယ်ထားတဲ့ ဥစ္စာကို"

ထီးက ဆတ်ခနဲမော့သွား၏။ ဒိုင်းခနဲမျက်နှာတွေကို တည့်တည့်လိုက်ရသည်။ အတော်ဝေးဝေးရောက်ပါမှ ဟီးခနဲ ရယ်မိကြသည်။ ဖြတ်



သွားဖြတ်လာများကလည်း သူတို့နှစ်ယောက်ကို အထူးအဆန်းသဖွယ်ကြည့်သွားကြသည်။ သူတို့နှစ်ယောက်ကတော့ ဘာကိုမျှ ဂရုမစိုက်စွာ ပေပ်တည်တည်ပင် လျှောက်လာခဲ့ကြပါ၏။

တစ်နေရာရောက်တော့ . . .

"လင်းခ . . . ရေဆာတယ်ဟာ။ ရေဝယ်လိုက်"

ခပ်လှမ်းလှမ်းမှ ဈေးသည်ကောင်းလေးတစ်ယောက်အား လှမ်းခေါ်၍ လင်းခ ရေဘူးဝယ်သည်။ ပြီး . . . အဖုံးဖွင့်ကာ မိုးညာဆီပေးတော့ . . .

"ဟဲ့ . . . ဒီဖိနပ်ကြီးတွေနဲ့"

ဖိနပ်က လက်ကောက်ဝတ်မှ ကြိုးတန်းလန်းနှင့် ဘယ်ညာယမ်းနေသည်ကြောင့် သောက်ရခက်နေသည်။ လက်မြှောက်လိုက်စဉ် ဖိနပ်က လူပေါ်သို့ကျလာ၏။ မိုးညာပုံစံကိုကြည့်၍ လင်းခရယ်လိုက်ကာ –

"ဟင့်အင်း . . . ဟိုဘက်ထိပ်မရောက်သေးဘူး။ ဒီအတိုင်းပဲသောက်။ ငါကိုင်ပေးမယ်"

မိုးညာ ရေမော့သောက်တော့ သူမဖိနပ်အား လင်းခကိုင်ထားပေးရသလို လင်းခရေသောက်တော့လည်း ဖိနပ်ကို သူမက ကိုင်ပေးရသည်။ ပြီးတော့ လမ်းတစ်လျှောက် တွေ့တွေ့သမျှတို့ကို စနောက်သွားသည်။ ကလေးငယ်တစ်ယောက်လို ပျော်ရွှင်မြူးတူးနေသော မိုးညာကိုကြည့်ကာ လင်းခ ကြည်နူးမိသည်။

ဒီလိုနှင့် ဟိုဘက်ထိပ်ရောက်တော့ ဖိနပ်ကိုယ်စီပြန်စီးကာ လာရာလမ်းအတိုင်း ပြန်လျှောက်ခဲ့ကြ၏။ လင်းခက လမ်းပေါ်ရှိနေသော ခဲလုံးလေးများကို ရေထဲသို့ကန်ချရင်းမှ . . .

"မိုးညာ . . . နင့်ကိုငါ အိပ်မက်တစ်ခုပြောပြမယ်။ ဒါပေမဲ့ နင်မရယ်ရဘူးနော်"

"ရယ်ရလို့လား"

"အင်း . . . ငါတောင် နာမည်ပေးထားတယ်။ အကြောင်းကြား



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်လို့"

"ဘာဖြစ်လို့လဲ"

"အဆက်စပ်မရှိလို့"

သူ့စကားကြောင့် မိုးညာက ခပ်တည်တည်နှင့် သူ့ကိုကြည့်သည်။ လင်းခပုံစံက ရယ်ကျဲကျဲဖြစ်နေသည်ကြောင့် ဘာကိုသဘောပေါက်သည်မသိ သူမလည်း ရယ်ချင်ပက်ကိုမျက်နှာလေး ဖြစ်သွားကာ–

"ပြော . . . မရယ်ဘူး"

ပြီး ဟိုဘက်လှည့်သွားသည်။ ဘယ်လိုမျက်နှာဖြစ်သွားလည်းတော့ သူ မမြင်လိုက်ရ။

"အင်း . . . ပြောပြမယ်။ အိပ်မက်ထဲမှာ ငါက တော်တော်ဟန်ကျပန်ကျ ဖြစ်နေတာ။ ဒီလိုဟာ ငါအခန်းကြီးတစ်ခုထဲကို ရောက်နေတယ်။ ငယ်ငယ်တုန်းက စာသင်ခန်းလိုမျိုး ခုံတွေစီချထားတဲ့ အခန်းကြီး"

"ဒါဆို နင်ကလေးဘဝကို အိပ်မက်မက်တာပေါ့"

စကားမဆုံးခင် သူမက ခပ်လွယ်လွယ် ဝင်ပြောသည်။

"အေးပေါ့ဟ . . . ငယ်ငယ်ကစာမရလို့ အရိုက်ခံရတာကို စွဲပြီး အိပ်မက်မက်တာနဲ့တူတယ်"

"အေး . . . နင်ငယ်ငယ်တုန်းက တော်တော်တုံးမယ့်ပုံပဲ"

"နင့်လိုပဲပေါ့"

"ဘာ . . . "

. ဟုဆိုကာ အံကြိတ်ပြီး လှည့်ကြည့်သည်။ လင်းခ မချိုမချဉ် ပြုံးရင်း . . .

"အဲဒီအခန်းရှေ့မှာ ပုဂ္ဂိုလ်ကြီးတစ်ယောက် မတ်တတ်ရပ်နေတယ်ဟ။ တော်တော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ကြီး"

ကြောင်တောင်တောင်နှင့် သူ့ကိုကြည့်ကာ . . .

"ဘာဖြစ်လို့လဲ"



"သူ့ရဲ့မျက်လုံးတွေက အရောင်လက်နေတယ်။ အကြီးမားဆုံး ဗွီမ်းအားတစ်ခုကို ပိုင်ဆိုင်ထားသလိုပဲ။ ပြီးတော့ မေတ္တာတရားလည်း တော်တော်ကြီးမားမယ့်ပုံရှိတယ်"

"အဲဒါဆို နင်ငယ်ငယ်က စာသင်ခဲ့ဖူးတဲ့ ဆရာတစ်ယောက်ဖြစ်မှာပေါ့။ ဆရာတွေက မေတ္တာကြီးမားတယ်လေ"

"မဟုတ်ဘူး။ ငါငယ်ငယ်က စာသင်ခဲ့ဘူးတဲ့ ဆရာတွေထဲမှာ ဆံပင်ရှည်နဲ့ တစ်ယောက်မှမပါဘူး"

"ဩော် . . . နင့်အိပ်မက်ထဲက ပုဂ္ဂိုလ်ကြီးက ဆံပင်ရှည်နဲ့လား"

"အေး . . . "

"ပြီးတော့ရော . . ."

"ပြီးတော့ လူသုံးယောက်ဟ"

"ဟင် . . . နင့်အိပ်မက်က ဘယ်ကဘယ်လို ရောက်သွားတာလဲ"

"ငါပြောသားပဲ။ အိပ်မက်က အဆက်အစပ်မရှိဘူး။ အူကြောင်ကြားအိပ်မက်ပါဆို"

"ဟီးဟီး . . . ဟုတ်သားပဲ"

သူမက ဇက်ကိုပုကာ ရုက်အမ်းအမ်းရယ်၍ ပြောသည်။

"အဲဒီသုံးယောက်ထဲက အသက်ကြီးကြီးတစ်ယောက်က အပူဒဏ်ကို တော်တော်ခံနိုင်ရည်ရှိတယ်ဟ"

"ဘာလဲ မီးစားပြလို့လား"

"မဟုတ်ဘူး။ အကျီအရှည်ကြီးကို ဝတ်ထားလို့"

"ဘာရယ်"

နားမလည်ဖြစ်သွားသည် ထင်၏။ သူ ရှင်းပြလိုက်သည်။

"ငါတို့ဘွဲ့ယူတုန်းက ပါမောက္ခကြီးတွေဝတ်တဲ့ ဝတ်ရုံကြီးတွေလေ။ သိလား"



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . သိတယ်"

"အဲလိုဝတ်ရုံကြီးကို ဝတ်ထားတာ။ ငါထင်တယ်ဟာ ဒီရာသီဥတုနဲ့ သူတော်တော်ပူလိမ့်မယ်။ အဲဒါကြောင့်မလို့ အပူဒဏ် တော်တော်ခံနိုင်ပုံရတယ်လို့ပြောတာ"

"သြော် . . . ဟီး ဟီး . . . နင်ကလည်း ပေါက်ပေါက်ရှာရှာ"

ပြောပြီး သူ့လက်မောင်းအား ဖြန်းခနဲ လှမ်းရိုက်သည်။

"နောက်နှစ်ယောက်ကတော့ ငယ်ငယ်ပဲ။ နင်တို့ငါတို့အရွယ်ပဲ။ ဒါပေမဲ့ မိန်းကလေးတစ်ယောက်၊ ယောက်ျားလေးတစ်ယောက်။ သူတို့နှစ်ယောက်က ဟိုလူကြီးရှေ့မှာ ယှဉ်ရပ်နေတာ"

"ဟဲ့ . . . မိန်းကလေးပါသေးတယ်လား။ ဘယ်သူလဲ"

"မသိဘူး။ သူလည်း အပူဒဏ် တော်တော်ခံနိုင်တယ်"

"သြော် . . . ဟိုတစ်ယောက်လို ဝတ်ထားတယ်ပေါ့"

"အေး"

"ယောက်ျားလေးကရော . . . "

"သူကတော့ အေးဆေးပဲ။ ဒါပေမဲ့ သူ ညတုန်းက တော်တော်အိပ်ရေးပျက်ထားပုံရတယ်"

"ဘာဖြစ်လို့"

လင်းခ ချက်ချင်းမဖြေ။ လမ်းလျှောက်နေရင်းမှ ကန်ရေပြင်ဆီ လှမ်းကြည့်ရင်း . . .

"၁၀ နာရီဟ"

"ဟင် . . . ဘာလဲ (၁၀) နာရီ"

အဆက်အစပ်မရှိသော သူ့စကားကြောင့် မိုးညာ ကြောင်တောင်တောင်ဖြင့် သူမနာရီကိုသူမ ငုံ့ကြည့်ကာပြောတော့ . . .

"သြော် . . . အဲဒီအခန်းထဲက နာရီက (၁၀) နာရီထိုးကို ပြနေတယ်လို့ပြောတာ။ ဒါပေမဲ့ မထိုးသေးဘူး၊ ထိုးတော့မယ်။ သိပ်မကြာဘူး နာရီက တီးလုံးသံတွေ ထွက်လာတယ်ဟ"



"ဟင် . . . ဘယ်လိုတီးလုံးသံတွေလဲ"

"ဟိုဟာလေဟာ . . . တစ်နာရီတစ်ခါမြည်တဲ့ အချက်ပေး Alan လိုလို အသံလုလုလေးတွေ"

"သြော် . . . (၁၀)နာရီထိုးလို့ မြည်တာပေါ့"

"အေး"

သူတို့နှစ်ယောက်မှာ မေးလိုက်၊ ဖြေလိုက်၊ ရယ်လိုက်နှင့် ပေါ့ပါးနေကြသည်။

"အဲဒီတီးလုံးသံလည်း ဆုံးသွားရော မိန်းကလေးဘေးကတစ်ယောက် လဲကျသွားတယ်"

"ဟင် . . . ဘယ်လိုဖြစ်တာလဲ"

"ငါ ခုနပြောသားပဲ။ သူညက အိပ်ရေးတော်တော်ပျက်ထားပါတယ်လို့။ မတ်တတ်ရပ်နေရင်းနဲ့ အိပ်ငိုက်နေတာဖြစ်မှာ။ နာရီကကြားတဲ့ တီးလုံးသံနဲ့ အိပ်ပျော်သွားတာနဲ့တူတယ်။ တီးလုံးလည်းရပ်သွားရော တစ်ခါတည်း လဲကျသွားတာပဲ"

ရယ်ကျဲကျဲပြောနေသော လင်းခပုံစံကိုကြည့်၍ . . .

"တော်တော် အအိပ်ကြီးတဲ့လူနော်"

"နင့်လိုပေါ့"

"လာပြန်ပြီ"

နောက်တစ်ခါ ဖြန်းခနဲ ရိုက်လိုက်ပြန်သည်။ ပြီး . . .

"ဆက်ပြောလေ . . . "

"ဒါပဲ . . . ။ အိပ်မက်က ကုန်သလောက်ဖြစ်သွားပြီ"

"ဟင် . . . နင့်အိပ်မက်ကလဲ"

မိုးညာ ဆူပုပ်ပုပ်နှင့်ပြောတော့ . . .

"ရော် . . . အူကြောင်ကြားအိပ်မက်ပါဆို"

"ကုန်သလောက်ဖြစ်သွားပြီဆိုတော့ နည်းနည်းတော့ ကျန်သေးတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"နည်းနည်းလေးပါ တစ်ကွက်တည်း။ အဲဒါကိုတော့ တိတိကျကျကိုမြင်တာ။ ဒါပေမဲ့ အဆက်အစပ်လည်း လုံးဝမရှိဘူး"

မိုးညှာ မော့ကြည့်သည်။ လင်းခ စကားဆက်လိုက်၏။

"ဟိုအကောင်ကို ဘာကောင်လို့ခေါ်လဲ"

ခပ်လှမ်းလှမ်းမှ လျှောက်သွားနေသော ဘေးမဲ့လွှတ်ထားသည့် ဖြူဖွေးဖွေး တိရစ္ဆာန်တစ်အုပ်ကို ညွှန်ပြလိုက်သည်။ မိုးညှာက သူညွှန်ပြရာဆီသို့ကြည့်ကာ ချက်ချင်းပင် . . .

"အဲဒါ သိုးတွေလေ"

"အေး . . . အဲဒီသိုးတစ်ကောင်ကို ကားတစ်စီးက ဝင်တိုက်သွားတယ်"

"ဟင်"

"ငါတို့စုနထိုင်ခဲ့တဲ့ ဆိုင်ရှေ့တည့်တည့်မှာ"

စကားဆုံးတော့ မိုးညှာ သူ့မျက်နှာကို သေချာကြည့်သည်။ ပြီး စိတ်မကောင်းဖြစ်သွားသလို အမူအရာဖြင့် . . .

"နင့်အိပ်မက်က ဘယ်လိုကြီးလဲဟ"

"ထပ်ပြောပြန်ပြီ။ အကြောင်းကြားပါဆို"

တဖြည်းဖြည်းနှင့် ဒီဘက်ကန်ပေါင်စွန်းသို့ ပြန်ရောက်လာပြီ ဖြစ်သည်။ မိုးတွေညို့လာ၏။ မကြာခင် မိုးရွာတော့မည်။ ထိုစဉ်မှာပင် မိုးညှာက တစ်စုံတစ်ခုကို သတိရသွားသလို အမူအရာဖြင့် . . .

"ဟဲ့ . . . လင်းခ၊ ပြောတော့ အိပ်မက်ထဲမှာ နင်ပါတယ်ဆို"

"အေးလေ . . . ပါတယ်"

ခပ်တည်တည်သူဆိုတော့ . . .

"ဘယ်မှာပါလို့လဲ။ ပြောသွားတဲ့အထဲမှာ နင့်အကြောင်း တစ်ခုမှမပါဘူး"

လင်းခ မချိုမချဉ်ပြုံးရင်း . . .

"ငါ တမင်သက်သက် ချန်ခဲ့တာ။ နောက်ဆုံးမှ ပြောပြမယ်ဆိုပြီးတော့"

ပြီး ဟက်ခနဲ တစ်ချက်ရယ်ကာ . . .

"ငါပြောသွားတဲ့အထဲမှာ အရမ်းထူးဆန်းတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး အခန်းရှေ့မှာ မတ်တတ်ရပ်နေတယ်လို့ ပါတယ်လေ။ အဲဒီပုဂ္ဂိုလ်ကြီးက ဒီအတိုင်းရပ်ရတာမဟုတ်ဘူး။ လူတစ်ယောက်ကိုပွေ့ပြီး ရပ်နေတာ။ အဲဒီပွေ့ထားတဲ့သူက ငါပဲ"

"ဟင်"

"ငါ့မှာဟာ ဘယ်လိုပြောရမှန်းတောင်မသိဘူး။ ငါ့တစ်ကိုယ်လုံးပေါ့ပါးပြီး အလိုလို လုံခြုံနေသလိုပဲ။ ပုဂ္ဂိုလ်ကြီးဆီက မေတ္တာဓာတ်တွေ အပြည့်အဝရထားသလိုကို ပြီးပြည့်စုံနေတာ"

သူ့စကားဆုံးသွားသည့်အချိန်မှာ နှစ်ဦးသား ကားရပ်ထားရာနေရာဆီသို့ ရောက်လာပြီဖြစ်သည်။ မိုးကရွာတော့မည်။ မိုးသက်လေတွေ တဖြိုက်ဖြိုက် ကွေလာသည်။

ကောင်းကင်နှင့်ပတ်ဝန်းကျင်ကို ခေ့ဝိုက်မော့ကြည့်ပြီးသည့်နောက်မှာတော့ သူတို့ ဆုံးဖြတ်ချက်တစ်ခု ပြိုင်တူချမိကြ၏။

"ပြန်ကြရအောင်ဟာ"

နှစ်ဦးသား ခေါင်းညိတ်ပြကြပြီးနောက် . . .

ရှားရှားပါးပါး နေ့လေးတစ်နေ့မှာ သူနှင့်မိုးညှာတို့ အပေါ့ပါးဆုံး လွတ်လပ်မှုတွေကို ဖန်တီးနိုင်ခဲ့ကြပါသည်။ စိတ်ထဲမှာ ပျော်ရွှင်ခဲ့သည်။ ကြည်နူးခဲ့သည်။ ပြီးတော့ ပေါ့ပါးခဲ့သည်။

သူတို့နှစ်ယောက်မှာ အင်းယား၏ပိုင်နက်ဆီမှ ထွက်ခွာခဲ့ကြပြီဖြစ်သော်လည်း မထွက်ခွာသေးသူတစ်ယောက်က ရှိနေသည်။

ထိုတစ်ယောက်ကို လင်းခရော၊ မိုးညှာရာ သတိမထားမိခဲ့ပါ။

ထိုတစ်ယောက်က . . .

www.burmeseclassic.com

www.burmeseclassic.com

# XVII

မိုးညှာရောက်လာတော့ လှုပင် အတော်စုံနေပြီဖြစ်သည်။ မိုးညှာ ဝင်လာသည်ကိုတွေ့တော့ ဝေမှာက . . .

“နင်ကလည်း ကြာလိုက်တာ။ ငါတို့ရောက်နေတာဖြင့် ကြာလှ နေပြီ”

ဝေမှာ့စကားကြောင့် မိုးညှာ ခေါင်းကို စိတ်မပါစွာယမ်းလိုက် ရင်း . . .

“အေးဟာ . . . အိမ်မှာ ဟိုလူကြီးရောက်နေလို့”

“ဘုန်းခန့်ကျော်လား”

ခင်လေးက ဝင်မေးသည်။ မိုးညှာ ပြန်မဖြေတော့ပါ။ ခေါင်းပင် ညိတ်ပြလိုက်၏။



“[illegible]ပါက်တယ် မသိဘူး။ မနက်အစောကြီး အိမ် ရောက်လာပြီး ဖေဖေနဲ့ စကားတွေပြောနေတာ။ ငါအခုထွက်လာတာ တောင် လိုက်ပို့ပေးမယ်ဆိုပြီး ပါလာသေးတယ်”

“ဟုတ်လား . . . ဘယ်မှာလဲ”

“ဒီအိမ်အထိလား”

ဝေမှာနှင့်ချမ်းအေးတို့၏ မေးမြန်းသံက ပြိုင်တူလို ထွက်သွား သည်။

မိုးညှာ ခေါင်းယမ်းလိုက်ရင်း . . .

“လမ်းထိပ်အထိပဲ။ ဘာဖြစ်တယ်မသိဘူး၊ ဒီလမ်းထဲကို ချိုး ဝင်ရမယ်လည်းဆိုရော ဆက်မမောင်းတော့ပဲ လမ်းထိပ်မှာပဲ ချပေးသွား တာ”

“ဩော် . . . ”

ချမ်းအေးအသံက တိုးရှုရှုထွက်သွား၏။ သူရလည်း မိုးညှာ စကားကို နားထောင်နေရာမှ ခေါင်းညိတ်သည်။ သူတို့တစ်အုပ်စုလုံး မနေ့က ချမ်းအေးရေနစ်သည့်ကိစ္စအား သတင်းမေးရန် ရောက်လာခြင်း ဖြစ်သည်၊ လင်းခတောင် ရောက်မလာသေး။

ထိုစဉ်မှာပင် စားပွဲပေါ်တင်ထားသော ‘ပါရမီ၊ အဓိပတိ’ ကား လက်မှတ်ဖြတ်ပိုင်း တစ်ထပ်ကြီးကိုတွေ့ကာ မိုးညှာ မျက်မှောင်ကြုတ် သွားသည်။ ပြီး တစ်ဆက်တည်းပင် . . .

“ဒီကားလက်မှတ်တစ်ပုံကြီးက ဘာလုပ်တာလဲ”

မိုးညှာအမေးကြောင့် အကုန်လုံးက ရယ်ကျဲကျဲဖြစ်သွားပြီး ဝေမှာ့ကိုကြည့်သည်။ ဝေမှာက စိတ်ပျက်လက်ပျက် စုတ်တစ်ချက်သပ် ကာ . . .

“ကျွတ် . . . ငါယူလာတာလေ”

“ဘာလုပ်ဖို့လဲ”

ချက်ချင်းမဖြေ။ ထိုင်နေသူများကို ဝေ့ကြည့်သည်။ ဝေမှာဘာ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ကြည့်သည်ကို သူရက သဘောပေါက်[illegible]။

"ဘာမှလိုက်ကြည့်မနေနဲ့။ နင့်ကိစ္စ နင်ပဲရှင်းပြလိုက်"

ဝေမာက ခိုင်းခနဲ မျက်စောင်းတစ်ချက်ထိုးရင်း . . .

"သိပါတယ်"

ဟုပြောသည်။ ပြီးတော့ မိုးညာဘက် မျက်နှာလှည့်ကာ . . .

"အဲဒါ ငါ့ကို ကောင်လေးတစ်ယောက် ပေးလိုက်တာ"

"ဘာလုပ်ဖို့ . . . "

မိုးညာ၏ နားမလည်ဟန်အမေးကို ဝေမာက လက်ကာပြပြီးတော့ . . .

"ငါ့နောက်ကို ကောင်လေးတစ်ယောက်လိုက်နေတာ တစ်ပတ်လောက်ရှိပြီ"

"ဟုတ်လား . . . ချောလား"

"မဆိုးပါဘူး။ ဒါပေမဲ့ သူက copy တွေ အရမ်းသုံးတယ်"

ဝေမာ့စကားကြောင့် မိုးညာကြောင်သွားရပါသည်။ copy တွေသုံးတယ်ဆိုတာကို ချက်ချင်း နားမလည်ပါ။ တွေးနေစဉ်မှာပင် . . .

"လင်းခကို ခရေစီဖြစ်နေတဲ့ လင်းခပရိသတ်တစ်ယောက်ဖြစ်မယ်ထင်တယ်။ သူငါ့ကိုပြောတဲ့ ဒိုင်ယာလော့တွေက လင်းခဝတ္ထုတွေထဲက ဒိုင်ယာလော့တွေချည်းပဲ"

ဒီတော့မှ မိုးညာ သဘောပေါက်သွားကာ . . .

"ဟုတ်လား . . . ဘာတွေပြောလို့လဲ။ နင့်ကို လင်းခသူငယ်ချင်းမှန်း မသိဘူးပေါ့"

"မသိလို့နေမှာပေါ့ဟာ . . . ငါ့ကိုလာပြောတယ်။ ကျောင်းပြီးသွားပြီး အလုပ်လုပ်နေတယ်ဆိုတော့ မိသားစုကုမ္ပဏီတစ်ခုလောက်ထောင်ဖို့ အစီအစဉ်မရှိဘူးလားတဲ့။ အဲမှာတင် ငါသဘောပေါက်သွားပြီ။ လင်းခစာသားတွေပဲဆိုတာ။ ငါ့ကိုအိမ်ထောင်ပြုဖို့ အစီအစဉ် မရှိဘူးလားမေးတာလေ။ ဒါပေမဲ့ ငါမသိချင်ယောင်ဆောင်ပြီး 'ဘာဖြစ်လို့



[illegible]မေးလိုက်တယ်"

"အဲတော့ . . ."

"အဲတော့ . . . သူအလုပ်မရှိလို့ အလုပ်လျှောက်ချင်လို့ပါတဲ့"

အကုန်ဝိုင်းရယ်ကြသည်။ အမြဲ ခပ်အေးအေးနေတတ်သောဟေမာကပင် . . .

"မမလူကလည်း တော်တော် အားကိုးရမယ့်ပုံပဲ။ အလုပ်မရှိတာ ကျန်တဲ့အလုပ်မလျှောက်ပဲနဲ့ အိမ်ထောင်ပြုမယ့်အလုပ် လိုက်လျှောက်နေတယ်ဆိုတော့"

မိုးညာ ပြုံးဖြစ်ပါသည်။ ဝေမာက ဆက်ပြော၏။

"အဲဒါနဲ့ ငါ ပေါ်တင်ပဲမေးလိုက်တယ်။ နင်ငါ့ကို စိတ်ဝင်စားနေတာလားလို့။ အဲလိုမေးလိုက်တော့ . . . ဟုတ်တယ်တဲ့။ ငါလည်း သူ့စကားတွေ copy ဟုတ်မဟုတ် သေချာအောင် အဲဒါဆို နင်ငါ့ကို ဘယ်လောက်ထိ လေးလေးနက်နက် စိတ်ဝင်စားသလဲ။ သက်သေပြလို့ ပြောလိုက်တယ်"

"ဘာလုပ်ပြလဲ။ လင်းခနည်းအတိုင်းပဲလား"

"အေး . . . နောက်နေ့ရောက်တော့ စာရွက်ဖြူတစ်ရွက်မှာ ချစ်တယ်ဆိုတဲ့စကားကို မင်နက်နဲ့ လေးခါရေးပြီး လာပြတယ်။ အဲဒါ လေးလေးနက်နက်ချစ်တယ်ဆိုတဲ့ သက်သေပဲတဲ့"

"ဟောတော့ . . ."

သူတို့ ရယ်ဖြစ်ကြပါသည်။

"ငါလည်း အဲဒါနဲ့ သူ့စကားတွေ၊ လုပ်ရပ်တွေက 'စာရေးဆရာသိုး' ဝတ္ထုတွေထဲက နိုးချထားတာတွေ ငါသိတယ်ဆိုတဲ့အကြောင်း ပြောလိုက်တယ်"

"တော်တော်တော့ ရှက်သွားမှာပဲနော်"

ခင်လေးက သူမထင်မြင်ချက်ကို ဝင်ပြောသည်။

"အဲတော့ ဘာပြန်ပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com

“ဘာမှတော့ ပြန်မပြောဘူးဟ။ [illegible] ပြီး လှည့်ပြန်သွားတာ။ ငါကတော့ ကိစ္စပြတ်ပြီထင်ပြီး ပျော်နေတာ၊ ဒီနေ့မနက်ရောက်မှ စာတစ်စောင်နဲ့ ဟောဒီကားလက်မှတ်တွေ လိုက်ပေးတော့တာပဲ”

ဝေမှာ့စကားကြောင့် မိုးညာ စားပွဲပေါ်မှ ကားလက်မှတ်တွေကို ကြည့်ကာ မျက်မှောင်ကြုတ်သွားပြီး . . .

“ဒါက ပါရမီ၊ အဓိပတိ အထူးကားလက်မှတ်တွေမလား”

“အေးလေ . . . ”

“စာကရော . . . ”

မိုးညာရှေ့သို့ သူရက စာအိတ်တစ်အိတ်ပစ်ပေးသည်။ သူရ ပုံစံက ရယ်ချင်စိတ်ကို မနည်းဖုံးဖိထားရကြောင်း သိသာနေ၏။ မိုးညာ ဖွင့်ကြည့်လိုက်တော့ . . .

သို့

ဝေမှာ . . .

ဝေမှာ့ကို ကြာလာရင်ကြွေမှာလို့ ထင်ခဲ့မိတာ ကိုယ့်အမှားပါ။ ဝေမှာက နာမည်နဲ့လိုက်အောင် အရည်မာနေတာကိုး။ အေးလေ . . . ဝေမှာကိုယ်တိုင်က အရည်မာနေတော့ သူများသုံးပြီးသား စကားလုံးတွေနဲ့ ကိုယ်က ဘယ်လိုလုပ် တိုးပေါက်တော့မှာလဲ။

ဟုတ်ပါတယ် . . . ။ ကိုယ်က အသစ်ထွင်ခြင်းဘက်မှာ ပါရမီနည်းပါတယ်။ အဲလို ပါရမီနည်းမှန်းကိုလည်း ကိုယ့်ကိုယ်ကိုယ်သိပါတယ်။ ဒါပေမဲ့ ကိုယ်နည်းနည်းလေးမှ စိတ်ဓာတ်မကျခဲ့ပါဘူး။ နည်းပါးနေတဲ့ ပါရမီအတွက် အမြဲတမ်း ဖြည့်တင်းနေခဲ့တာပါ။



အခုတောင် ကိုယ့်မှာ ပါရမီတွေ တော်တော်စုမိနေပါပြီ။ ဒါပေမဲ့ လိုလောက်တဲ့အရည်အတွက် မရသေးလို့ ကြိုးစားနေဆဲပါ။ ရှေ့ဆက်လည်း ကြိုးစားနေဦးမှာပါပဲ။

ဝေမှာယုံအောင် ကိုယ်စုထားတဲ့ ပါရမီတွေကို ဒီစာနဲ့အတူ ထည့်ပေးလိုက်တယ်။

ပါရမီပြည့်ဝတဲ့တစ်နေ့ မင်းရှေ့ ပြန်ရောက်လာခဲ့မယ်။

စာကိုဖတ်ပြီးနောက် မိုးညာမှာ ငိုရခက်၊ ရယ်ရခက် ဖြစ်သွားလေသည်။ ပြီး ဝေမှာ့ဘက်သို့ ရယ်ချင်ပက်ကျိ မျက်နှာပေးဖြင့်လှည့်ကာ . . .

“မဆိုးပါဘူးဟဲ့။ ဒါ အသစ်ပဲလေ”

“ဟုတ်တယ်။ ငါတို့လည်း အဲဒါပဲ ဝိုင်းပြောနေတာ။ အရင်ဟာတွေ copy ဆိုပေမဲ့ ဒါက အသစ်ဖြစ်နေတော့ စဉ်းစားပေးသင့်တယ်ထင်လို့”

ရယ်သွမ်းသွေးရင်းပြောသည့် ချမ်းအေးစကားကြောင့် ဝေမှာက . . .

“သေနာ”

ဟုဆဲသည်။ ကျန်သူများ ရယ်မိကြ၏။ မိုးညာကတော့ သိပ်မရယ်ဖြစ်ပါ။ သူမရင်မှာ တစ်ခုခုလိုနေသည်။

ထိုစဉ်မှာပင် ခင်လေးက နံရံမှနာရီကို တစ်ချက်ကြည့်ရင်း . .

“ကိုလင်းခလည်း မလာသေးဘူးနော်”

“လာတော့မှာမဟုတ်ဘူး”

သူရ၏ ကောက်ခါငင်ကာစကားကြောင့် မိုးညာက . . .

“ဘာဖြစ်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com

သူရ ချက်ချင်း ဘာပြန်ပြောလို့ ပြောရမှန်းမသိသောပုံစံ ဖြစ်သွားသည်။ မထင်မှတ်စွာ ပါးစပ်က ထွက်သွားခြင်းဖြစ်ဟန်တူ၏။ ပြီးမှ . . .

"မဟုတ်ပါဘူး . . .။ အခုချိန်ထိ ရောက်မလာလို့ ထင်တာ ပြောလိုက်တာ"

ချမ်းအေးကလည်း . . .

"ငါ မျက်နှာပူမှာစိုးလို့ မလာတာလားမသိဘူး"

ဖြစ်နိုင်လောက်သည်။ ဒီတော့မှ မိုးညာလည်း သတိရကာ မနေ့က ရေနစ်သည့်အကြောင်းအချို့ကို မေးဖြစ်သည်။ ချမ်းအေးကတော့ အေးအေးသက်သာပင် ပြန်ဖြေပါ၏။ မနေ့က ရေနစ်ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ ထိတ်လန့်ဟန်မပြ။ ရေနစ်စဉ် သူ၏စိတ်ခံစားမှုအချို့ကို စိတ်ဝင်စားဖွယ် ရှင်းပြသည်။

ပြီးတော့ ညက လင်းခအားဖုန်းဆက်၍ ကျေးဇူးတင်စကားပြောလိုက်ကြောင်းကိုလည်း ပြော၏။ 'လင်းခကို နင်ယုံသွားပြီလား' ဆိုသည့် မေးခွန်းကိုတော့ သူမ မမေးဖြစ်တော့ပါ။ မေးစရာမလိုအောင် ချမ်းအေး၏ မျက်နှာပေါ်မှာ ပေါ်နေပြီဖြစ်သည်။

ဒါပေမဲ့ ချမ်းအေးနှင့်ပတ်သက်၍ စကားတစ်ခွန်းကိုတော့ မိုးညာပြောဖြစ်ပါသည်။

"အသက်အန္တရာယ်နဲ့နီးနီးလေး ကြုံခဲ့ရတာပဲ။ နင် အရမ်းကံကောင်းတယ် ချမ်းအေး။ လောကကြီးက နင့်ကို ဆက်ပြီးလိုချင်နေသေးတယ်"

သူမ ဖြေးအေးလေးနက်စွာ ပြောလိုက်သော်လည်း ချမ်းအေးအသံက ပြတ်တောင်းကျယ်လောင်စွာ ထွက်လာ၏။

"မဟုတ်ဘူး။ ငါ့အလှည့်လွန်သွားတာ"

"ဘယ်လို . . ."

မထင်မှတ်ထားသော စကားကြောင့် အားလုံး ကြောင်ကာသွားသည်။ ပြီး နားမလည်စွာ ချမ်းအေးအား ဝိုင်းကြည့်ကြတော့ . . .

"လင်းခ ရှေ့တော်တော်ဝေးဝေးကို ကြိုမြင်ထားတယ်။ ဒါ ငါ ပထမဆုံးပဲ"

"ဟင် . . ."

စကားက ဤမျှနဲ့ပင် ရပ်တန့်သွားရ၏။ ဘာတွေလဲ . . .

တစ်ယောက်ကိုတစ်ယောက် ပြူးကြောင်သော မျက်လုံးတွေနှင့် ကြည့်မိသွားစဉ်မှာပင . . .

ချမ်းအေးကတော့ တစ်လှမ်းချင်း အခန်းပြင်သို့ လျှောက်ထွက်သွားလေသည်။

ချမ်းအေး ဘာကိုရည်ရွယ်၍ပြောသွားမှန်း သူမတို့ နားမလည်ခဲ့ပါ။





www.burmeseclassic.com

www.burmeseclassic.com

# XVIII

အပြင်မှာ မိုးက ဖွဲဖွဲကျနေသည်။ အခန်းတစ်ခုထဲတွင်တော့ တိတ်ဆိတ်မှုက ရှန်းညွှတ်လွှင့်ပျံ့နေပါ၏။

လင်းခစာတစ်ပုဒ်အား အစမှအဆုံးတိုင် အခေါက်ခေါက်အခါခါ ဖတ်နေသည်။ စိတ်တိုင်းမကျမှုတစ်ခုအား လင်းခမျက်နှာပေါ်တွင် တွေ့နေရ၏။ ဘာလိုနေတာလဲ။ တစ်ခုခုလိုနေတာတော့ သေချာသည်။ အစမှအဆုံးတိုင် အခေါက်ခေါက်အခါခါ ဖတ်နေသော်လည်း အရေးအသားက သူ့ကိုယ်သူမထိ။

Mood တစ်ခုလိုနေမှန်းတော့ သိသည်။ ခံစားမှုတစ်စုံတစ်ရာ ဟာနေမှန်း သဘောပေါက်သည်။ ဒါပေမဲ့ ထိုအကြောင်းတွေဖြစ်ပေါ်လာမည့် ပင်မခံစားမှုက သူ့ဆီသို့ရောက်မလာ။ ပြီးတော့ Tempo။



အဆုံးသတ်မရောက်သေးသည့် တစ်ဝက်တစ်ပြက်ဖြစ်သော်လည်း သူစိတ်တိုင်းမကျပါ။ ပြီးတော့ ဝတ္ထုက လောလောဆယ် ဆက်ရေးလို့မရသေး။ အကြောင်းကား . . .

"သူ ရှိးသားချင်ပါသည်"

အဆုံးသတ်ပြီးစီးရမည့် နောက်ဆုံးရက်စွဲတစ်ခုကတော့ လိုနေပါသေး၏။ ဒီအတောအတွင်း ပြီးအောင်ရေးရပေမည်။ ပြက္ခဒိန်လှမ်းကြည့်မိတော့ (၁၀) ဆိုသည့်ဂဏန်းက သူ့ကို ခပ်လှောင်လှောင် ပြုံးပြသည်။ (၁၀) ဆိုသည့်ဂဏန်းမှာ အရင်အချိန်တွေကဆိုလျှင်တော့ အကြိုက်ဆုံးဂဏန်းတွေထဲတွင် ပါဝင်သော်လည်း ယခုအချိန်မှာတော့ နာကျည်းနေသလို။

လာမယ့် (၁၀)ရက်နေ့သည် သူ့ဘဝအတွက် အဆုံးအဖြတ်။ ထိုနေ့တွင် မိုးညာ၊ ဘုန်းခန့်ကျော်နှင့် ဇာစပ်ရမည်။ ထိုနေ့တွင်ပင် သူသည်လည်း . . .

ရက်သိပ်မကျန်တော့။

လင်းခ စားပွဲပေါ်မှ ရေးလက်စစာမူအား တစ်ချက်လှမ်းကြည့်ကာ အိပ်ခန်းတွင်းသို့ ဝင်ခဲ့ပါသည်။ ပြီးတော့ ကိုယ်နှင့်မကွာ အမြဲဆောင်ထားတတ်သော မဂ္ဂဇင်းစာအုပ်လေးအားယူကာ ပြန်ထွက်လာခဲ့သည်။ စာအုပ်ကိုလှန်လိုက်တော့ အထဲမှာညှပ်ထားသော စာတစ်စောင်မှာ ထွက်ကျလာ၏။

ဒါသည် သူ့နှလုံးသားအတွင်းသို့ ထိုးဖောက်ခဲ့သော ပထမဦးဆုံးစာလေး။ နောက် သူ့လက်က စာမျက်နှာအချို့ကို လှန်မိသွားပါသည်။ တစ်နေရာအရောက်တွင် အလိုလို ရပ်တန့်သွား၏။ ပြီးတော့ အစမှအဆုံးတိုင် ဖြေးအေးလေးနက်စွာ ဖတ်မိပါသည်။

စကားသံချိုချို၊ စကားလုံးလှလှ၊ လက်ရေးဝိုင်းဝိုင်းလေးများက အာရုံတွင် ပြန်မြင်ယောင်လာသည်။ လင်းခ နှမျောတသ လှမ်းဆွဲငင်မိသည်။ ပြီးတော့ ပုံရိပ်တချို့။ နောက် သူကိုယ်တိုင်ရေးသားမိသည့် စကား



www.burmeseclassic.com

www.burmeseclassic.com

လုံးများ၊ ရဲရင့်မှုများ၊ တိကျသေချာသည့် ဖွင့်ဟမှုများ။ အဓိကပေးချင်တာက နှစ်မျက်နှာသာသာ ဝတ္ထုတိုလေး၏ခေါင်းစဉ်။ ထိုခေါင်းစဉ်အတိုင်း အတိအကျ လုပ်နိုင်အောင် ကြိုးစားရမည့် 'သူ'။

တစ်မျက်နှာမပြည့်ခင်မှာပင် သူ့နှလုံးသားဆီသို့ ခံစားမှုတစ်ခုက ဝင်လာသည်။ ခံစားမှု။

ဟုတ်တယ်။ ဒီခံစားမှု။ သူလိုချင်နေတာ ဒီ mood ။

ချက်ချင်းပင် လင်းခ ရေးလက်စစာမူကို ကောက်ကိုင်လိုက်သည်။ လိုအပ်နေသော ခံစားမှုတစ်စုံတစ်ရာကို ဝတ္ထုတိုလေးအတွင်းမှ သူရရှိသွားပါပြီ။

ပြီးတော့ အရာအားလုံးက သူ့နေရာနှင့်သူ အသားကျသွားသည်။ တိတ်ဆိတ်သွားသည်။ ငြိမ်သက်သွားသည်။ စတော်ဘယ်ရီရနံ့အချို့က လင်းခလက်ဝါးနှစ်ဖက်ဆီမှ လွင့်ပျံလာပါသည်။

နှလုံးသား၏ ခေါ်ဆောင်ရာအတိုင်း မျောပါသွားသည်။ လက်ချောင်းနှစ်ခုကြား စိမ့်ဝင်သွားသည်။

ပြီးတော့ . . .

ပြီးတော့ . . .



# XIX

"မသေကောင်းမပျောက်ကောင်း ခင်လေးရယ် တော်သေးတာပေါ့"

စိုးရိမ်တကြီးပြောသော သူမကို ခင်လေးက အားတုံ့အားနာကြည့်ကာ . . .

ဟီးခနဲရယ်သည်။ ခင်လေးမှာ လက်တစ်ဖက်ကိုခေါက်ကာ လည်ပင်းတွင် ကြိုးဖြင့်ဆွဲထားရ၏။ ပတ်တီးပတ်ထားတာတော့ မတွေ့ရပေ။

"အားနာလိုက်တာ မမရယ်။ ဒေါ်လေးကလည်း နေမကောင်းလို့ ဒီနေ့ ဆိုင်မလာဘူးပြောပေးပါဆိုမှ ဘယ်လိုတွေပြောလိုက်လဲမသိဘူး"

ခင်လေးက သူမနှင့်ဝေမာအား အားနာကြည့်ဖြင့်ကြည့်ပြီး အလုပ်သွားပြီဖြစ်သည့် အဒေါ်ကို အပြစ်တင်သည်။ ခင်လေးမှာ အဒေါ်နှင့် အတူတူနေရသူဖြစ်ပြီး မေင်လေးတစ်ယောက်လည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ဟုတ်မလဲ ခင်လေးရယ်။ ဘာပဲဖြစ်ဖြစ် မမတို့ကို ပြောရမှာပေါ့။ ဒါမှလုပ်ပေးစရာရှိတာ လုပ်ပေးလို့ရမှာ။ အခုရော ဆရာဝန်က ဘာပြောလဲ"

"အဆစ်လွဲသွားတာပါတဲ့။ တစ်ရက်နှစ်ရက်နေရင် ပြန်ကောင်းသွားမှာလို့ပြောတယ်"

သွက်သွက်လက်လက်ပြန်ပြောသော ခင်လေးအား ကြည့်၍ မိုးညာ စိတ်အေးသွားပါသည်။ ခင်လေး၏အဒေါ်မှ ဖုန်းဖြင့် ပြောလျှင်ပြောချင်း သူမနှင့်ဝေမာတို့နှစ်ယောက် ဆိုင်ကိုပစ်ကာ ခင်လေးဆီလိုက်လာခဲ့ခြင်းဖြစ်ပါ၏။ တော်ပါသေးသည်။ ခင်လေးက အေးအေးဆေးဆေးရှိနေလို့။

"ဘယ်လိုဖြစ်ရတာလဲ ခင်လေးရယ်"

ဝေမာ စိတ်မသက်မသာဟန်နှင့် မေးတော့ . . .

"ဟိုသစ်ပင်ပေါ်မှာပွင့်နေတဲ့ သစ်ခွပန်းကို တက်ခူးတာလေ"

ခင်လေးစကားကြောင့် မိုးညာနှင့်ဝေမာနှစ်ယောက် ညွှန်ပြရာ သစ်ပင်ဆီ လှမ်းကြည့်လိုက်ကြတော့ . . .

"ဟယ် . . . အမြင့်ကြီးကို"

ဝေမာက ရင်ဘတ်ဖိကာဆို၏။ သူမလည်း သစ်ပင်အမြင့်အား ကြည့်ရင်း စိတ်မောသွားသည်။

"မောင်လေးကတော့ သူကျူရှင်ပြန်လာမှ တက်ခူးပေးမယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ခင်လေးက မနေနိုင်လို့ ခုံတွေခုပြီးတက်ခူးတာ။ ပန်းကိုမမှီမကမ်းနဲ့ ခြေဖျားထောက်ခူးရင်း ခင်လေးရပ်နေတဲ့ခုံက အောက်ကခုံနဲ့ ခြေထောက်လွတ်ပြီး ခုံရောလူရော ပြုတ်ကျတာပဲ"

"ဟယ် . . . ဘုရား . . . ဘုရား"

မိုးညာတို့ ဘုရားတမိကြသည်။ ပန်းပင်ရှိရာသစ်ကိုင်းက နည်းနည်းနော်နော် အမြင့်မဟုတ်ပါ။ ပြီးတော့ အောက်မှာက သံမံတလင်း။ ခြေပစ်လက်ပစ်သာပြုတ်ကျပါက မေးရန်မလို။ အသက်ဇီဝိန် ချုပ်ငြိမ်း



သွားမှာမလွဲ။

"တော်သေးတာပေါ့ ခင်လေးရယ် . . . လက်ဆစ်လောက်ပဲလွဲသွားလို့။ ပြုတ်ကျတဲ့အရှိန်နဲ့ ခေါင်းတွေဘာတွေများထိသွားရင် တွေးတောင်မတွေးရဲဘူး"

"ဟုတ်တယ် မမ . . . ခင်လေးလည်း အဲဒါပဲ စဉ်းစားနေတာ။ ဒီလောက်အမြင့်ကြီးကပြုတ်ကျတာ လက်ဆစ်လောက်ပဲလွဲသွားတယ်ဆိုတော့ ခင်လေး တော်တော်ကံကောင်းတာပဲလို့"

မိုးညာတို့နှစ်ယောက်စလုံး ချက်ချင်း ခေါင်းညိတ်မိကြသည်။

"ကံကောင်းတာပေါ့။ မဟုတ်ရင် အသက်အန္တရာယ်တောင် ထိခိုက်နိုင်တယ်"

မိုးညာစကားကြောင့် ခင်လေး၏မျက်နှာမှာ ညိုမှောင်သွား၏။ ပြီး အိမ်အပြင်မှ သူမ ပြုတ်ကျခဲ့သော သစ်ပင်ကြီးကိုကြည့်ကာ . . .

"အဲဒါ ဒေါ်လေးပေါ့။ ကိုလင်းခစကားသာ နားထောင်ခဲ့ရင် အခုလိုဖြစ်မှာမဟုတ်ဘူး"

"ဟင်"

အမှတ်မထင်ကြားလိုက်ရသော စကားကြောင့် မိုးညာနှင့်ဝေမာ နှစ်ယောက်စလုံး မျက်လုံးပြူးသွားသည်။ ပြီး ချက်ချင်းပင် စိတ်ဝင်စားမှုတို့ ကြီးစိုးသွားကာ . . .

"လင်းခစကား . . ."

ခင်လေးက ခေါင်းညိတ်ပါသည်။ နောက် မိုးညာတို့နှစ်ယောက်အား ကြည့်ရင်း ဆက်ပြောသည်။

"တစ်နေ့က မြို့ထဲမှာ ဒေါ်လေးနဲ့ကိုလင်းခနဲ့ ဆုံတယ်တဲ့။ ဒေါ်လေးစာအုပ်သွားအဝယ် ကိုလင်းခလည်း စာအုပ်လာဝယ်ရင်း စာအုပ်ဆိုင်မှာ ဆုံကြတာလို့ပြောတယ်။ အဲဒါ ကိုလင်းခက ဒေါ်လေးကို ပြောတယ်တဲ့။ ခင်လေးကို အမြင့်တွေပေါ် မတက်စေနဲ့။ ပြုတ်ကျလိမ့်မယ်။ ခင်လေး အမြင့်တစ်ခုခုပေါ်က ပြုတ်ကျတာကို သူ့အိပ်မက်ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာ မြင်ထားလို့ပြောလိုက်တာ။

ဒေါ်လေးက နောက်နေတယ်ထင်ပြီး ခင်လေးကို လုံးဝမပြောဘူး။ မနေ့က ခင်လေးတကယ်ပြုတ်ကျမှ မှန်လိုက်တာဆိုပြီး တတွတ်တွတ်ပြောနေတာ။ ပြီးတော့ ကိုလင်းခကိုလည်း တော်တော်အံ့ဩနေတယ်။ ခင်လေးကတော့ ကိုလင်းခနဲ့ပတ်သက်ပြီး ဒေါ်လေးကို ဘာမှ မပြောပါဘူး။ တိုက်ဆိုင်တာပဲဖြစ်ပါလိမ့်မယ်လို့ ပြောထားတယ်"

ခင်လေးစကားဆုံးသွားတော့ မိုးညာနှင့်ဝေမာမှာ လုံးဝ မှင်တက်သွားမိကြသည်။ ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ကြောင်ငေးလျက်။ ထိုစဉ်မှာပင် မိုးညာက . . .

"လင်းခက ခင်လေးကိုရော ဘာမှမပြောဘူးလား။ သတိပေးတာတို့ဘာတို့ ကိုယ်တိုင်ပြောသေးလား"

"မပြောဘူး။ ဒါပေမဲ့ ခင်လေးပြုတ်ကျတဲ့အချိန် ကိုလင်းခ အိမ်ရှေ့ရောက်လာတာပဲ"

"ဟင်"

"သူပဲ ခင်လေးကို ဆေးခန်းလိုက်ပို့ပေးတာ။ တော်သေးတာပေါ့ . . . မောင်လေး ကျူရှင်ပြန်လာချိန်နဲ့တိုက်သွားပြီး မောင်လေးပါ ဆေးခန်းပါလာလို့။ ဒေါ်လေးက ခင်လေးပြုတ်ကျတဲ့အချိန် ရုံးကပြန်မရောက်သေးဘူးလေ"

"လင်းခက ဘာလို့ ခင်လေးပြုတ်ကျချိန်နဲ့ ကွက်တိရောက်လာရတာလဲ"

"စာဖတ်နေရင်းနဲ့ မျက်စိထဲမှာ ခင်လေးပြုတ်ကျတာမြင်လိုက်လို့ ချက်ချင်းထလိုက်လာတာတဲ့။ ဆိုင်ကိုရောက်တော့ ပိတ်သွားပြီဆိုပြီး အိမ်ကိုဆက်လိုက်လာတာ။ ကိုလင်းခကား အိမ်ရှေ့ကိုအရောက် ခင်လေးလည်း ပြုတ်ကျတာပဲ"

မိုးညာတို့နှစ်ယောက် ပြောစရာစကားလုံးတွေ မဲ့နေရပါသည်။ ခင်လေးပြောသလိုဆို လင်းခ နည်းနည်းလေး အရောက်နောက်ကျသွားခြင်းဖြစ်သည်။ ဆိုင်ကိုမသွားတော့ပဲ အိမ်ကိုသာ တန်းလိုက်ခဲ့ပါက ခင်လေးကို အချိန်မီတားနိုင်ပေမည်။ အခုတော့ . . .

ထိုစဉ်မှာပင် ဝေမာက . . .

"လင်းခ ငါတို့ကိုလည်း ဘာမှမပြောဘူးနော်"

"မမတို့ စိတ်ပူနေမှာစိုးလို့ မပြောတာနဲ့တူတယ်။ ခင်လေးမပြောနိုင်းတာလည်းပါတယ်။ တော်ကြာ မမတို့စိတ်ပူပြီး အခုလိုပဲ ပေါက်ချလာမှာစိုးလို့"

ဝေမာက ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူမကတော့ မတ်တတ်ရပ်လက်ပိုက်၍ တုံ့ပြန်မှုမရှိပဲ လမ်းလျှောက်နေဖြစ်ပါသည်။

"ကိုလင်းခပြန်ခါနီး ခင်လေး ကျေးဇူးတင်စကားပြောရင်းနဲ့ တောင် တစ်ခုမေးလိုက်သေးတယ်"

ခင်လေးက စကားဆက်မပြောပဲ ရပ်ထားသည်။ ပြီး လမ်းလျှောက်နေသော မိုးညာ၏ကျောပြင်အား တစ်ချက်လှမ်းကြည့်ကာ . .

"မမမိုးညာ စေ့စပ်တော့မယ်ဆိုတော့ ကိုလင်းခ ဘာမှမခံစားရဘူးလားလို့"

မိုးညာ ဆတ်ခနဲလှည့်ကြည့်ပါသည်။ ဝေမာက . . .

"အဲတော့ ဘာပြန်ပြောလဲ"

"ခံစားရတယ်ဆိုတာ ရှုံးတဲ့သူတွေအလုပ်တဲ့။ သူ မရှုံးချင်ဘူး၊ လွှမ်းပဲလွှမ်းချင်တယ်တဲ့"

မိုးညာနှင့်ဝေမာ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ လင်းခစကား၏ အဓိပ္ပာယ်ကို နားမလည်ပါ။ လင်းခ ဘာကိုဆိုလိုတာလဲ။

မိုးညာ ရပ်တန့်တွေးကြည့်နေဆဲမှာပင် မျက်လုံးက တစ်စုံတစ်ရာကို သွားမြင်သည်။ ဧည့်ခန်း၏ အလှကြည့်ဗီရိုပေါ်တွင် ထောင်ထားသော ကဒ်ပြားလေးတစ်ခု။

တစ်စုံတစ်ခု မိုးညာ သတိရသွားကာ ကြည့်လိုက်တော့ ခင်လေး

www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်က ဓာတ်ပုံတစ်ပုံနှင့် လက်မှတ်တစ်ခုဖြစ်သည်။

"ခင်လေးရဲ့ ဆယ်တန်းအောင်လက်မှတ်လေ"

နောက်မှထွက်လာသော ခင်လေး၏စကားသံက သူမစိတ်ကို ဦးမဆောင်နိုင်တော့ပေ။ မိုးညှာ သေသေချာချာကြည့်ဖြစ်သွားပါသည်။

ချက်ချင်းပင် စိတ်ထဲမှာ ထင့်ခနဲဖြစ်သွား၏။ ဦးနှောက်က ဆတ်ခနဲခုန်သွားသည်။

ပြီးတော့ နောက်တစ်ကြိမ် ထပ်ကြည့်သည်။

သေချာပါပြီ မလွဲနိုင်တော့။

ဒါဆို . . .

တစ်ခုခုတော့ မှားနေပေပြီ။



# XX

ချမ်းအေးရောက်သွားတော့ ဆိုင်မှာ ဘယ်သူမှမရှိ။ မိုးညှာတစ်ယောက်သာ ထိုင်နေသည်။ ချမ်းအေး ရောက်ရောက်ချင်းပင် . . .

"ဘယ်သူမှ မရှိကြဘူးလား။ ဘယ်သွားကြလဲ"

ခုံတွင်ဝင်ထိုင်လိုက်သော ချမ်းအေးအားကြည့်ရင်း မိုးညှာက–

"ကိစ္စရှိလို့ မြို့ထဲခဏသွားကြတယ်။ ဘယ်သူမှမရှိတဲ့အချိန်နင့်ကို ဖုန်းဆက်ခေါ်လိုက်တာ"

ဒီလောက်နှင့်ပင် ချမ်းအေး သဘောပေါက်လိုက်သည်။ ဖုန်းထဲမှာ အရေးတကြီးကိစ္စ ပြောစရှိတယ်ဟူသောစကားသည် ယခု ပိုလေးနက်သွားပြီဆိုတာ သိလိုက်၏။

"ကိစ္စ တော်တော်ကြီးလို့လား"

ချမ်းအေးစကားအား ခေါင်းညိတ်ပြရင်း . . .

"ခင်လေးကိစ္စ သိပြီးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . လင်းခပြောတယ်"

သူ၏အဖြေကို မိုးညာကခေါင်းညိတ်ကာ တုံ့ပြန်သည်။ ပြီးတော့ ဘယ်ကစကားစရမှန်း မသိသလိုပုံစံမျိုးနှင့် ခဏ တိတ်ဆိတ်သွားသည်။ မိုးညာပုံစံမှာ တစ်စုံတစ်ခုအား ဝေခွဲမရသလိုရှိနေ၏။ ထိုဝေခွဲမရသည့် တစ်စုံတစ်ရာကိုလည်း ချမ်းအေးအား မေးချင်နေပုံရသည်။

ချမ်းအေး သဘောပေါက်စွာ . . .

"မိုးညာ . . . နင်ငါ့ကို ဘာမေးချင်တာလဲ"

ငုံ့နေရာမှ မိုးညာဦးခေါင်းက မထင်စလောက်လေး မော့လာသည်။ နောက် ချမ်းအေးကို အားနာသလို တစ်ချက်ကြည့်ရင်း . . .

"ချမ်းအေး နင် ဆယ်တန်းအောင်တော့ ဂုဏ်ထူးတစ်ဘာသာ ပါတယ်ဆိုတာ ဟုတ်လား"

ချမ်းအေး မျက်မှောင်ကြုတ်ကာ မိုးညာကိုကြည့်မိ၏။

"နင့်ကို ဘယ်သူပြောလဲ"

"လင်းခလေ"

ချမ်းအေး ဟက်ဟက်ပက်ပက် ရယ်ပါသည်။ အကောင်းစားဟာသတစ်ပုဒ်ကို ကြားလိုက်ရသလို အူလှိုက်သည်းလှိုက်၊ အရယ်တစ်ဝက်နဲ့တင် သူမကို ပြန်ပြောသည်ကား . . .

"လင်းခကတော့ လုပ်လိုက်ပြန်ပြီ။ နင့်ကို နောက်လိုက်တာနေမှာ။ ငါငယ်ငယ်တုန်းက စာတော်တော်ညံ့တာဟ။ ဂုဏ်ထူးထွက်ဖို့ နေနေသာသာ အောင်ဖို့တောင်အနိုင်နိုင်။ နင်ကတော့ ခံလိုက်ရပြီ"

ချမ်းအေး၏စကားအဆုံး . . .

"ဒါဆိုရင်တော့ ငါထင်တာ နီးစပ်သွားပြီ"

"ဘာဖြစ်တယ်"

ပြန်မဖြေပါ။ လိုအပ်သော စကားတစ်ခွန်းသာ . . .

"ခင်လေးလည်း ရိုးရိုးပဲအောင်တာ"

ဒီတစ်ခါ ငြိမ်သက်သွားသူက ချမ်းအေး။ မိုးညာမျက်နှာကို စူးစူး



စိုက်စိုက်ကြည့်နေသည်။ ပြီး တအံ့တသြဖြစ်သွားသလို အမူအရာဖြင့်–

"နင်တစ်ခုခု သိနေတာလား"

မိုးညာ ခေါင်းယမ်းလိုက်ရင်း . . .

"မသိသေးဘူး။ သိချင်တာ"

"ဘာကိုလဲ"

မိုးညာ ချမ်းအေးမျက်လုံးအစုံကို သေချာစိုက်ကြည့်ဖြစ်သည်။ ပြီးတော့ . . .

"နင် လင်းခရဲ့စာကြည့်ခန်းထဲ ဒီအတောအတွင်း ရောက်သေးလား"

ချမ်းအေးမျက်လုံးအရောင် တစ်ချက်ပြောင်းသွား၏။ နှုတ်ထွက်စကားတွေလည်း လေးပင်သွားကာ . . .

"ရောက်တယ်"

"ဒါဆိုရင်တော့ ငါဘာဆိုလိုတယ်ဆိုတာ သိမှာပါ"

"အခန်းနံရံမှာရေးထားတဲ့ နာမည်တွေကိုပြောတာမလား"

မိုးညာ ပြန်မဆိုမိ။ တိတ်ဆိတ်ခြင်းသည်လည်း ဝန်ခံခြင်းတစ်မျိုးပေပင်မဟုတ်လား။ ထိုစဉ်မှာပင် ချမ်းအေးက စကားဆက်လာသည်။

"ငါမပြောလည်း နင်တွေးပြီးသွားလောက်ပြီလို့ ထင်တယ်"

"တွေးသင့်သလောက်တော့ တွေးမိပြီးပြီ။ နံရံမှာရေးထားတဲ့ နာမည်တွေကို တွေ့ပြီးကတည်းက ငါ့စိတ်ထဲမှာ ထင်ပြီး တစ်ခုခုပဲဆိုတာ တွေးမိတယ်။ လင်းခကိုမေးတော့ (၁၀) တန်းအောင်တုန်းက ဂုဏ်ထူးတစ်ဘာသာပါတဲ့လူတွေလို့ ပေါ့ပေါ့ပဲဖြေတယ်။

အဲဒီကတည်းက ငါမသင်္ကာသွားတာ။ ဘာဖြစ်လို့လည်းဆိုတော့ ခင်လေး ငါတို့ဆီမှာ အလုပ်ဝင်တုန်းက ငါသိထားတာပဲ။ ဒါပေမဲ့ ငါများ ဇဝေဇဝါဖြစ်သွားတာလားဆိုပြီး မပြောခဲ့ဘူး။ မနေ့က ခင်လေးအိမ်ရောက်တော့မှ သေချာသိသွားတာ။ ခင်လေး (၁၀) တန်းအောင်တာ ဂုဏ်ထူးမပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ချမ်းအေး ဘာမျှဝင်မပြောပဲ မိုးညာပြောသည့်အသံ နားထောင်နေသည်။ မိုးညာကတော့ စတင်တွေ့ရှိသော သဲလွန်စမှစ၍ တစ်စချင်း ဆွဲထုတ်နေ၏။ ချမ်းအေး အရင်ကတည်းက သဘောပေါက်ထားပါသည်။ မိုးညာသည် လျှော့တွက်၍မရပါ။

သူတို့မသိစေချင်၍ ဖုံးထားသော ကိစ္စတစ်ခုမှာကား . . .

"အခု နင်ကလည်း ဂဏန်းထူးမပါခဲ့ဘူးဆိုတော့ သေချာသွားပြီ။ (1D)ဆိုတာ ဂဏန်းထူးမဟုတ်ဘူး။ ဒါက တစ်ချက်ပေါ့။ နောက်တစ်ချက်က ရေနစ်တာနဲ့ပတ်သက်ပြီး ဟိုတစ်နေ့က နင်ပြောလိုက်တဲ့စကားတစ်ခွန်းကို မှတ်မိသေးလား"

ချမ်းအေး ဇဝေဇဝါဖြစ်နေသည်။ ဖြုန်းခနဲ သူ့ခေါင်းထဲသို့ ရောက်မလာ။

"ငါ သေချာမှတ်မိလိုက်တယ်။ 'လင်းခ ရေ့တော်တော်ဝေးဝေးကို ကြိုမြင်ထားတယ်။ ဒါ ငါပထမဆုံးပဲဆိုတာလေ'။ နံရံမှာရေးထားတဲ့ နာမည်တွေထဲမှာလည်း နင်က ပထမဆုံးပဲ။ ဒုတိယက ခင်လေး။ မနေ့က ခင်လေးပန်းနုရင်း ခုံပေါ်ကပြုတ်ကျတယ်။ ငါ့အထင်ပြောရရင် နံရံကနာမည်တွေဟာ ဒီလိုအကြောင်းတွေဖြစ်ပွားစေဖို့ ကြိုတင်နိမိတ်တွေမလား"

ချမ်းအေး အသံတိတ်သွားသည်။ ချက်ချင်း ဘာပြန်ပြောရမှန်းမသိပါ။ မိုးညာစကားက သွေးထွက်အောင်မှန်လွန်းနေသည်။ ဟုတ်ပါ၏။ ဒါတွေသည် အိပ်မက်ခြင်းမှတွေ့ရသော သူတို့၏ အနိဋ္ဌာရုံနိမိတ်တွေပါ။ ချမ်းအေး အဖြေပေးဖို့မတတ်နိုင်သေးခင်မှာပင် . . .

"နင်ပြောတဲ့စကားအရ နင်တစ်ခုခုသိပြီနေပြီထင်လို့ ငါခေါ်မေးတာ။ ဘယ်လိုလဲ ငါပြောတာ . . . ဟုတ်လား"

ချမ်းအေးငြင်းဖို့ အခွင့်အလမ်း နည်းပါးသွားရပါပြီ။ ပြီးတော့ သူမလိမ်ချင်တော့။ မီးလျှံလိုပူလောင်မှုမျိုးနှင့်ပင် သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ ချမ်းအေးပုံစံက အသက်မရှိတော့သော ရှေးခေတ်ကျောက်



ရုပ်တစ်ရုပ်လို ညှိုးနွမ်းဆွေးမြည့်နေသည်။ နောက် ဆုံးဖြတ်ချက်တစ်ခုကို ပီပီပြင်ပြင် ချဖြစ်သွားသလို မျက်နှာတည်သွား၏။ ပြီးတော့ . . .

"ဟုတ်တယ် . . . အဲဒါ ငါတို့နဲ့ပတ်သက်ပြီး လင်းခမြင်ထားတဲ့ နိမိတ်ဆိုးတွေပဲ"

"အို"

မိုးညာ၏နှုတ်ခမ်းပါးတို့ တဆတ်ဆတ် တုန်သွားသည်။ မျှော်မှန်းထားသော်လည်း တကယ့်တကယ်အဖြစ်မှန်ကို ကြားလိုက်ရတော့ သူမတုန်လှုပ်သွားရသည်။ နှလုံးခုန်သံနှင့်အတူ အသက်ရှူတွေပါ မြန်သွား၏။ ချက်ချင်းပင် သူမသိလိုသော မေးခွန်းတစ်ခုအား ရင်ခုန်လှိုက်မောစွာ မေးလိုက်တော့ . . .

"ဒါ . . . ဒါဆို လင်းခလည်းပါတာပေါ့။ လင်းခလည်း နင်တို့လို ကြမ္မာဆိုး တွေ့ကြုံရမှာပေါ့"

ချမ်းအေး ခေါင်းညိတ်လိုက်သည်။ စိုးရိမ်ပူပန်စိတ်တွေဖြင့် ရှုန်းကြွလှုပ်ရှားနေသော မိုးညာအားကြည့်ကာ . . .

"လင်းခ ငါတို့လိုကြမ္မာဆိုးတွေထဲ ပါမပါက သုံးယောက်မြောက်နိမိတ်ပေါ်မှာ မူတည်တယ်။ ငါရယ်၊ ခင်လေးရယ် ကြုံတွေ့ခဲ့ရတဲ့ ကြမ္မာဆိုးက တိုက်ဆိုင်လို့လား၊ နိမိတ်အတိုင်းဖြစ်လာတာလားဆိုတာ သုံးယောက်မြောက်က အဆုံးအဖြတ်ပဲ"

မိုးညာမျက်လုံးထဲတွင် သူရအား ပြေးမြင်မိသည်။ ဟုတ်ပါသည်။။ လင်းခ၏အိမ်နံရံမှာရေးထားသော သုံးယောက်မြောက်နာမည်က သူရ။

"သူရလည်း ငါတို့လို ကြမ္မာဆိုးတွေနဲ့ ကြုံတွေ့လာခဲ့မယ်ဆိုရင်တော့ သေချာတယ်။ လင်းခကိုယ်တိုင်လည်း မလွတ်တော့ဘူး"

မိုးညာ၏မျက်လုံးအိမ်၌ မျက်ရည်ကြည်တို့ တွဲခိုလာပေပြီ။ တစ်ချက်တစ်ချက်လည်း ရှိုက်သံထွက်လာကာ မျက်နှာပြင်မှာ ရဲရဲသွေးညိုနေ၏။



www.burmeseclassic.com

"ခက်တာက သူရ၊ ဒီအကောင် လုံး[illegible] ကြီး ငြင်းနေတယ်။ ငါ့တုန်းကလည်း လက်ခံယုံကြည်ခဲ့တာ မဟုတ်ဘူးလေ။ ဒါပေမဲ့ တကယ်ဖြစ်လာတယ်။ လင်းခကတော့ သူ့အိပ်မက်တွေကို လုံးဝမမှန်စေချင်ဘူး။ ဒါကြောင့်လည်း အတတ်နိုင်ဆုံး ကံကြမ္မာကို ပြောင်းပစ်နိုင်အောင် ကြိုးစားနေတာ။ ဒါပေမဲ့ ကာယကံရှင်ကိုယ်တိုင်က မယုံကြည်တော့ ခက်တယ်ဟာ"

ပြောနေရင်းနှင့် ချမ်းအေးအသံမှာ တိမ်ဝင်သွား၏။ စိတ်မကောင်း ဖြစ်သွားဟန်တူသည်။ ပြီးတော့ စကားသံ ဆက်ထွက်လာသည်။

"သူရ တကယ် ကြမ္မာဆိုးတွေထဲ ပါသွားခဲ့ရင်တောင် လင်းခအလှည့်မရောက်သေးပါဘူး။ ကြားထဲမှာ တစ်ယောက်ကျန်ပါသေးတယ်"

ချက်ချင်းပင် မိုးညာမျက်လုံးထဲ၌ နံရံတစ်ခုပေါ်လာသည်။ ဟုတ်သည် နံရံပေါ်မှာ သူရပြီးတော့ တစ်ယောက်လွတ်နေသည်။ ပြီးမှ လင်းခ။

ထိုလွတ်နေတဲ့တစ်ယောက်က ဘယ်သူလဲ။

သူမမေးမည်ကြံစဉ်မှာပင် . . .

"အဲဒီတစ်ယောက် ဘယ်သူဆိုတာကိုတော့ လင်းခကိုယ်တိုင်လည်း ဝေခွဲလို့မရသေးဘူးပြောတယ်"

ချမ်းအေးစကားအဆုံးမှာပင် ဆိုင်မှဖုန်းမှာ မြည်လာ၏။ မိုးညာသွားကိုင်လိုက်တော့ သူမရင်းနှီးနေကျ မိန်းကလေးတစ်ယောက်အသံဖြစ်သည်။ တအောင့်ကြာသွားသည်။

နောက် ဖုန်းချ၍ ချမ်းအေးဆီပြန်လျှောက်လာရင်း . . .

"ကေခိုင်ဆက်တာ။ ဆိုင်ကို မနက်ဖြန် အကျီလာကြည့်မလို့တဲ့။ သူရကိုပါ ခေါ်လာခဲ့မယ်ပြောတယ်"

ကေခိုင်ဆိုသူမှာ သူရ၏ တစ်ဦးတည်းသော ညီမလေးဖြစ်ပါသည်။ ယခုမှ (၉) တန်းသာရှိသေးသည်။ မိုးညာ မူလနေရာသို့ ပြန်ထိုင်



ပြီးမှ[illegible] အသိချင်ဆုံးစကားတစ်ခွန်းအား မေးတော့၏။

ထိုမေးခွန်းက နံရံတွင် ကမ္ပည်းထိုးထားသူ လူငါးဦးတို့၏. .

နောက်ဆုံးအဆုံးသတ်။

နောက်ဆုံးပြီးဆုံးမှု။

နောက်ဆုံးကံကြမ္မာ။

ပြီးတော့ ငါးယောက်သားအနက်တွင်းမှ တစ်ဦးတည်းသောသူ၏ တစ်ခုတည်းသော အနာဂါတ်။

"ချမ်းအေး . . . ငါအသိချင်ဆုံးတစ်ခုကိုပဲ မေးတော့မယ်။ နင်သိထားလိမ့်မယ်လို့ ထင်တယ်"

ဆက်မပြောပဲ စကားကို ခဏတန့်ထားသည်။ နောက် ချမ်းအေးကို မမိုတ်မသုန်ကြည့်ကာ မိုးညာနှုတ်မှ စကားသံတို့က တစ်လုံးချင်း။

"Distinction မဟုတ်တဲ့ I (D) ဆိုတာ ဘာလဲ"

ချမ်းအေးခန္ဓာကိုယ်မှာ ဆတ်ခနဲ တစ်ချက်တုန်သွားသည်။ ပြောစရာစကားတို့ ခဏချင်းမဲ့သွားသလို၊ ဆွံ့အသွားသလို၊ တစ်စုံတစ်ခုသောအကြောင်းက လည်ချောင်းဝသို့ ဆို့နင့်ပိတ်ကာခြင်း ခံလိုက်ရသလို တုံ့ဆိုင်းသွား၏။

မဖြေချင်ပေမယ့်လည်း မဖြေလို့မဖြစ်တော့။

ဝေ့လည်ကြောင်ပတ် လုပ်လို့မရတော့အောင်လည်း မိုးညာမျက်လုံးတို့က စူးရဲစွာ သူ့ထံသို့ရောက်နေ၏။ ချမ်းအေးစိတ်ကို လျှော့ချလိုက်ပါသည်။

သူငယ်ချင်းတစ်ယောက်အနေနှင့် သူမလည်း သိသင့်သည် မဟုတ်ပါလား။ ကျဆုံးခန်းတစ်ခုဖြစ်ပေမဲ့ သတိပေးရပေမည်။ မကယ်တင်နိုင်တောင် အားပေးမှုအပြုံးတွေ ပြုံးပေးနိုင်ရမည်။ နှစ်သိမ့်မှုပန်းတွေ ပွင့်ပေးနိုင်ရမည်။ ဒီတော့ . . .

"မိုးညာ . . . ငါနဲ့ခင်လေးနဲ့ လွတ်မြောက်လာခဲ့တဲ့ ကြမ္မာဆိုးက ဘယ်လောက်အတိုင်းတာထိ ကြီးမားတယ်လို့ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com

မိုးညာက မဆိုင်းမတွပင် ပြန်ဖြေသည်။

"အသက်နဲ့ အလဲအလှယ်လုပ်ရလောက်အောင်ထိ ကြီးမားတယ်။ အမှန်အတိုင်းပြောရရင် နင်တို့ သေတွင်းနှုတ်ခမ်းပေါ်က ပြန်တက်လာကြတာပဲ"

ချမ်းအေး တည်ငြိမ်စွာ ခေါင်းညိတ်မိပါသည်။ ပြီးတော့ မပြောချင်ဆုံးစကားကို မပြောမဖြစ် ပြောလိုက်ရသည်ကား . . .

"D ဆိုတာ Distinction မဟုတ်ပါဘူး"

မိုးညာမော့ကြည့်သည့်ခဏ ချမ်းအေးနှုတ်မှထွက်လာသည့် နောက်ဆုံးစကားတစ်ခွန်းက . . .

"Death"

"အို . . ."

ပျက်ယွင်းမှုနှုတ်တံခါးက မပီမသထွက်လာသော အာမေဍိတ်သံတစ်ခုနှင့်အတူ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းတွေက အပြင်းထန်ဆုံး တုန်ခါမြည်ဟီးကာ . . .

"ဒါ . . . ဒါဆို I (D) ဆိုတာက . . ."

ဝိုင်းဝိုင်းစက်သွားသော မျက်လုံးလေးနှစ်လုံးကို မကြည့်ရက်စွာနှင့်ပင် ချမ်းအေး မျက်နှာလွှဲလိုက်ရတော့သည်။ ပြီးတော့ စိတ်ကို အတည်ငြိမ်ဆုံးထိန်းကာ ပြောလိုက်ရသည်ကား . . .

"ဟုတ်တယ် . . . အဲဒါ ငါးယောက်ထဲက တစ်ယောက်သေလိမ့်မယ်"



# XXI

ညနေအိမ်ပြန်ချိန်က မလှပတော့ပါ။ နောက် ငါးရက်တိတိပြည့်တဲ့နေ့မှာ သူမ ဘုန်းခန့်ကျော်နှင့် စေ့စပ်ရပေတော့မည်။

ထို့အတူ သူမတို့၏ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်သည်လည်း လောကကြီးကို ထာဝရ လက်ပြသွားရတော့မည်။ ငိုရှိုက်ထားမှုကြောင့် ဖောင်းအစ်နေသော မျက်ခွံမို့မို့တွေ့ကြားမှာပင် ချမ်းအေး၏ မျက်နှာကို မြင်ယောင်မိ၏။ ချမ်းအေး၏စကားကို ကြားယောင်မိ၏။ ချမ်းအေးပြောသွားခဲ့သော စကားအချို့က နားစည်သို့ နောက်တစ်ကြိမ် အသက်ဝင်လာပါသည်။

"လင်းခကို ခွင့်လွှတ်လိုက်ပါ မိုးညာ။ လင်းခ နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါတို့အသိဆုံးပါ။ ဒါပေမဲ့ မမျှော်လင့်ပဲ အခုလိုကြုံတွေ့လာရတဲ့ ကိစ္စအရပ်ရပ်တွေကြောင့် ဘုရားသခင်က လင်းခ အရမ်းပြောချင်တဲ့စကားတွေကို သိမ်းဆည်းလိုက်တာပဲ"

သူမ၏မျက်လုံးအိမ်မှ မျက်ရည်တစ်စက်

အိခနဲ

ကျဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com

# XXII

ဒီနေ့သည် မိုးညာ ဆိုင်ထွက်ခွင့်ရသည့် နောက်ဆုံးနေ့။ မနက်ဖြန်မှစပြီး ဆိုင်ထွက်ရမည်မဟုတ်တော့။

ခင်လေးဆိုင်ပြန်ထွက်၍ လူဆုံပြီဖြစ်သော်လည်း အကုန်လုံး မျက်နှာမကောင်းကြ။ မိုးညာ စေ့စပ်ရတော့မည်ဆိုတာထက် ပိုမိုကြီးမားသောအကြောင်းတစ်ခု သူတို့အားလုံး၏ အသိအာရုံကို အုပ်မိုးထားသည်။ မိုးညာ၏ပြောပြမှုကြောင့် ဝေမာ၊ ယောမာနှင့် ခင်လေးတို့သုံးယောက်စလုံး သိကုန်ကြပါပြီ။

ထို့ကြောင့်လည်း သူတို့အားလုံး ရှင်လန်းမှုမဲ့နေကြခြင်းဖြစ်၏။ ယခုအလှည့်သည် သူရ။

သူရအတွက် ကံကြမ္မာကြီးက ဘယ်လိုဘယ်ပုံအဆိုးတွေ ဖန်တီးလာမည်လဲ။ သူရ လွတ်မြောက်မှာလား၊ ဒါမှမဟုတ် ကံကြမ္မာ၏ အလိုကျ ရှုံးနိမ့်ပြရမှာလား။ လောလောဆယ် မသိသေး။



1 (D) ဆိုသည့် အဓိပ္ပာယ်မှာ ချမ်းအေးနှင့်ခင်လေးတို့အတွက် လွတ်မြောက်သွားပေပြီ။ ဒါဆို ထို 1 (D) က ဘယ်သူ့ဆီမှာ အဆုံးသတ်မှာလဲ။ သူရဆီမှာလား၊ လင်းခဆီမှာလား၊ ဒါမှမဟုတ် အမည်မဖော်နိုင်သေးသည့် တစ်ယောက်ဆီမှာလား။ ထိုတစ်ယောက်ရော ဘယ်သူလဲ။

သူမလား။

ကြက်သီး ဖျင်းဖျင်းကလေး ထသွားသည်။ သူမဖြစ်နေလို့ ဘယ်သူ့ကိုမှ အသိမပေးပဲထားတာလား။ မိုးညာ တွေးနိုင်သလောက် တွေးကြည့်နေမိသည်။ ဒါပေမဲ့ အခုလောလောဆယ်တော့ ခေါင်းထဲသိပ်ထည့်လို့မရပါ။ အရေးအကြီးဆုံးသည် သူရ။

ထိုနိမိတ်ဆိုးကိုသာ ကျော်လွှားနိုင်ခဲ့ပါက နောက်လူတွေအတွက် ကြိုတင်နိမိတ်မှာ သက်ရောက်မှုရှိမည်မဟုတ်တော့။ မကြာပါ။ မနေ့က ဖုန်းဆက်ထားသည့်အတိုင်း သူရတို့မောင်နှမ ဆိုင်ရောက်လာသည်။ သူရပုံစံကတော့ ဘာမျှအထိတ်တလန့်မရှိ။ အေးဆေးလျက်ရှိသည်။

ကေခိုင်က အဝတ်တွေလျှော်ကြည့်တော့ သူရ သူမတို့ဆီလာထိုင်သည်။ ဒါပေမဲ့ ဘယ်ကစပြောလို့ ပြောရမှန်းမသိဖြစ်နေပြန်ရာ တခြားအကြောင်းအရာတွေကိုသာ ဟိုဟိုဒီဒီပြောဖြစ်သည်။

ထိုစဉ်မှာပင် ကားတစ်စီးက သူမတို့ဆိုင်ရှေ့သို့ အလျှင်စလိုထိုးဆိုက်လာ၏။

'ကျွီ' ခနဲရပ်သွားသောကားကြောင့် သူမတို့အားလုံး အံ့ဩမှင်တက်သွားစဉ်မှာပင် . . .

ကားပေါ်မှလူတစ်ယောက် ဝုန်းဒိုင်းကြဲကာ ဆင်းလာသည်။ သူက လင်းခ . . .

ဆိုင်ထဲသို့ အလျှင်စလို ပြေးဝင်လာပြီးသည့်နောက်မှာ သူရကို တွေ့သည်နှင့်တစ်ပြိုင်နက် . . .

"သူရ . . . မင်း ဆိုက်ထဲမသွားနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com

လင်းခ၏ တားမြစ်သံလိုလို၊ အမိန့်ပေးသံလိုလိုစကားကြောင့် ဘာမှန်းမသိ သူရ အမ်းသွားသည်။ ပြီး လင်းခအား နားမလည်သလို ပြန်ကြည့်ရင်း . . .

"ဘာဖြစ်လို့လဲ"

အံ့ဩတကြီး ဝိုင်းကြည့်နေကြသော တစ်ဆိုင်လုံးအား လင်းခ မသက်မသာကြည့်ရင်း . . .

"မင်းခေါင်းမှာ သွေးထွက်သံယိုတစ်ခုခု ဖြစ်လိမ့်မယ်"

"အို . . . "

"ဘာဖြစ်တယ်"

သူရဆီမှ တုံ့ပြန်သံ ချက်ချင်းထွက်လာသည်။ ပြောသူလင်းခကို သေသေချာချာကြည့်သည်။ ချက်ချင်းပင် သူရပုံစံက အနည်းငယ်မာထန်သွားသလို ဆတ်ခနဲတည်သွား၏။ လင်းခပြောသည့် စကားတို့အပေါ် အလေးအနက်မရှိသည့်ဟန်တို့ တစ်မုဟုတ်ချင်းပေါ်သွားကာ . .

"အဟုတ် . . . ဘာလဲ မင်း အိပ်မက်မက်ပြန်ပြီပေါ့"

"အေး . . . ဖြစ်နိုင်ရင် မင်း ဆိုက်ထဲမသွားနဲ့တော့"

လင်းခ၏နှုတ်မှ စိုးရိမ်သံတွေ ရောယှက်နေသလောက် သူရကတော့ ခပ်မဲ့မဲ့တစ်ချက်ပြုံးသည်။ ထိုအပြုံးနှင့် ထပ်တူကျသောစကားတို့ကလည်း ထီမထင်ဟန်တွေ ရောယှက်ကာ လင်းခဆီသို့ . . .

"လွန်ခဲ့တဲ့တစ်ရက်ကပဲ မင်းနဲ့ ဖုန်းပြောပြီးသွားပြီလေကွာ။ ငါ့သဘောထားဘာဆိုတာ တစ်ခါတည်း ပြောလိုက်ပါတယ်"

လင်းခဆီမှ စုတ်တစ်ချက်သပ်သံကို ကြားရသည်။

"ကျွတ် . . . သူရ"

လင်းခ စိတ်ပျက်သလို စုတ်သပ်၍ နာမည်ခေါ်လိုက်သော်လည်း သူရကတော့ အေးဆေးပင်။ ထိုစဉ်မှာပင် ကေခိုင်မှာ စက္ကူအိတ်တစ်သီကြီးကိုဆွဲရင်း သူရအနားရောက်လာသည်။

"ပြီးသွားပြီလား"



ညီမဖြစ်သူ၏လက်မှာ ဆွဲထားသော စက္ကူအိတ်များကိုကြည့်ရင်း သူရမေးလိုက်တော့ . . .

"အင်း . . . ပြီးသွားပြီကိုကို။ သွားမယ်လေ . . . ညီမလေး ကျောင်းသွားရဦးမှာ"

သူရက ခပ်တည်တည်ပင် ခေါင်းညိတ်သည်။ ပြီးတော့ လင်းခဘက်အား တစ်ချက်လှည့်ကြည့်ရင်း . . .

"အခုလို ငါ့အတွက်သတိပေးတာ ကျေးဇူးတင်တယ် သူငယ်ချင်း။ ဒါပေမဲ့ ငါ့ကိုခွင့်လွှတ်ကွာ။ နိမိတ်ဖတ်ပြီး အတတ်ဟောတဲ့ရောဂါတွေကို ငါအယုံအကြည်မရှိဘူး"

ပြောပြီး သူရမှာ လှည့်ထွက်သွားသည်။ ကေခိုင်ကတော့ အခုမှ အနားရောက်လာသူဖြစ်ရာ ဘာတွေမှန်းမသိ ကြောင်တက်တက်ဖြစ်နေရင်းမှ သူရနောက်သို့ ကမန်းကတန်း ပြေးလိုက်သွားပါသည်။

"သူရ . . . ဟေ့ကောင် သူရ"

လင်းခထပ်ခေါ်သော်လည်း သူရ လှည့်မကြည့်တော့ပါ။ လင်းခ တစ်ယောက်သာ ဆိုင်လယ်၌ မတ်တတ်ရပ်ရင်း စိတ်ပျက်လက်ပျက် ကျန်ခဲ့သည်။ လင်းခ၏မျက်နှာပေါ်မှာက ကြေကွဲစိုးရိမ်စိတ်တွေ ရောယှက်လို့။

ယုံကြည်မှုမဲ့ကာ တစ်လှမ်းချင်းထွက်သွားသော သူရကျောပြင်အား စိတ်မကောင်းစွာငေးကြည့်ရင်း မိုးညာတို့ဘက်သို့ လှည့်လိုက်မိတော့ . . .

အံ့ဩစိုးရွံ့ဟန်ကိုယ်စီဖြင့် သူ့အား ဝိုင်းကြည့်နေကြသော မျက်လုံးတွေနှင့် ဆုံသည်။ သူတို့၏ မျက်ဝန်းတွေမှာက လင်းခလိုချင်သော အရိပ်အငွေ့တွေပြည့်နေ၏။

ဘာပဲပြောပြောပါ။

လင်းခ ကျေနပ်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# XXIII

မိုးညာတို့တစ်ဆိုင်လုံး တယ်လီဖုန်းအား ကြောက်ရွံ့ဖွယ် သတ္တဝါတစ်ကောင်လို မဝံ့မရဲကြည့်နေကြသည်။ အမှန်က တယ်လီဖုန်းတွင်းမှ လွင့်အော်လာမည့် သတင်းပေးသံကို စိုးရွံ့ထိတ်လန့်နေကြတာပါ။

ဟုတ်ပါသည်။ သူရနှင့်ပတ်သက်သော သတင်းတစ်စုံတစ်ရာကြားရမည်ကို သူမတို့ စိုးရိမ်နေ၏။ လင်းခ သတိပေးတားမြစ်သော်လည်း ခေါင်းမာစွာ သူရဆိုက်ထဲသို့သွားမည်ဆိုတာ သိသည်။

လက်ကိုင်ဖုန်းကို လှမ်းဆက်တော့လည်း ဘာကြောင့်မှန်းမသိ ဖုန်းပိတ်ထားသည်ဟုဆိုသည်။ ဘယ်လိုတွေ့လဲ။

လင်းခပြောသလို တကယ်ပဲ သူရခေါင်းမှာ သွေးထွက်သံယိုတစ်ခုခုဖြစ်လာမည်လား၊ ဖြစ်လာလျှင်ရော သူရ၏ကြမ္မာက အပြင်းထန်



ဆုံး မည်မျှဖြစ်ပွားလာမည်လဲ။ အဓိကကတော့ 1 (D)ဆိုသောစကားလုံးက သူရနှင့်ပတ်သက်၍ အားလုံးကို ခြောက်လှန့်နေသည်။

မိုးညာ နာရီမော့ကြည့်မိတော့ (၃)နာရီ။ ယခုအချိန်ထိတော့ ဆိုးရွားသောသတင်းတစ်ခုကို မကြားရသေး။ ဒါပေမဲ့ စိတ်တော်တော်ပူနေကြပါသည်။ ဝေမာက . . .

"မိုးညာ တအောင့်နေရင် ဆိုင်သိမ်းပြီး ငါတို့ သူရဆိုက်ထဲကို လိုက်သွားကြည့်ရအောင်"

မိုးညာမငြင်းဖြစ်ပါ။ ခေါင်းညိတ်ပြလိုက်သည်။ တကယ်လည်း သူမစိုးရိမ်နေပါသည်။ တအောင့်ကြာတော့ ဆက်လက်ထိန်းထားနိုင်စွမ်းလျော့နည်းကာ သွားဖို့ဆုံးဖြတ်လိုက်ကြတော့ ခင်လေးနှင့်ဟေမာပါ ပါလာသည်။

ဒီလိုနှင့် သူမတို့ကားလေးက လေးပင်သောစိတ်တွေနှင့် ခပ်သော့သော့ပြေးထွက်ခဲ့တော့သည်။

ပါလာသူအားလုံးကတော့ စိုးတထိတ်ထိတ်။

• • •

လမ်းချိုးတစ်ခုထဲသို့ ချိုးဝင်လိုက်စဉ်မှာပင် နိမိတ်ဆိုးတစ်ခုနှင့်တူသော အငွေ့အသက်တစ်ခုကို ရှူရှိုက်မိလိုက်သည်။

သက်ဝင်မှုမဲ့နေသော ဆောက်လက်စတိုက်ကြီးတစ်လုံး။ ဒီအချိန်သည် အလုပ်နားရမည့်အချိန် မဟုတ်သေး။ ဒါဆို ဘာကြောင့် . . . မိုးညာကားကို အရှိန်ဖိတင်လိုက်မိပါ၏။ သူတို့အားလုံး ရင်ခုန်သံမြန်လာပေပြီ။

ကျွိခနဲထိုးဆိုက်သွားစဉ်မှာပင် အထဲမှ ကောင်လေးတစ်ယောက်မှာ အရမ်းကာရောပြေးလာပြီး . . .

"ကိုသူရ သက်သာလားအစ်မ၊ ကိုသူရ သတိရလာပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

သူမရင်တစ်ချက် ဒိန်းခနဲ ခုန်သွားသည်။ ထို့အတူ ကျန်သုံးယောက်မှာလည်း ဒိန်းခနဲ၊ သုံးယောက်သား ရုတ်ခြည်း မျက်ဝန်းတို့ ဆုံမိသွားကြသည်။ သူတို့၏ မျက်ဝန်းတွေပေါ်မှာက ထိတ်လန့်အံ့ဩဟန်တွေအပြည့်။

ကြောင်တက်ငေးမောစွာ ဆွံ့အသွားကြရင်းမှ ဝေမာက အရင်သတိဝင်ကာ . . .

"သူ . . . သူ့ရ ဘာဖြစ်လို့လဲ"

"ဗျာ . . ."

ထိုကောင်လေး ကြောင်သွားသည်။ ပြီး သူမတို့လေးယောက်ကို မယုံသလိုကြည့်သည်။ သူမတို့ပုံစံ ပကတိရိုးသားကာ ဖုံးကွယ်မှုမဲ့နေတော့ . . .

"အစ်မတို့ ဘာမှမသိသေးဘူးလား"

"ဟင့်အင်း"

အလျင်စလို ခေါင်းယမ်းလိုက်သည့် ဝေမာ့ဝန်ခံမှု အဆုံးမှာတင် . . .

"ကိုသူရခေါင်းပေါ်ကို တတိယထပ်က သစ်သားချောင်းမ,ရွှေ့ရင်းနဲ့ ပြုတ်ကျလို့"

"ဟယ် . . ."

"ဘုရား . . . ဘုရား . . ."

"ဒုက္ခပါပဲ"

အံ့ဩတုန်လှုပ်မှုတို့ ပွင့်အန်ထွက်ကျသွားစဉ်မှာပဲ . . .

"နေ့လယ်လောက်က ဖြစ်သွားတာ။ ချက်ချင်းပဲ ဆေးရုံသွားလိုက်ရတယ်"

"အို . . ."

သူမတို့လေးဦးစလုံး၏ ခန္ဓာကိုယ်တွေမှာ ဆေးမကူပဲ တောင့်



[illegible]သွားပါတော့၏။ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားသလို စိတ်လှုပ်ရှားမှုတွေ အစွမ်းကုန်မြင့်သွားပေပြီ။

ချက်ချင်းပင် သူ့ရ ဖုန်းပိတ်ထားရခြင်းအကြောင်း သိလိုက်ရသလို၊ လောလောဆယ် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကိုလည်း သဘောပေါက်သွားသည်။ သူမတို့ တုံ့ပြန်ပြောဆိုနိုင်မှု မဲ့သွားကြစဉ်မှာပဲ . . .

"ကိုသူရ ဖြစ်ဖြစ်ချင်းပဲ အလုပ်တွေ အကုန်နားပစ်လိုက်တယ်။ ကျွန်တော်က အစ်မတို့ သိပြီးသွားပြီထင်နေတာ"

"သူ . . . သူ့ရ အခု ဘယ်ဆေးရုံမှာလဲ"

ပြာပြာသလဲမေးလိုက်သော မိုးညာအမေးအား ထိုကောင်လေး ပြန်ပြောရန် ပါးစပ်ပြင်လိုက်စဉ်မှာပင် . . .

'ဂူး' ခနဲထိုးဝင်လာသော ကားတစ်စီးကြောင့် သူမတို့အားလုံး၏ အကြည့်တွေ . . .

"ဟာ . . . ကိုသူရကား ပြန်လာပြီ"

ဝမ်းသာအားရပြောလိုက်သော ကောင်လေး၏စကားသံအဆုံး ရှူးခနဲရောက်သွားသော လေးဦးစလုံး၏ အကြည့်တွေအောက်မှာပင် ကားက သူမတို့ရှေ့သို့ ဦးတည်ဆိုက်ဆင်းလာ၏။

တုံ့ခနဲရပ်သွားသော ကားလေး၏ မောင်းသူနေရာမှာက ချမ်းအေး။ ချမ်းအေးဘေးမှာက လူတစ်ယောက်။ ထိုင်ခုံကိုကျောမှီကာ မျက်စိမှိတ်ရင်း မှိန်းနေသည်။

ကားရပ်လိုက်သည့် အထိအတွေ့ကြောင့် ထိုသူ၏မျက်လုံးတို့ တဖြည်းဖြည်းချင်းဖွင့်ဟလာသည်။ ပထမ ရှေ့တည့်တည့်။ နောက် ဘေးဘီသို့ဝေ့ယမ်းလိုက်သော သူ၏အကြည့်တွေက ကားတစ်စီးပေါ်မှ သူမတို့လေးဦးဆီသို့ ကျရောက်ထိတွေ့သွားစဉ်မှာပင် . . .

ကွက်ခနဲ မျက်နှာပျက်သွားသည်။

ပြိုင်ပွဲတစ်ခုမှာ ရှုံးသူတို့ ဖြစ်သွားလေ့ရှိသော မျက်နှာအနေ



www.burmeseclassic.com

www.burmeseclassic.com

အထားမျိုး။

ရက်စွဲ့နွမ်းလျနေ၏။ မာနလိုလို၊ အရိပ်အငွေ့တစ်ခုကလည်း ရောရောနှောနှော။

'သူရ' လို့ ခေါ်နိုင်စွမ်းပင် သူမတို့ဆီမှာ မရှိတော့ပါ။

ဟုတ်၏။

သူရ၏ဦးခေါင်းမှာ ပတ်တီးဖြူဖွေးဖွေးက ပြည့်တင်းပတ်ခြုံနေသည်။ ဒါ . . . ဒါဆို သူရ၏ အလှည့်သည်က ပြီးသွားပြီလား။

ᨒ ᨒ ᨒ



## XXIV

စားပွဲပေါ်တွင် ပတ်တီးလိပ်တစ်လိပ်၊ ထိမိုက်ဒဏ်ရာကြီးကြီးမားမားတစ်ခုအား ပတ်ချည်ထားပြီး ပြန်ဖြည်ချထားသော တစ်ပတ်နွမ်းပတ်တီးကြိုးခွေများ။ နောက် ကားသော့တစ်ခု။ ထိုကားသော့ဘေးမှာက ဖုန်းတစ်လုံး။

ကြည့်နေစဉ်မှာပင် ဖုန်းမှာ မြည်လာပါ၏။ လင်းခ ကောက်ကိုင်လိုက်သည်။ ဒီအချိန်မှာ သူ အရမ်းတောင့်တနေသော ဖုန်းနံပါတ်ခု။

"ဟယ်လို . . . "

တစ်ဖက်မှ ချိုလွင်ကြည်လင်သော အသံလေးတစ်ခု ထွက်လာသည်။

"လင်းခ . . . နင်ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ငါအခု သူ့ရအိမ်မှာ"

"အဲဒါဆို သူ့ရဘာဖြစ်တယ်ဆိုတာ သိပြီးသွားပြီပေါ့"

"အေးပေါ့ . . . ငါ့ကို ချမ်းအေးဖုန်းဆက်ပြောလို့ ဖြစ်ဖြစ်ချင်း ကတည်းက သိပြီးနေတာ။ ဆေးရုံတောင် လိုက်သွားသေးတယ်"

"ဟင် . . . နင့်ကို မတွေ့ပါဘူး။ ချမ်းအေးကိုပဲ တွေ့ပါတယ်"

မိုးညာစကားကြောင့် လင်းခ ယောင်ဝါးဝါးပြုံးလိုက်ရင်း . . .

"တွေ့မလား။ ငါ ဆိုက်ထဲကိုမှ လိုက်မလာတာ။ ဆေးရုံကနေ ကိစ္စရှိလို့ တန်းပြန်သွားတာ။ ချမ်းအေးမပြောဘူးလား"

"ဟင့်အင်း . . . ဘာမှမပြောလိုက်ရဘူး။ ဆိုက်ထဲက ဝန်ထမ်း လေးပေးတဲ့ ဖိုင်တစ်ခုယူပြီး သူတို့ပြန်သွားတယ်။ လိုက်ပို့မယ်ဆိုတာ လည်း လိုက်အပို့မခံဘူး။ ဘာဖြစ်သွားတာလဲမသိဘူး"

လင်းခ ခပ်ထွေထွေ တစ်ချက်စဉ်းစားလိုက်ပြီးနောက် . . .

"နင်တို့ကို မျက်နှာပူလို့နေမှာပေါ့။ ငါမနက်က သတိလာပေး တော့ နင်တို့အားလုံးရှိနေတယ်လေ။ အဲဒါကို မျက်နှာပူသွားတာနေမှာ"

လင်းခစကားကြောင့် သူမ ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"ငါတို့လည်း အဲလိုပဲထင်လို့ ကျန်နေခဲ့လိုက်ပါတယ်"

တအောင့်ကြာ သူတို့ စကားစပြတ်သွားသည်။

"မိုးညာ . . . မနက်ဖြန် နင်ဆိုင်ကိုလာမှာလား"

တစ်ဖက်မှ တိတ်ဆိတ်သွား၏။ အကြောင်းကိစ္စတစ်ခုကို တွေး တောမိသွားပုံရသည်။ ပြီးတော့ သက်ပြင်းချသံသဲ့သဲ့ကို ဖုန်းထဲမှာပင် ကြားရသည်။

"ငါ ဆိုင်ထွက်လို့မရတော့ဘူး။ အိမ်ကငါ့ကို ပေးမသွားတော့ ဘူး"

"ဘာဖြစ်လို့ . . . "

"နောက်သုံးရက်နေရင် ငါ စေ့စပ်ရတော့မယ်လေ"

ဝမ်းနည်းဆွေးမြေ့မှုတစ်ခုက ရင်တွင်းသို့ တိတ်ပပ ကျဆင်း



သွားသည်။ ကိုင်ထားသောဖုန်း၏ အထိအတွေ့ပင်လျှင် ကျင်ရှရှဖြစ် သွားသလို လင်းခနလုံးသားတို့ စူးအောင့်သွား၏။ ဒါပေမဲ့ လင်းခ ပီပြင် ပါသည်။

"မိုးညာ . . . နင့်ကိုငါ တစ်ခုမေးမယ်။ နင့်အမြင်လေးကို သိ ချင်လို့"

သူမဆီမှ ပြန်ဖြေသံထွက်မလာ။ ဒါပေမဲ့ လင်းခမေးလိုက်သည်။

"ကိုယ်သေမယ့်အချိန်ကို ကိုယ်ကြိုသိနေမယ်ဆို နင်ဘာလုပ် မယ် စိတ်ကူးလဲ"

"ဘာဖြစ်တယ်"

သူမ၏နှုတ်ထွက်စကားတို့ ကျယ်သွားသည်။ ရင်ထဲမှာလည်း ဒိန်းခနဲ ဆောင့်ခုန်သွား၏။

"ဥပမာ . . . လူတစ်ယောက်က နောက် တစ်ရက်နှစ်ရက်နေ ရင် သူသေရတော့မယ်ဆိုတာ သိနေတယ်ဆိုပါစို့။ အဲဒီလူ ဘာလုပ် မယ်ထင်လဲ"

မိုးညာဆီမှ စကားသံထွက်မလာ။ သူပြောလိုက်သောစကားတို့ အပေါ် တွေဝေသွားသည်ထင်သည်။ စဉ်းစားသွားတာလည်း ဖြစ်နိုင်၏။ ဒါမှမဟုတ် ထိတ်လန့်သွားတာလည်း ဖြစ်လောက်သည်။

"မိုးညာ . . . "

သူထပ်ခေါ်လိုက်တော့ မပီမသထူးသံတစ်ခုကို ကြားရသည်။ ဘာမှန်းတော့မသိ။ ပြီးတော့မှ . . .

"ငါသာဆိုရင်တော့ ကြောက်နေလိမ့်မယ်ထင်တယ်။ နင်ဆိုရင် ရော . . . "

မိုးညာစကားသံတို့ ပုံစံမပျက်အောင် မနည်းထိန်းပြောနေရ ကြောင်း သူနားထောင်နေရင်းမှ ရိပ်မိသည်။ ဒါတောင် အဆုံးသတ်မှာ တွင် တုန်ရီသွားသေး၏။

"သေတယ်ဆိုတာ ကြောက်စရာတော့ မဟုတ်ပါဘူးဟာ။ ဒါဆ



www.burmeseclassic.com

www.burmeseclassic.com

မဲ့ တာဝန်မကျေတဲ့ လူတစ်ယောက်အနေနဲ့ သေသွားမှာကို အရမ်းကြောက်တယ်"

"ဘယ်လိုကြီးလဲ။ နင့်စကားကို ငါ နားမလည်ဘူး"

"ဒီလိုဟာ . . . ငါရှင်းပြမယ်။ လူဆိုတာ မွေးဖွားလာကတည်းက တာဝန်ကိုယ်စီ ပါလာပြီးသားဟ။ လောကကြီးကမွေးထုတ်လိုက်ပြီး လူဖြစ်လာပြီဆိုတာနဲ့ မင်းဘာလုပ်၊ မင်းကတော့ ဒါလုပ်ဆိုပြီး တာဝန်ပေးလိုက်တာ။

အဲဒီတာဝန်ကို ကျေအောင်ထမ်းနိုင်ရင် လူပီသတယ်ပေါ့။ ရှင်းရှင်းပြောရရင် လောကကြီးကပေးလိုက်တဲ့ တာဝန်ဆိုတာ ကိုယ်ချမှတ်တဲ့ ကိုယ့်ရည်ရွယ်ချက်ပဲ။ ကိုယ်ကိုယ်တိုင်ချမှတ်တဲ့ ရည်ရွယ်ချက်ကို အောင်မြင်အောင်လုပ်ဆောင်နိုင်ရင် လောကကြီးက အသိအမှတ်ပြုတယ်။ ကိုယ့်အတွက်ဘဝဇာတ်ခုံရဲ့ အမြင့်တစ်နေရာမှာ မှတ်တိုင်စိုက်ပေးတယ်။

အဲတော့ . . . လောကကြီးထဲ ကိုယ်ရောက်နေတာ အချိန်တွေ ဘယ်လောက်ကြာနေပြီလဲ။ အဲဒီအချိန်အတွင်းမှာ ကိုယ့်အတွက် လောကကြီးအတွက် မှတ်တိုင်ဘယ်နှခုလောက် စိုက်ပြီးသွားပြီလဲ။ ဘယ်လောက်အမြင့်မှာ စိုက်ထားတာလဲ။ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးကြည့်လိုက်။ မှတ်တိုင်တစ်ခု သေချာစိုက်ပြီးသွားပြီဆိုရင်တော့ တာဝန်ကျေတဲ့လူတစ်ယောက် ဖြစ်သွားပါပြီ"

လင်းခ၏ စကားအရှည်ကြီးဆုံးတော့ သူမဆီမှ တိတ်ဆိတ်မှုကိုသာ ကြားနာရသည်။ စကားသံတို့ထွက်မလာပါ။ အတော်ကြာသွားပြီးကာမှ . . .

"ဒါဆို နင်က တာဝန်ကျေသွားပြီပေါ့"

သူ ဟက်ခနဲ ရယ်လိုက်ပါသည်။

"မကျေသေးဘူး။ ငါလုပ်စရာတွေ အများကြီးကျန်သေးတယ်။ အဲဒါကြောင့်မို့လို့ ငါ့ကိုယ်ငါ မကျေမနပ်ဖြစ်နေတာ"

"ဘာရယ်"



အစထွက်သွားသောစကားကြောင့် မိုးညာ ဆတ်ခနဲကောက်မေးလိုက်တော့ . . .

"ဘာမှမဟုတ်ပါဘူး။ ငါ့ကိုယ်ငါ အားမရဖြစ်မိတာကို ပြောတာပါ"

မိုးညာ စိတ်မကောင်းဖြစ်သွားရပါသည်။ သူမ မသိသေးဘူးထင်၍ ဖုံးဖိနေသောလင်းခအား ဖုန်းထဲမှာပင် မိုးညာသနားသွားရသည်။

I (D) ဆိုသော အဆုံးအဖြတ်မှာ ယခု သူရတစ်ယောက်ပင် ထပ်လွတ်သွားပြီဖြစ်သည်။ အဲဒါကြောင့် လင်းခ ယခုလိုစကားတွေ ပြောနေတာလား၊ လင်းခပြောပုံက သူ့ကိုယ်သူ သေဆုံးတော့မည့် လူတစ်ယောက်အဖြစ် သတ်မှတ်ထားပြီးပုံပေါ်ပါ၏။ ဒါဆို ကွက်လပ်ချန်ထားသည့် တစ်ယောက်ကရော . . .

ဘယ်လိုလဲ . . .

သူမတစ်ကိုယ်ထဲ အတွေးတို့ စီးမျောသွားစဉ်မှာပဲ အကြံတစ်ခုရလိုက်သည်။ ထို့ကြောင့် . . .

"လင်းခ . . . နင် ဟိုတစ်ယောက်ကို သတိရပြီလား"

လင်းခ တုံ့ဆိုင်းသွားကာ . . .

"ဘယ်တစ်ယောက်လဲ"

"ဟို . . . နင့်အခန်းနံရံမှာရေးထားတဲ့ နာမည်တွေထဲက ငယ်ငယ်က သူငယ်ချင်းဆိုတဲ့ တစ်ယောက်လေ။ သူ့နာမည်ကို သတိရပြီလားလို့"

မိုးညာ မေးပြီးပြီးချင်း အသက်ရှူတွေမြန်လာသည်။ စိတ်တွေလှုပ်ရှားလာသည်။ လင်းခရှေ့က ဘယ်သူလဲ။

သူမ သိချင်နေပါ၏။ ဒါမှမဟုတ် ဘယ်သူမှမရှိပဲ လင်းခတစ်ယောက်ပဲ ကျန်တော့တာလား။

"နာမည်ကိုတော့ ဖော်လို့မရသေးဘူးဟ။ လူကိုတော့ မှတ်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် . . . ဟုတ်လား၊ ဘယ်လိုပုံစံလဲ။ ယောကျ်ားလား၊ မိန်းမလား"

အလျင်စလိုထွက်လာသော မိုးညာစကားသံကြောင့် လင်းခမျက်မှောင်ကြုတ်သွားသည်။ ပြီး တွေးတွေးဆဆဖြင့် . . .

"နေပါဦး . . . နင်ကဘာဖြစ်လို့ ချက်ချင်းလက်ငင်းကြီး ဒီအကြောင်းတွေ ထမေးနေရတာလဲ"

မိုးညာ စိုးရိမ်သွားသည်။ သူမ၏အလျင်လိုမှုက လင်းခအတွက် သံသယဖြစ်သွားပြီလား။ မိုးညာစိတ်ကိုလျှော့ကာ အတတ်နိုင်ဆုံး လိုးလွှဲလိုက်သည်။

"သြော် . . . မဟုတ်ပါဘူး။ နင့်သူငယ်ချင်းဆိုတော့ ငါလည်း ခင်ကြည့်ချင်လို့ပါ"

ယုတ္တိသိပ်မတန်မှန်းတော့ သိသည်။ လင်းခလည်း သဘောပေါက်သည်ထင်သည်။ ထိုမေးခွန်းကို ပြန်မဖြေပါ။ ဒါပေမဲ့ လင်းခအသံကိုကြားရ၏။

"မိုးညာ . . . ငါဖုန်းချလိုက်တော့မယ်။ ဟိုမှာ ချမ်းအေးကပြန်ဖို့ခေါ်နေပြီ"

သူမ စိတ်လျှော့လိုက်မိပါတော့သည်။ လင်းခ တမင်တကာစကားစဖြတ်လိုက်မှန်း သိပါသည်။ ဘယ်တတ်နိုင်ပါ့မလဲလေ။

"အေး . . . အေး . . . သူ့ရကိုလည်း ပြောလိုက်ပါဟာ။ ငါ သတင်းလာမမေးနိုင်တော့တာ ခွင့်လွှတ်ပါလို့"

ဖုန်းချလိုက်ပြီးတော့ ဖုန်းကို မူလစားပွဲပေါ်သို့ ပြန်တင်ထားလိုက်ပါသည်။ ဖုန်းမှာ speaker ဖွင့်ပြောခြင်းဖြစ်သည့်အတွက် သူပင်မဟုတ်၊ သူနှင့်အတူ ရှိနေသူတွေလည်း ကြားမှာ သေချာပါ၏။

တအောင့်နေတော့ ချမ်းအေးနှင့်သူ့ရ ထပြန်သွားသည်။ သူကတော့ စားပွဲပေါ်တွင်ရှိနေသော ပတ်တီးဖြူဖြူများကို ကြည့်နေရင်းနဲ့ သာ။



• • •

လင်းခနှင့် ဖုန်းပြောပြီးပြီးချင်း မိုးညာ ဂဏန်းခြောက်လုံးကို ကောက်နှိပ်လိုက်ပါ၏။ ဖုန်းက ချက်ချင်းဝင်သွားသည်။ သူ့ရနှင့်လင်းခကြား ကွက်လပ်ချန်ထားသည့်တစ်ယောက်က ဘယ်သူလဲ။

သူမ အရမ်းသိချင်နေသည်။

ထိုသိချင်မှုက နာမည်မသိသူအတွက်လား၊

မဟုတ် . . . လင်းခအတွက်၊

ဒါပေမဲ့ မနက်ဖြန်မှစ၍ သူမ အပြင်ထွက်ရမည်မဟုတ်တော့။ လင်းခအခန်းသို့ သွားကြည့်နိုင်မည်မဟုတ်တော့။

ထို့ကြောင့် . . .

"ဟယ်လို . . . "

ဆိုသော တစ်ဖက်မှ မိန်းကလေးတစ်ယောက်အသံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com

# XXV

ခန်းမကြီးတစ်ခု၏ ရှေ့ပိုင်းမကျတကျမှာ လူတစ်ယောက် ဒူးထောက်ကာ တည်ငြိမ်နေသည်။ သူ၏မျက်နှာမှာ ငြိမ်းအေးနေသလောက် ပုံသဏ္ဍာန်မှာလည်း လွန်စွာ အေးချမ်းလွန်းလှသည်။

ခန်းမကြီးထဲမှာက သူတစ်ယောက်မှလွဲ၍ ဘယ်သူမှမရှိ။ မျက်စိကိုစုံမှိတ်ကာ နှုတ်ခမ်းနှစ်လွှာက တိုးတိုးလှုပ်လှုပ်ဖြစ်နေသည်။ လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့၌ စုအုပ်ချည်မ,ထားရင်း တစ်စုံတစ်ရာသော ဆုတောင်းတစ်ခုကို တောင်းပန်တိုးလျှိုးနေသည်ထင်၏။

သူနှင့်မလှမ်းမကမ်းမှာက တရားဟောစင်ရှိသည်။ တရားဟောစင်နောက်မှာက ကတ္တီပါဝတ်ရုံနှစ်လွှာကြားမှ သူတို့၏ ထာဝရ ဘုရားသခင်က အကြီးမားဆုံးမေတ္တာနှင့် ကြယ်စင်နေသည်။

ထိုစဉ်မှာပင် ခန်းမကြီးအတွင်းသို့ ခြေတစ်လှမ်းကျလာသည်။ ပြီးတော့ နောက်တစ်လှမ်း။ အစိပ်အကျဲညီညာသော ခြေလှမ်းတို့က ညင်သာလွန်းစွာ တစ်လှမ်းချင်းလှမ်းလာ၏။ မကြာခင် အချိန်အတွင်းမှာပင် ပထမလူနောက်တည့်တည့် ရောက်သွားသည်။

သူသည်လည်း ဒူးထောက်ထိုင်ချလိုက်ကာ မျက်စိစုံမှိတ်သွား၏။ လက်နှစ်ဖက်က ရင်ဘတ်ရှေ့တွင် ပေါင်းစုသွားသည်။



ပြီးတော့ အခန်းတွင်းသို့ နောက်ထပ်လူရိပ်တစ်ခု ရောက်လို့လာပြန်ပါသည်။ သူသည်လည်း ညင်သာစွာလှမ်းလာရင်း ပထမလူနှစ်ယောက်နောက်တွင် ဒူးထောက်ထိုင်ချလိုက်သည်။

သူတို့သုံးယောက်သည် ဘုရားသခင်အားတိုင်တည်၍ ပြုလုပ်မိသောအမှားအစုစုတို့အား ဝန်ချတောင်းပန်နေကြခြင်းဖြစ်သည်။ သုံးယောက်လုံးက မှားယွင်းသော သဘောတူညီမှုနောက်ကွယ်က ဇာတ်ရုပ်သုံးခုအဖြစ် ကခုန်ခဲ့ကြသည် မဟုတ်ပါလား။

ယခုတော့ သုံးယောက်လုံး အမှန်၏ သြဇာသက်ရောက်မှုထဲသို့ ခိုဝင်ခဲ့ကြပါပြီ။

မည်မျှကြာသွားသည်မသိ။ ပထမလူထရပ်တော့ နောက်လူနှစ်ယောက်ပါ မတ်တတ်လိုက်ရပ်ကြသည်။ ပြီးတော့ သူတို့သုံးယောက်လုံး အခန်း၏ဝင်ပေါက်ဝဆီသို့ ပြိုင်တူကြည့်မိသည်။ အပေါက်တွင် ကောင်မလေးတစ်ယောက် မတ်တတ်ရပ်နေပါသည်။

သူမသည်လည်း အသနားခံ ဆုတောင်းပြီးသွားပြီထင်သည်။ သူတို့အားလုံးတို့၏ ရင်ထဲတွင် ခုနနှင့်မဆိုင်သော လွတ်လပ်ပေါ့ပါးမှုများ ခံစားနေရလျက်ရှိသည်။

နောက်တော့ လေးဦးသား ဘုရားကျောင်းဆီမှ ထွက်ခဲ့ပါသည်။

လမ်းခွဲခါနီးတွင် သူရက လင်းခကိုကြည့်ကာ အတည်ငြိမ်ဆုံး စကားတစ်ခွန်းပြော၏။

ချမ်းအေးက လင်းခ၏ ညာဘက်လက်ကို ဆွဲယူလှုပ်ယမ်းသည်။

"လင်းခ . . . မင်းဆုံးဖြတ်ချက်အတွက် အများကြီး ဂုဏ်ယူပါတယ်။ အချိန်မီ မင်းဝတ္ထု အဆုံးသတ်နိုင်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com

အို . . .

အဖဘုရားသခင်

ကျွန်ုပ်တို့သည် မှားယွင်းသော အမှုကိစ္စတစ်ခုအား

သဘောတူ ပြုလုပ်ခဲ့ကြပါသည်။

ထိုအမှားကြောင့် . . .

ထိုအမှား၏သက်ရောက်မှုကြောင့် ထိခိုက်သူအားလုံးအား

ကျေနပ်လောက်သည်ထိ တိုးလျှိုးပေးဆပ်မည်ဟု

ဆုံးဖြတ်ထားပါသည်။

ဤမုန်သော သစ္စာစကားကြောင့် . . .

ကျွန်ုပ်တို့အပေါ် ငြိမ်းအေးကြပါစေသား . . . ။

အို . . .

အဖဘုရားသခင်

ကျွန်တော်သည် . . . . . . . . . . .

. . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . .

ဤမုန်သော သစ္စာစကားကြောင့်

ဖြစ်လေရာဘဝဆက်တိုင်း ချစ်သူရှိရာ

မြေကမ္ဘာမှာ

သန္ဓေတည်ရပါစေသား . . . ။



လက်စွပ်က နှစ်ကွင်းပဲရှိတယ်၊

လူက သုံးယောက်။

တစ်ကွင်းကိုတော့ မင်းလက်မှာ

အရင်ဆုံးစွပ်လိုက်ပါ မိန်းကလေး။

ကျန်တစ်ကွင်းကတော့ . . .

မင်းဆန္ဒရှိသူအတွက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

# XXVI

ဘုရားကျောင်းရှေ့သို့ ကားထိုးစိုက်လိုက်စဉ်မှာပင် သူမ ခန္ဓာကိုယ်တစ်ခုလုံးက အသက်မဲ့စွာ လေးလံသွားတော့၏။ ဘုန်းခန့်ကျော်တပည့်တစ်ယောက်က ပြေးလာကာ တံခါးဖွင့်ပေးသည်။

"အထဲမှာ ဆရာတို့ရောက်နေပြီ မမလေး။ လူလည်း စုံနေပြီ။ မမလေးကို စောင့်နေတာ"

သူမ အသက်မပါစွာနဲ့ပဲ ခေါင်းညိတ်ပြဖြစ်သည်။ ဘေးမှာ ဟေမာနှင့်ခင်လေးတို့ ပါလာပါသည်။ ဖေဖေနှင့်မေမေကတော့ သူမတို့ရှေ့မှာပင် ထွက်သွားသည်မို့ ရောက်နေလောက်ပြီဖြစ်သည်။ ချမ်းအေးတို့ကတော့ ဘုရားကျောင်းမှာပဲ စောင့်နေမည်ဟုပြောသည်ကြောင့် စိတ်မပူမိပါ။

စိတ်ပူမိသည်က လင်းခနှင့်ဝေမာ။



မနေ့ကတစ်နေ့လုံးနှင့် ညကတစ်ညလုံး လင်းခ သူမတို့နှင့် အဆက်အသွယ်ပြတ်နေသည်။

ဖုန်းကလည်း ဆက်လို့မရ။ ချမ်းအေးနှင့် သူရတို့ထံမေးကြည့်တော့လည်း သူတို့လည်း အဆက်အသွယ်မရဟု ဆိုသည်။

လင်းခ ဘယ်ရောက်နေတာလဲ။

နောက်တစ်ယောက်မျှော်မိသည်က ဝေမာ။ ညကထိတော့ မထူးခြားသေးဟုပြောသည်။ အခုချိန်ထိလည်း ဝေမာ၏အရိပ်အယောင်ကို မမြင်ရသေး။

ကားပေါ်မှဆင်း၍ ပတ်ဝန်းကျင်ကိုဝေ့ကြည့်မိတော့ အရာအားလုံးက သူ့နေရာနှင့်သူ နေသားတကျဖြစ်နေပါသည်။ အဖြူရောင်ဂါဝန်ရှည်ဝတ်ထားသည့် သူမအား ကွက်ကြည့်ကွက်ကြည့် ကြည့်သွားတတ်သော ဖြတ်သွားဖြတ်လာတို့လောက်သာရှိသည်။

သူမနှင့် သိပ်မရင်းနှီးသော ဘုရားကျောင်းတစ်ခုဖြစ်သော်လည်း ဘုရားသခင်၏ မေတ္တာစွမ်းကြောင့် စိတ်ထဲတွင် ရင်းနှီးနေသလိုရှိသည်။ ဒါပေမဲ့ သူမစိတ်က လေးလံထိုင်းမှိုင်းနေသည်။ မကြာခင်အချိန်အတွင်း ဆိုးဆိုးဝါးဝါး အနိဋ္ဌာရုံတစ်ခု ဖြစ်ပွားတော့မည်ကို ကြိုသိနေသလို . . .

ဘာတွေဖြစ်လာမည်လဲ။

အတိအကျမပြောနိုင်ပေမဲ့ သူမစိတ်တွေ လေးလံနေပါသည်။

ထိုအခိုက် သူမစိတ်ကို လှုပ်နှိုးလိုက်သော အသံတစ်ခု။

ခင်လေးလက်ထဲမှဖုန်းမှာ မြည်လာသည်။ ခင်လေးက ဖွင့်မထူးပဲ သူမကိုကမ်းပေး၏။ မိုးညာယူလိုက်ပြီး ဖွင့်နားထောင်လိုက်စဉ်မှာပင် အသံတစ်ခုက အလျင်မြန်ဆုံး လွင့်စင်လာတော့သည်။

ဝေမာ၏ အမောတကောအသံ။

"မိုးညာ . . . ငါသိခဲ့ပြီ"

မိုးညာစိတ်အစဉ်တွေ တင်းကြပ်သွားကာ အလိုလိုထွက်လာသည့် စကားတွေက . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . ဘယ် . . . ဘယ်သူလဲ . . ."

အနည်းငယ် အထစ်သယောင်ပင် ဖြစ်သွားရသည်။ သူမရင်ခုန်သံတွေ မြန်နေပါပြီ။ သိချင်မှုတွေက တငွေ့ငွေ့လွင့်နေဆဲ။

ဝေမှာ့ဆီမှ ကြားလိုက်ရသည့် နာမည်တစ်ခုကတော့ . . .

"ဘုန်းခန့်ကျော်"

• • •

ပရိသတ်တွေ မတ်တတ်ထရပ်ကြသည်။ ပရိသတ်ထဲတွင် ချမ်းအေးတို့ပါနေသလား သူမ မဝေခွဲတတ်တော့။ ထိုခုံတန်းတို့၏အလယ်မှ စကြ်န်သို့ ခြေချလိုက်မိစဉ်မှာပင် သူမအသိတွေအားလုံးက ရှေ့တည့်တည့်မှာ . . .။

သူမစိတ်အစဉ်တို့ ဝေ၀ါးသွားစေသည့် မြင်ကွင်းတစ်ရပ်။ ဒီဘုရားကျောင်းထဲသို့ သူမတစ်ခါမျှ မရောက်ဘူးပါ။ ယခု ဇွဲစပ်ရက်မှသာ ရောက်လာခြင်းဖြစ်သော်လည်း သူမမြင်ဖူးနေသည်။ ဟုတ်သည်။ ဒီပုံတော်ကို သူမမြင်ဖူးထားသည်။ ဘယ်မှာမြင်ဖူးထားတာလဲ သူမ ထေခွဲမရ။

သူမရပ်ကြည့် ကြောင်ငေးသွားသော ပုံတော်မှာကား . . .

ဘုရားသခင်သည် ဘယ်ဘက်ပခုံးပေါ်တွင် 'သိုး'တစ်ကောင်ကိုတင်ကာ သူမအား စူးစိုက်ကြည့်နေသယောင်။

ပြီးတော့ တရားဟောစင်ရှေ့တွင် ရပ်နေသော ဖာသာနှင့် ဘုန်းခန့်ကျော်။ ဟုတ်ပါသည်။ ဒီမြင်ကွင်းကြီးကို သူမသိနေသည်။ ဒီဘုရားကျောင်းထဲကိုတော့ သူမ မရောက်ဖူးတာ သေချာသည်။ ဒါဆို ဘာကြောင့် ဒီမြင်ကွင်းက ရင်းနှီးနေတာလဲ။

ဘယ်လိုဘယ်ပုံ ရှေ့ရောက်သွားမှန်းပင်မသိ။ သူမ ဘုန်းခန့်ကျော်နှင့် ယှဉ်ရပ်နေမှန်းသော သတိထားမိပါသည်။ ပြီးတော့ သူမတို့



ရှေ့မှ[illegible]ရုံရှည်ကြီးနှင့် ဖာသာ။ ဖာသာက တည်ကြည်လေးနက်သောအသံဖြင့် တစ်စုံတစ်ရာကို ပြောဆိုနေသည်။ ဘာတွေပြောနေလဲ သူမ သတိမထားမိ။

သတိထားမိသည်က သူမရှေ့မှ ဘုရားသခင်။ ပြီးတော့ ဘယ်ဘက်ပခုံးပေါ်မှ 'သိုး'။ နောက် တရားဟောဝတ်စုံနှင့် ဖာသာ။ ပြီးတော့ ဘုန်းခန့်ကျော်။

သူမ တစ်စုံတစ်ရာကို အပြင်းအထန် စဉ်းစားနေပါသည်။ ခုနပုန်းထဲမှကြားရသော ဝေမှာ့အသံကလည်း နားထဲမှာ တဝဲဝဲ။

"ဘုန်းခန့်ကျော်"

သူမ ဘယ်လိုမျှထင်မထားပါ။ ဒါပေမဲ့ ယုံလိုက်ရတော့မည့် အကြောင်းကား သူမနှင့် မျက်စောင်းထိုးလောက်တွင် ချိတ်ထားသော နာရီတစ်လုံးက စတင်လိုက်ပါ၏။

(၁၀)နာရီထိုးတော့မည်။ တိတိကျကျ ပြောရပါက ဆယ်နာရီထိုးရန် (၂) မိနစ်။ သူမ သတိရလိုက်ပါပြီ။ သူမအာရုံမှာ သေချာမြင်၍ နားမှာ သေချာကြားလိုက်ပါပြီ။

အိပ်မက် . . .။

လင်းခ သူမအား အပြောင်အပျက်ပြောပြခဲ့သည့် အိပ်မက်။ လင်းခကိုယ်တိုင် အပေါ့ပါးဆုံး နာမည်ပေးထားသည့် 'အူကြောင်ကြား အိပ်မက်'။ လင်းခပြောပြသည့် အိပ်မက်ထဲမှ မြင်ကွင်းတစ်ခုကို ယခု သူမ အပြင်မှာ မြင်နေရပြီ။

အိပ်မက်ထဲမှာ ပါမောက္ခတွေဝတ်သလို ဝတ်ရုံရှည်ဝတ်ထားသော အသက်ကြီးကြီး လူတစ်ယောက်ပါသည်။ ဟုတ်သည်။ တရားဟောဝတ်ရုံရှည်ကြီးဖြင့် ဖာသာ။ နောက် ဖာသာရှေ့မှာ အသက်ငယ်ငယ် မိန်းကလေးနှင့် ယောကျ်ားလေး။

ဟုတ်သည်။ ဘုန်းခန့်ကျော်နှင့် သူမ။ သူမသည်လည်း ဂါဝန်ရှည်ကိုဝတ်ထားသည်။ ဒါဆို အိပ်မက်နှင့် ကွက်တိတူနေသည်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com

လို့ရ၏။ နောက် (၁၀) နာရီ။ ဟုတ်သည်။ (၁၀) နာရီထိုးတော့မည်။ ဒါဆို မကြာခင် နာရီက အချက်ပေးသံကို ကြားရတော့မှာပေါ့။ အိပ်မက်ထဲမှ မြင်ကွင်းအရ နာရီအချက်ပေးသံ ရပ်သွားသည်နှင့် သူမဘေးမှ လူတစ်ယောက် လဲကျရမည်။

ဘုရား . . . ဘုရား . . . ဘုန်းခန့်ကျော်။

ပြီးတော့ နားထဲတွင် အကျယ်ကြီးပြန်ကြားလိုက်သည့် ဝေမှာ့စကားသံ။ ဝေမာကလည်း ဘုန်းခန့်ကျော်ဟုပြောသည်။ ဒါဆို သေချာပြီ။ လင်းခအိမ်နံရံမှ လွတ်နေသောနာမည်က ဘုန်းခန့်ကျော်။ ယခု လင်းခ အိပ်မက်အတိုင်းမှန်ခဲ့သော် လဲကျမည့်သူက ဘုန်းခန့်ကျော်။ နောက် I (D)။

ပြီးတော့ ချမ်းအေးပြောသည့် 'အဲဒီ ငါးယောက်ထဲက တစ်ယောက် သေလိမ့်မယ်' ဆိုတဲ့စကား။

ဘုရားရေ . . .

သူမရင်ထဲမှ ဘုရားတသံမဆုံးခင်မှာပင် ခပ်လှမ်းလှမ်းဝေးနေသော နာရီက (၁၀) နာရီထိုးပြီဖြစ်ကြောင်း သတိပေးလိုက်သည်။ အကျယ်ကြီးမဟုတ်ပေမဲ့ နာရီဆီမှ တီးလုံးသံချိုချိုကို သူမကြားလိုက်ရပါပြီ။ မှန်သွားခဲ့ပြီ။ လင်းခအိပ်မက် မှန်သွားခဲ့ပြီ။ ဒါဆို ဘာတွေဆက်ဖြစ်လာမှာလဲ။

ဘုန်းခန့်ကျော်ကတော့ ဘာမှမသိစွာ ဖာသာမေးသည့်စကားအချို့ကို ဖြေနေသည်။ သူမရင်ထဲမှာ မွန်းကြပ်လာသည်။ အသိအာရုံတွေပင် တစ်ချက်တစ်ချက် လွတ်ထွက်သွားချင်သလို။

အရင်အချိန်တွေဆိုလျှင် လင်းခ မရရအောင် သတိပေး တားမြစ်ပေလိမ့်မည်။ ယခု လင်းခ ဘယ်မှာလဲ။ ဒါဆို ဘုန်းခန့်ကျော်ကို အန္တရာယ်စက်ကွင်းထဲက ဘယ်လိုဆွဲထုတ်ရမလဲ။

သူမအတွေးတို့ ရှုပ်ထွေးသွားစဉ်မှာပဲ နာရီ၏ အချက်ပေးတီးလုံးသံက တစ်ကျော့ပြန်လည်လာသည်။ မရပ်သေး။ တီးလုံးသံမရပ်



[illegible] ဘုန်းခန့်ကျော် တကယ်လဲကျမှာလား။ သူမအတွေးတွေ ညစ်ရှုပ်နေသည်။

ဘယ်လိုပုံစံမျိုး လဲကျမှာလဲ။ ဘာကြောင့် လဲကျမှာလဲ။ ယခုကြည့်ရသလောက်တော့ ဘုန်းခန့်ကျော် အေးဆေးပဲဖြစ်သည်။ နောက်ပြီးတော့ လွဲမှားမှုတစ်ခုကိုလည်း သတိပြုမိသည်။ အဲဒါက . . .

လင်းခအိပ်မက်ထဲမှ အကြီးမားဆုံး စွမ်းအားပိုင်ဆိုင်ထားသူ၊ မေတ္တာကရုဏာကြီးမားသူ၊ မမြင်နိုင်သော ဘုန်းတန်ခိုးတွေဖြင့် အရောင်လက်နေသော မျက်လုံးပိုင်ရှင်မှာ ယခု သူမရှေ့ရှိ ခရစ်တော် ယေရှုဆိုတာ သေချာသော်လည်း ဘယ်ဘက်ပခုံးပေါ်မှာက 'သိုး'၊ အိပ်မက်ထဲမှာက လင်းခကိုပွေ့ထားသည်။ ဘယ်နေရာမှာ လွဲနေတာလဲ။

ထိုစဉ်မှာပင် နာရီမှ အချက်ပေးတီးလုံးသံမှာ တိခနဲရပ်သွားတော့သည်။ မိုးညှာ ထိတ်ခနဲဖြစ်သွား၏။ အကြောအချဉ်တွေအားလုံး တောင့်တင်းသွားသည်။ ဘေးသို့ ဆတ်ခနဲ မျက်လုံးဝင့်ကြည့်လိုက်တော့ . . .

ပုံစံမပျက်ရပ်နေသူက ဘုန်းခန့်ကျော်။

နောက်တစ်ချက် . . .

ရပ်မြဲအတိုင်း အေးဆေးနေပါသည်။ ပြီးတော့ ဖာသာမေးသော အချက်အလက်တချို့ကို တည်တည်ငြိမ်ငြိမ် ပြန်ဖြေနေသည်။

ဘာဖြစ်သွားတာလဲ။ လွဲမှားသွားတာကတော့ သေချာနေပေပြီ။ လင်းခအိပ်မက်ထဲကလို ဘုန်းခန့်ကျော် လဲကျမသွားပါ။ အိပ်မက်ထဲမှ နိမိတ်တွေနှင့် ထပ်တူကျနေသော်လည်း လဲကျသွားသည်ဟူသော ပုံထင်နိမိတ်မှာ တူညီမှုမရှိတော့ပေ။

ဒါ . . . ဒါဆို I (D) ဆိုသော အနိဋ္ဌာရုံထဲမှ ဘုန်းခန့်ကျော် လွတ်သွားပြီပေါ့။ လူတစ်ယောက်၏ အဖိုးတန်ဆုံး အသက်တစ်ချောင်း အတွက် သူမ ဝမ်းသာမိလိုက်သော်လည်း . . .

လင်းခ . . .



www.burmeseclassic.com

www.burmeseclassic.com

သွားပေပြီ။ နောက်ဆုံးတစ်ယောက် ကျန်ခဲ့သူက လင်းခ။

ချက်ချင်းပင် မိုးညာမော့ကြည့်လိုက်တော့ . . .

ခရစ်တော်ယေရှု၏ ဘယ်ဘက်ပခုံးပေါ်မှ 'သိုး' တစ်ကောင်၏ မျက်လုံးနှင့်ဆုံသည်။ အကြည့်ချင်းအထိမှာပင် မိုးညာအာရုံထဲသို့ ထိုးဖောက်ဝင်ရောက်လာသည်က လင်းခပြောပြသည့် အိပ်မက်၏ နောက်ဆုံးအကွက်။

လင်းခပြောသည့် နောက်ဆုံးကား။

"ငါတို့ ခုနထိုင်ခဲ့တဲ့ ဆိုင်ရှေ့တည့်တည့်မှာ သိုးတစ်ကောင်ကို ကားတစ်စီးက ဝင်တိုက်သွားတယ်"

"ဟင် . . . "

မိုးညာရင်ထဲ ထိတ်သွားသည်။ လွဲမှားမှု တစ်စုံတစ်ရာကို ဦးနှောက်က ဆွဲထုတ်လိုက်ပါပြီ။

"လင်း . . . လင်းခရဲ့ ကလောင်နာမည်က 'သိုး' . . ."

သူမ မျက်လုံးတို့ ပြာဝေသွားပေပြီ။ တွေ့လိုက်ပြီ။ အံလွဲသွားသော အလှည့်အပြောင်းတစ်ခုကို သူမ တွေ့လိုက်ပြီ။

အိပ်မက်ထဲတွင် လင်းခကို ကရုဏာမေတ္တာတော်ဖြင့် ပြည့်ဝသူ ခရစ်တော်က ပွေ့ထားသည်။ ပြီးတော့ အင်းယား၏ ဆိုင်တစ်ဆိုင်ရှေ့တွင် သိုးတစ်ကောင် ကားတိုက်ခံရသည်။

ယခု အပြင်မှာက ခရစ်တော်သည် ပခုံးပေါ်၌ သိုးတစ်ကောင်ကို တင်ထား၏။ ဒါ . . . ဒါဆို ကားတိုက်ခံရတာသည် သိုးတစ်ကောင် မဟုတ်နိုင်တော့။ ပြောင်းပြန်တွေးကြည့်လိုက်လျှင် ရှင်းရှင်းလေး။

လင်းခလား . . .

လင်းခရဲ့ ကလောင်နာမည်က 'သိုး'

ပြီးတော့ နောက်ဆုံးကျန်တော့သည့် အိမ်နံရံမှ နာမည်က လင်းခ။

တစ်ခါတုန်းက ပြောခဲ့ဖူးသည့် လင်းခရဲ့ ဒုတိယအိပ်မက်။



လင်းခပြောခဲ့သည့် သေဆုံးခြင်းရဲ့ နိမိတ်စကားများ။

သုံးရက်သာ သက်တမ်းရှိသည့် ခြင်တစ်ကောင်နှင့်လိပ်ပြာ။

'သိုး' ဆိုတဲ့စာအုပ်က စာမျက်နှာ သိပ်မကျန်တော့ဘူး။

'လူတစ်ယောက်က နောက်တစ်ရက်နှစ်ရက်နေရင် သူသေရတော့မယ်ဆိုတာ သိနေတယ်ဆိုပါစို့။ အဲဒီလူ ဘာလုပ်မယ်ထင်လဲ'

ပြီးတော့ လင်းခအိပ်မက်တွေအတိုင်း တကယ်ဖြစ်လာခဲ့သည့် လက်တွေ့ဖြစ်ရပ်များ။

တိကျသည့်နိမိတ်တို့အား သူမ တူးဖော်ယက်ထုတ်လိုက်မိစဉ်မှာပင် . . .

ဖာသာ၏ တိကျအေးငြိမ်းသောစကားတွေက သူမကိုဦးတည်လျက် မေးခွန်းအဖြစ် . . .

"သင်သည် သူ့ကိုချစ်၍ နှစ်သိမ့်စေလျက် ကျန်းမာသည်ဖြစ်စေ၊ နာသည်ဖြစ်စေ၊ ကောင်းစားသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ သူ၌သာလျှင် မှီဝဲသဖြင့် သင်တို့နှစ်ဦး အသက်ရှင်သမျှကာလပတ်လုံး ဝတ္တရားအတိုင်း လိုက်လျှောက်လျက် ကောင်းမွန်စွာပေါင်းသင်းပါမည်ဟု သစ္စာကတိပြုပါမည်လား"

သူမ ကြောင်ငေးနေသည်။ စကားဟွေ ပါးစပ်မှထွက်ကျမလာ။ ကြောင်ငေးစွာ ရပ်နေမိတော့ ဖာသာ၏အမေးစကားက ဒုတိယအကြိမ်မြောက် ထွက်ပေါ်လာသည်။ ဒီတစ်ကြိမ်တွင်လည်း သူမ ဆွံ့အလျက်။

ဖာသာ အံ့ဩစွာ ပင့်ကြည့်သည်။ ဘေးမှ ဘုန်းခန့်ကျော်၏ အကြည့်ကလည်း ဒိုင်းခနဲ ရောက်လာသည်။ ပရိသတ်တွေအားလုံးကလည်း သူမအဖြေကို နားစွင့်တောင့်တလျက်။

သူမ ဘာကိုမျှ သတိမထားမိတော့ပါ။ သူမ သတိထားမိနေသည်က 'သိုး'။ သူမကိုကြည့်နေသည့် ထိုမျက်လုံးက . . .

ထိုမျက်လုံးတွေက . . .

မရတော့ . . .။



www.burmeseclassic.com

www.burmeseclassic.com

လုပ်ခနဲ အေးသွားသောရင်ထဲမှ ခံစားမှုတစ်ခုနဲ့အတူ သူမနှုတ်ခမ်းဆီမှ 'လင်းခ' ဟု ခေါ်မိသွားစဉ်မှာပဲ . . .

"ဟာ . . . "

"ဟယ် . . . "

"အို . . . "

သူမ ရှာခနဲလှည့်ကာ ပြေးထွက်လာခဲ့တော့သည်။ ဖာသာ၏ အံ့သြမှုအကြည့်၊ ပရိသတ်တို့၏ အာမေဋိတ်သံတွေကို မျက်ကွယ်ပြု ကျောခိုင်း ပြေးလွှားသွားစဉ်မှာပဲ . . .

လှမ်းလက်စခြေလှမ်းနှင့် ရင်ခုန်လှိုက်မောမှုတို့ကို တိခနဲရပ်ကျသွားစေသော စကားတစ်ခွန်း။

"မင်း သွားစရာမလိုတော့ဘူး"

ဘုန်းခန့်ကျော်ဆီမှ ထွက်လာသောစကား။

ဘာမှန်းမသိပေမဲ့ သူမ တိခနဲရပ်သွားသည်။ ထိုစဉ်မှာပင် နောက်ကျောဘက်ဆီမှ ထပ်ထွက်လာသော ဘုန်းခန့်ကျော်၏စကား နောက်တစ်ခွန်း။

"ငါကိုယ်တိုင် လိုက်ပို့ပေးမယ်"

ထိုစကားသံမှာက ခံပြင်းမှုတွေ၊ ဝမ်းနည်းနာကျင်မှုတွေ၊ ဆုံးရှုံးမှုတွေ ပါဝင်နေပါသည်။



## XXVII

"အတိအကျဆုံးပြောရရင်တော့ မင်း အလှဆုံးလှည့်စားမှုတစ်ခုကို ခံလိုက်ရတာပဲ"

"ဘာဖြစ်တယ်"

ကားပေါ်ရောက်ရောက်ချင်း ဘုန်းခန့်ကျော်ဆီမှထွက်လာသည့် နာကြည်းမှုရောသော စကားသံတို့ကြောင့် သူမနှုတ်မှ လွှတ်ခနဲထွက်သွားသည်။ ဘုရားကျောင်းထဲတွင် ဘာတွေဘယ်လိုဖြစ်ကျန်ခဲ့မှန်း မသိပေမဲ့ သူမ ဂရုမစိုက်မိတော့ပေ။

ဒါပေမဲ့ နားမလည်နိုင်သည်က ဘုန်းခန့်ကျော်။

ကားကို ကျင်လည်စွာမောင်းထွက်လိုက်သည့် ဘုန်းခန့်ကျော်အား မိုးညာ နားမလည်စွာကြည့်မိတော့ . . .

"ဘာလဲ . . . မင်းဘယ်ကိုသွားမယ် မသိပဲနဲ့ ငါကားမောင်းထွက်လာတာကို သံသယဖြစ်နေတာလား။ မဖြစ်နဲ့။ မင်း အင်းယားကို သွားမယ်ဆိုတာ ငါသိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

မိုးညာ မျက်လုံးပြူးသွားသည်။

"အံ့သြသွားတာလား . . . ။ ခဏနေဦး။ ဒီထက်အံ့သြစရာကောင်းတာတွေ ငါပြောပြမယ်"

ဘုန်းခန့်ကျော်စကားတို့က သူမအသိစိတ်ကို လှုပ်ရှားသွားစေ၏။ ဘုန်းခန့်ကျော်စကားသံ ထပ်ထွက်လာပါသည်။ ဒီစကားကတော့ အမှန်တကယ်ပင် သူမကို အံ့သြတုန်လှုပ်သွားစေပါသည်။

"မင်းမသိသေးတဲ့ အကြီးမားဆုံး နောက်ကြောင်းတစ်ခုကို ပြောပြရရင်တော့ ငါနဲ့လင်းခက ငယ်ငယ်ကတည်းက ပြိုင်ဆိုင်လာတဲ့ ပြိုင်ဘက်သူငယ်ချင်းတွေပဲ"

"ဘယ်လို . . . "

မယုံကြည်နိုင်မှုစကားက နှုတ်ခမ်းမှ လှုပ်ခတ်ကာကျသွားသည်။ ဆတ်ခနဲရောက်သွားသောအကြည့်ကို ဘုန်းခန့်ကျော်က အေးဆေးစွာပင် . . .

"လင်းခဟာ ငါ့အတွက် အကောင်းဆုံးပြိုင်ဘက်ပဲ။ ကျောင်းနေတဲ့အရွယ်ကစပြီး နံပါတ် (၁)နေရာကို ငါနဲ့သူနဲ့ အပြိုင်လုခဲ့တယ်။ ဆရာမတွေရဲ့ ချစ်ခင်မှု၊ အတန်းဖော်တွေရဲ့ အထင်ကြီးအားကျမှုတွေကို နှစ်ယောက်စလုံး ရခဲ့တယ်။ ဆယ်တန်းအောင်တော့လည်း မြန်မာနိုင်ငံရဲ့ အမြင့်ဆုံးတက္ကသိုလ်တက်လောက်အောင် အမှတ်တွေရကြပေမဲ့ မတက်ကြဘူး။

ငါက စီးပွားရေးနဲ့ပတ်သက်တဲ့ ဘွဲ့တစ်ခုကို နိုင်ငံခြားမှာ ကျောင်းတက်ပြီး သွားယူသလို၊ လင်းခကလည်း သူဝါသနာပါတဲ့ ဘာသာရပ်တစ်ခုကိုပဲ သင်ကြားခဲ့တယ်။ ငါဒီပြန်ရောက်ပြီး ဖေဖေ့လုပ်ငန်းတွေဦးစီးတော့ လင်းခက အောင်မြင်စပြုနေတဲ့ စာရေးဆရာတစ်ယောက်ဖြစ်နေပြီ။ ငါ့ကုမ္ပဏီ အောင်မြင်လာတဲ့အချိန်မှာ လင်းခဟာလည်း အနုပညာနယ်ပယ်မှာ လျှမ်းလျှမ်းတောက်ပေါ့။ အဲဒီအချိန်အထိ



ငါတို့ ဘယ်သူ့ဘယ်သူမှ မသာသေးဘူး။ အေး . . . ငါတို့နှစ်ယောက်အတွက် အကောင်းဆုံး အဆုံးအဖြတ်တစ်ခုကို စတင်လိုက်တာတော့ မင်းပဲ"

နှလုံးခုန်သံတို့ ပြင်းထန်တုန်ရီစွာ သူမ ကြည့်မိသည်။ ဒီအကြောင်းတွေကို သူမ လုံးဝမသိပါ။

"မင်းကိုတွေ့ပြီး စိတ်ဝင်စားမိတဲ့အချိန်အထိ လင်းခနဲ့မင်းရဲ့ ပတ်သက်မှုကို မသိသေးဘူး။ လူကြီးချင်းစကားပြောဆိုပြီးမှ သိရတဲ့အချိန်မှာ မင်းတို့နှစ်ယောက်က သူငယ်ချင်းမက၊ သမီးရည်းစားမကျတွေဖြစ်ကုန်ပြီ။ အဲဒီအချိန်မှာ ငါနဲ့လင်းခ အသေးစားတွေ့ဆုံမှုလေးတစ်ခုလုပ်ဖြစ်ခဲ့တယ်ဆိုပါတော့။ အတိအကျပြောရရင်တော့ နားလည်မှုလေးတစ်ခုပေါ့"

ကားမောင်းရင်းပြောနေသော စကားတွေကိုပင် သူမ သံသယစွက်ကာ နားထောင်နေမိသည်။ ဘုန်းခန့်ကျော် ဘာကိုဦးတည်၍ပြောနေတာလဲ။ ဘုန်းခန့်ကျော်ပြောနေတာတွေက တကယ်လား၊ တွေးနေမိစဉ်မှာပဲ . . .

"ငါတို့နှစ်ယောက်က ငယ်ငယ်ကတည်းက အသန့်ရှင်းဆုံး ပြိုင်ဆိုင်ခဲ့ကြတာ။ အဲတော့ . . . ခုကိစ္စမှာလည်း ညီမျှချင်တယ်။ လောလောဆယ်အခြေအနေမှာတော့ ငါကသာသလိုရှိနေတာပေါ့။ မိဘချင်းသဘောတူထားတာကိုး။ ဒါပေမဲ့ လင်းခဘက်က တစ်လှမ်းတိုးလိုက်တာနဲ့ မင်းတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားမယ်ဆိုတာကိုလည်း ငါသိနေတယ်။ အဲဒီအချိန်မှာ မိဘချင်းသဘောတူထားတယ်ဆိုတာက အသုံးမဝင်တော့ဘူးလေ။ အဲတော့ ငါတို့နှစ်ယောက် ညီမျှခြင်းတစ်ခုချလိုက်တယ်။ အဲဒါက ဘာလဲဆိုတော့ . . ."

ဘုန်းခန့်ကျော် စကားကိုခဏရပ်ကာ ကားကို အရှိန်လျှော့မောင်းလိုက်၏။ ရှေ့ကားနှစ်စီးလောက်ကို ကျော်သွားတော့မှ စကားကိုထပ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းနဲ့ငါရဲ့ စေ့စပ်ပွဲကို လင်းခသတ်မှတ်တဲ့နေ့၊ သတ်မှတ်တဲ့ ဘုရားကျောင်းမှာပဲ လုပ်ရမယ်။ ဒါ လင်းခဘက်က တောင်းဆိုမှုပေါ့။ ငါ့ဘက်ကတောင်းဆိုမှုကတော့ စေ့စပ်ပွဲရက်မတိုင်ခင်ထိ လင်းခမင်းကို ချစ်ရေးမဆိုရဘူး။ ချစ်ရေးမဆိုပဲနဲ့မှ စေ့စပ်ပွဲရက်မတိုင်ခင် မင်းတို့ချစ်သူတွေဖြစ်သွားရင် ငါအရှုံးပေါ့။ ငါစေ့စပ်ပွဲကို ဖျက်ပေးရမယ်။ စေ့စပ်ပွဲရက်ရောက်လို့မှ ချစ်သူတွေမဖြစ်သေးဘူးဆိုရင်တော့ လင်းခ နောက်ဆုတ်လိုက်တော့။

သဘောတူညီမှု ရသွားပြီးတဲ့နောက်မှာ လင်းခ၊ ချမ်းအေးနဲ့ သူရတို့ပေါင်းပြီး မင်းကို ဓာတ်လမ်းတစ်ပုဒ် ရိုက်လိုက်တာပဲ။ မင်းပိုယုံကြည်အောင်လို့လည်း ခင်လေးကို အကူအညီတောင်းလိုက်သေးတယ်"

"ဘာ . . . "

သူမအသံ ကျယ်သွားသည်။ အံ့သြတုန်လှုပ်မှုက ဦးနှောက်ကို ဒိန်းခနဲ တက်စောင့်၏။ ဘုန်းခန့်ကျော်စကားတွေ၏ ဦးတည်ရာက အနုမှရောက်လာသလို၊ ဒါပေမဲ့ သူမ ယုံကြည်လက်ခံခဲ့သော အကြောင်းတစ်ခုပေါ်တွင်တော့ သံသယမဖြစ်မိသေး။

ထိုစဉ် ဘုန်းခန့်ကျော်က စကားဆက်လာ၏။

"ငါ ရှုံးသွားပါပြီ။ ဒီတော့ အားလုံးကို ငါဝန်ခံလိုက်မယ်။ အမှန်တော့ လင်းခ အနာဂါတ်ကိုကြိုသိနေတယ်လို့ မင်းထင်တာတွေ Psychometry ဖြစ်နေတယ်လို့ ထင်တာတွေက တကယ်မဟုတ်ဘူး။ လင်းခကိုယ်တိုင် ဓာတ်ညွှန်းရေးထားတဲ့ ဓာတ်လမ်းတစ်ပုဒ်ပဲ"

"လုံးဝမယုံဘူး"

ဘုန်းခန့်ကျော်ဆီမှ 'ဟက်' ခနဲရယ်သံကို ကြားရသည်။ ပြီးတော့ ခြောက်ကပ်ကပ် တစ်ချက်အော်ရယ်သည်။ နောက် . . .

"ပြောစမ်းပါဦး။ ဘယ်နေရာကို မယုံတာလဲ"

"အကုန်လုံးကို"

သူမအသံက ခပ်ပြတ်ပြတ်။ ထိုတွင် ဘုန်းခန့်ကျော်က . . .



"ဟုတ်ပြီ။ ချမ်းအေးရဲ့အဖြစ်အပျက်ကို ပြောကြည့်ရအောင်။ ချမ်းအေးက လှေလှော်ရွက်တိုက် အသင်းသားမလား"

သူမ ပြန်မဖြေမိ။

"ရေနဲ့အနီးဆုံး ဝါသနာပါတဲ့ လူတစ်ယောက်ဟာ ရေကူးကျွမ်းကျင်ရမယ်ဆိုတာ မေးစရာမလိုအောင်သေချာတယ်။ ချမ်းအေးလို ရေကူးကျွမ်းကျင်တဲ့လူတစ်ယောက်က ရေနစ်နိုင်ပါ့မလား"

သူမ တုံ့ပြန်ပြောရန် ပါးစပ်ပြင်တော့ ဘုန်းခန့်ကျော်က လက်ကာသည်။

"မတော်တဆဆိုတာရှိပေမဲ့ ချမ်းအေးရေနစ်တာကို မင်းမျက်စိနဲ့ မြင်လို့လား"

သူမ တုံ့ပြန်စကားတို့ မဲ့သွားသည်။ မမြင်ပါ။ ချမ်းအေးကုန်းပေါ်ပြန်ရောက်၍ လူတွေဝိုင်းအုံနေမှ မြင်ရခြင်းဖြစ်သည်။

"တွေးတတ်ရင် လွယ်လွယ်လေးပါ။ မင်းကို အရင်ဖုန်းဆက်မယ်။ ပြီးတော့မှ ချမ်းအေးနဲ့ လက်ဝါးချင်းရိုက်ပြီး ရေနစ်ယောင်ဆောင်နိုင်းမယ်။ မင်းရောက်လာတော့မှ သတိရပြမယ်။ လွယ်လွယ်လေးပဲ။ ရေနစ်တာမြင်ရင်တော့ ဘယ်သူမဆို ဆင်းကယ်မှာပဲ။ သတိမေ့ချင်ယောင်ဆောင်ရတာ လွယ်ပါတယ်ကွာ"

သူမအသံတို့ တိတ်နေသည်။ ဘုန်းခန့်ကျော်ပြောစကားတွေက မဖြစ်နိုင်ပေမဲ့ သေချာစဉ်းစားပြီး လက်ခံလျှင် လက်ခံနိုင်လောက်သည်။

"ခင်လေးလည်း ဒီအတိုင်းပဲလေ။ မင်းတို့မြင်တာမှမဟုတ်တာ။ ရောက်မှ လည်းပင်းကြိုးပတ်ပြီး လင်းခသင်ပေးတဲ့ ဒိုင်ယာလော့ဂ်တွေအတိုင်းပြောရင် ပြီးတာပဲ"

မိုးညှာ တွေဝေနေသည်။ ဟုတ်တော့ဟုတ်ပါသည်။ ခင်လေး အမြင့်ပေါ်ကပြုတ်ကျတာ သူမတို့မျက်မြင်မရှိ။ ဆေးခန်းသွားပြတယ်ဆိုတာလည်း ခင်လေးအပြော။ ဒါပေမဲ့ မဖြစ်နိုင်ဟုသာ သူမအသိအာရုံ



www.burmeseclassic.com

www.burmeseclassic.com

တွေက လက်ခံထားဆဲ။

"သူရကိစ္စကိုလည်း မင်းတို့မျက်မြင်ဟုတ်ရဲ့လားလို့ မမေးတော့ပါဘူး။ မင်းတို့တွေးကြည့်ပေါ့။ သူရသွားတယ်ဆိုတဲ့ ဆေးရုံကို မင်းတို့ရောက်လို့လား။ ဆေးစစ်ချက်ရော ကြည့်ရလို့လား။ မင်းတို့မြင်ရတာက ပတ်တီးစည်းထားတာကိုပဲလေ။ ပတ်တီးအောက်မှာ တကယ်ဒဏ်ရာ ရှိမရှိ မင်းတို့မှမသိပဲ။ တကယ်လို့သာ မင်းတို့လိုက်ကြည့်မယ်ဆိုရင် အိမ်မရောက်ခင် ခေါင်းကပတ်တီးခွာပြီး မင်းတို့ကို ဝိုင်းဟားနေတာ တွေ့ရလိမ့်မယ်"

ပြောပြီး ဘုန်းခန့်ကျော်က သူမဘက်သို့ လှည့်ကြည့်သည်။ ချက်ချင်းပင် သူမမျက်နှာကို အဓိပ္ပာယ်ဖော်တတ်သွားသည်ထင်၏။

"ငါဒါတွေကို ဘယ်ကသိတာလဲလို့ မမေးနဲ့။ ကျန်ခဲ့တဲ့ မိနစ်ပိုင်းလောက်ကတင် ဖုန်းနဲ့ အားလုံးကို လင်းခကိုယ်တိုင် ပြောပြသွားတာ။ ငါဒါတွေကို ကြိုသိနေလျက်နဲ့ ဘာဖြစ်လို့ ငြိမ်နေသလဲဆိုတော့ မင်းရဲ့ အဆုံးအဖြတ်ကို သိချင်လို့ပဲ။

အရှက်သိက္ခာနဲ့အချစ် ဘယ်ဟာကိုရွေးမလဲ သိချင်လို့ ငြိမ်နေလိုက်တာ။ လူသူပရိသတ်တွေရှေ့မှာ အရှက်နဲ့သိက္ခာကိုငဲ့ပြီး ငါနဲ့စေ့စပ်မလား၊ ဒါမှမဟုတ် အားလုံးကို ဥပေက္ခာပြုလိုက်မလားသိချင်လို့ စောင့်ကြည့်နေတာ။ မထင်ထားဘူး။ မင်း အားလုံးကို ဥပေက္ခာပြုပစ်လိုက်တယ်။ ငါ သဘောပေါက်သွားပါပြီ။ မင်းကိုလည်း ချီးကျူးပါတယ်။ ဒါကြောင့်မလို့ ငါကိုယ်တိုင်လိုက်ပို့တာ။ လင်းခ ဘယ်လိုဇာတ်ကွက်တွေနဲ့ အင်းယားမှာစောင့်နေမယ်ဆိုတာတော့ ငါမသိဘူး"

ဘုန်းခန့်ကျော်ပြောပုံက သေချာလွန်းနေသည်။ သူမ လက်မခံနိုင်သေးပါ။ မသိစိတ်နှင့်သိစိတ် နှစ်ခုစလုံးက ထိုစကားတို့အား တိကျသောဝေခွဲမှုကိုမပေး။ ဒါပေမဲ့ . . .

"ရှေ့မီးပွိုင့်လွန်ရင် အင်းယားကိုရောက်ပါပြီ။ မင်းမကြာခင် သိရတော့မှာပါ"



သူမ ရှေ့ကိုကြည့်လိုက်တော့ ဟုတ်သည်။ အင်းယားသို့ရောက်ပေတော့မည်။ မိုးညှာ အသက်ရှူတို့မြန်လာပါပြီ။ ဘုန်းခန့်ကျော်ပြောသလို မဟုတ်ပါစေနဲ့။

ကားက မီးပွိုင့်ကိုလွန်၍ အင်းယားသို့ ခေါင်းထိုးစိုက်သွားသည်။ သူမ အရင်ဆုံးကြည့်မိသည်က ထိုင်နေကျမုန့်ဆိုင်နေရာ။

ပုံမှန်ထက်မပိုသော အခြေအနေဖြင့် ရှင်းလင်းနေသည်။ ဘုန်းခန့်ကျော် ထိုအခြေအနေကြည့်၍ မျက်မှောင်ကြုတ်သွားသည်။ မိုးညှာ ရင်ထဲမှာတော့ လှစ်ခနဲအေးသွားသလို . . .

ကားရပ်ရပ်ချင်းပင် မိုးညှာ ကားပေါ်မှဆင်း၍ လင်းခကိုရှာမိပါသည်။ ရှိမနေပါ။ ပြီးတော့ ယုံကြည်နေဆဲဖြစ်သော လင်းခအိပ်မက်ထဲမှ 'သိုး'။

ဒါဆို ပြောင်းပြန်ဖြစ်မသွားပဲ တကယ်ပဲ သိုးတစ်ကောင် ကားတိုက်ခံလိုက်ရသလား။ ထိုအတွေးတို့ ခေါင်းထဲဝင်လာတော့ မိုးညှာ ပတ်ဝန်းကျင်ကို ထပ်မံဝေ့ကြည့်မိသည်။ ဒုတိယမ္ပိ အေးဆေးနေပါ၏။ ဘုန်းခန့်ကျော်နှင့်သူမ မျက်လုံးချင်းဆုံမိသည်။

နှစ်ဦးစလုံး တွက်ဆထားမှုတွေမှာ တစ်ခုမှဖြစ်မလာပေ။ လင်းခ ကားတိုက်မခံရသလို၊ ဘုန်းခန့်ကျော်ပြောသလို လှည့်စားမှုဇာတ်ကွက်တစ်ကွက်ကိုလည်း မတွေ့ရပါ။

ထိုစဉ်မှာပင် ခပ်လှမ်းလှမ်းမှ စာကလေးပေဒင်ဟောသော ကုလားမကြီးက သူမထံသို့ လျှောက်လာပါ၏။ သူမတို့တစ်အုပ်စုလုံး အရင်တစ်ခါ ပေဒင်မေးဖူးသော ကုလားမကြီးဖြစ်သည်။ ကုလားမကြီးက အနီးနားရောက်ရောက်ချင်းပင် . . .

"မိုးညှာဖြူဆိုတာ ညီမလား"

သူမ ကြောင်အမ်းစွာ ခေါင်းညိတ်ပြတော့ . . .

"လင်းခဆိုတဲ့မောင်လေးက ညီမအတွက်ဆိုပြီး ဒါတွေပေးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . "

အာမေဒိတ်သံနှင့်ရောကာ သူမကြည့်လိုက်မိတော့ . . .

တွေ့ရသည်ကား . . .

ဖြူလွလွစာတစ်စောင်။

ပြီးတော့ သူမ မကြားဖူးသော နာမည်သစ် မဂ္ဂဇင်းတစ်အုပ်။ ဒါပေမဲ့ မဂ္ဂဇင်းမျက်နှာဖုံးပေါ်မှ ထုတ်ဝေထားသောခုနှစ်မှာ တော်တော်ကြာနေပြီဖြစ်သည်။ ချက်ချင်းပင် စာကိုယူ၍ ဖွင့်ကြည့်လိုက်ပါသည်။

ပထမဆုံး စာတစ်ကြောင်းမှာပင် သူမနှလုံးသားက 'ဖုတ်' ခနဲ ကြွေကျ၊

အက်ကွဲ . . .

သွားပါတော့၏။

စာအားကိုင်ထားသော လက်တို့မှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ရီလိုက်ခါရင်း . . .



# XXVIII

ထင်မှတ်မထားသော အကြောင်းအရာတို့က သူမနှလုံးသားကို တနဲ့နဲ့ လှုပ်ယမ်းသွားစေသည်။ လင်းခကိုယ်တိုင် ရှေ့တွင်ရပ်ရင်း ပြောပြနေသကဲ့သို့ စာသားနှင့်စကားတွေက သူမ၏ခံစားမှုအာရုံအား . . .

မှားမှန်းသိလျက်နှင့် ရူးသွပ်စွာဆက်မှားခဲ့သော အမှားတစ်ခု။ ထိုအမှားကိုတွေးမိတိုင်း မိမိကိုယ်ကို ရွံ့မုန်းနာကြည်းမိသည်မှ စတင်ကာ . . .

ဘုန်းခန့်ကျော်နှင့်ပတ်သက်မှု၊ သူတို့နှစ်ယောက်ချမှတ်ခဲ့သည့် ညှိမှုခြင်း။ ထိုညှိမှုခြင်းအတိုင်း အကွက်ရွှေ့ကစားခဲ့ကြသည့် လှည့်စားမှုများ။

(၅၇) လမ်း လူသေမှုမှစ၍ သူရ၏အဖြစ်ပျက်ထိ အားလုံးသည် မသိစိတ်၏ လှည့်စားမှုကိုအခြေတည်၍ ဖန်တီးခဲ့သော လိမ်လည်မှုများ ဖြစ်ကြောင်းကို နာနာကြည်းကြည်း ဝန်ခံထားသည်။



www.burmeseclassic.com

www.burmeseclassic.com

(၅၇) လမ်းလူသေမှုနှင့် မီးလောင်မှုတို့မှာ ဖြစ်ပွားပြီးအဖြေ အပျက်အပေါ် ချက်ချင်းသတင်းပေး လှုပ်ရှားခဲ့ကြခြင်းဖြစ်ပြီး ကျန်အဖြစ် အပျက်တို့မှာတော့ ကြိုတင်လက်ဝါးရိုက်ထားသော ကြံစည်မှုများဖြစ် ကြောင်းကိုပါ တိတိကျကျ ဝန်ခံထားသည်။

မိုးညာဖတ်နေရင်းမှ လည်ချောင်းတို့ ခြောက်ကပ်လာမိကာ စာ ကိုကိုင်ထားသောလက်တို့ အနည်းငယ်တုန်ရီကာ ချွေးစေးတို့ဖြင့် စိုစွတ် လာသည်။ စကားလုံးတစ်လုံးတိုင်း ဝါကျတစ်ကြောင်းတိုင်းက သူမ၏ နှလုံးသားအား ဓားဦးချွန်မြမြနှင့် ထိုးနေသလို တဆစ်ဆစ်နာစေသည်။

ခံပြင်းစိတ်နှင့် မာနတို့ အချိုးတူရောနေသည်ထင်ရသော စိတ် ဓာတ်တစ်ခုက တစ်မဟုတ်ချင်း လည်ချောင်းဝတစ်လာသည်။ ထိုအရှိန် ကြောင့် ရင်ခုန်သံတွေမြန်လာကာ အသက်ရှူမဝသလိုပင် တစ်ချက်တစ် ချက် ဖြစ်လာမိ၏။

အဆုံးပိုင်းတွင် ရေးထားသည်ကတော့ 'မိုးညာကို အနက်ရှိုင်း ဆုံးချစ်မိကြောင်း၊ ထိုချစ်မိနေသည့် ဝန်ခံမှုကိုလည်း သူပြုခဲ့သော လိမ်လည်လှည့်စားမှုတွေနှင့် မထိုက်တန်သည့်အတွက် ပြောမထွက်ခဲ့ ကြောင်း၊ ဆက်လက်လိမ်ညာနိုင်စွမ်း မရှိတော့သည့်အတွက် ယခုကဲ့သို့ ဖွင့်ဟဝန်ခံလိုက်ကြောင်းနှင့် . . .

လိမ်လည်မိသည့်အမှားတို့အပေါ် မိမိကိုယ်ကို ဘယ်လိုမျှခွင့် မလွှတ်နိုင်ကြောင်းတို့ကို ဆွေးမြေ့စွာရေးပြထားသည်။ နောက်စကား တစ်ခွန်းကတော့ . . .

"ခွင့်လွှတ်ပါလို့ ပြောတဲ့လူတွေဟာ ကိုယ့်အပြစ်ကို မပေးဆပ် ရဲတဲ့လူတွေပါ မိုးညာ။ မိုးညာ ဘယ်လိုပဲဆုံးဖြတ်ပါစေ မိုးညာ အဆုံး အဖြတ်က ကိုယ့်လိုလူမျိုးအတွက် ဘယ်လိုမှ မထိုက်တန်တော့ပါဘူး။ ဒါကြောင့်မလို့ ကိုယ့်ရဲ့ ရှုံ့စရာခန္ဓာကိုယ်ကြီးကို ရွက်ကုန်ဖွင့်ပစ်လိုက် တော့မယ် မိုးညာရယ်။ မည်းညစ်တဲ့စိတ်ဓာတ်တွေကိုလည်း အဝေးတစ် နေရာမှာ သွားဆေးတော့မယ်။



ထာဝရ ဘိုင့်ဘိုင်နော် . . . "

မျက်ရည်တွေက အဖိုးတန်စွာ ထွက်ကျမလာခဲ့။ ခံပြင်းဒေါသ က ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးကို ဖုံးလွှမ်းအုပ်မိုးထားသည်။ အံကြိတ် ထားသော နှုတ်ခမ်းတို့မှာ ဖျဉ်းစပ်နာကျင်နေသည်။

ဘယ်လောက် စက်ဆုတ်နာကြည်းစရာ ကောင်းလိုက်ပါသလဲ။ သူမ၏ယုံကြည်မှုကို အလွဲသုံးစားလုပ်ရုံတင်မဟုတ်၊ သူမကိုပါ အထင် သေးလိုက်ခြင်းပင်။

'ချစ်တယ်' ဆိုတဲ့ စကားတစ်ခွန်းမပါပဲ ချစ်သူတွေဖြစ်ဖို့ ကတိ ပြုလိုက်သတဲ့လား။ နှုတ်ခမ်းတို့က တင်းစေ့ပြတ်သားနေသည်။ နောက် အံကိုတင်းတင်းကြိတ်ရင်း လက်ထဲမှစာကို လုံးချေလိုက်တော့ . . .

နောက်ကျောဘက်မှာရေးထားသော စာတစ်စု၊

နှုတ်ခမ်းပြတ်လုမတတ် ဖိကိုက်ထားလျက်ပင် စာအားဖတ် ကြည့်လိုက်သည်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဟိုးအတိတ် ခပ်ဝေးဝေးကတည်းက
"ဖြူ" ဆိုတဲ့ကောင်မလေးကို ကိုယ်နှလုံးသားက
တိကျတဲ့စကားတစ်ခွန်း ပြောလိုက်ပြီးသားပါ။
အပြင်မှာ မမြင်ဖူးသေးဘူး။ ဒါပေမဲ့ စာတွေ
အပြန်အလှန်ရေးကြရင်းနဲ့ ချစ်မိသွားတယ်၊
ပြီးတော့ စကားတစ်ခွန်းပြောလိုက်တယ်၊
ပါးစပ်နဲ့တော့ မဟုတ်ဘူး "စာ" နဲ့၊
(စာမျက်နှာ - ၁၀၂)

(မိန်းကလေးတစ်ယောက်ရဲ့ အရုက်၊ သိက္ခာတို့ကို မငဲ့ပဲ "ချစ်တယ်" ဆိုတဲ့စကားကို ရှေ့တာ၍ ချစ်သူတွေဖြစ်ရန် ကြိုးစားခဲ့ခြင်းမဟုတ်ပါ)

အမှန်တော့ . . .



# XXIX

မိုးညှာ ထိတ်ခနဲဖြစ်သွားကာ ခုနှ ကုလားမကြီးပေးသွားခဲ့သော မဂ္ဂဇင်းကို ကောက်ကိုင်လိုက်သည်။ ပြီးတော့ သူမ၏လက်တွေက စာမျက်နှာ (၁၀၂) သို့ . . .

တွေ့ပါပြီ။ 'သိုး' ဆိုသော နာမည်အောက်မှာ ကချိုးသင်္ကေတာန် ယိမ်းနေသော ခေါင်းစဉ်တစ်ပုဒ်။

နာမည်လေးက 'မွေးနေ့လက်ဆောင်'တဲ့။

နှစ်မျက်နှာသာသာ စာလေးတစ်ပုဒ်ဖြစ်သော်လည်း အရေးအသားတွေမှာ အသက်ပါလှသည်။ သေချာသည့်အကြောင်းတစ်ခုက ကောင်မလေးတစ်ယောက်အား ချစ်မိနေသည့်အကြောင်း ရေးထားသော စာလေးပါ။ တိတိကျကျပြောရပါက 'ဖြူ' ဆိုသောကောင်မလေး၏ ပထမဦးဆုံး မိတ်ဆက်စာနဲ့တင် ရုပ်မမြင်အသံမကြားပဲလက်ရေးဝိုင်းဝိုင်း စကားဆန်းဆန်းလေးများ၊ စာထဲတွင် ဘယ်လိုမှဖုံးကွယ်လို့မရစွာ ပေါ်လွင်နေသည့် ကြယ်စင်မှုလေးများအား ချစ်မိသွားပါသည်ဟု ဝန်ခံထားသော စာလေးပါ။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါသည်။ မိုးညာဖြူဆိုသည့်နာမည်အား ရှေ့နှစ်လုံးဖြုတ်၍ 'ဖြူ' ဟူသောအမည်ဖြင့် လင်းခဆီ သူမ မိတ်ဆက်စာရေးခဲ့ပါသည်။ ပြီးတော့ ယခုနှစ်မျက်နှာသာသာ ဝတ္ထုတိုလေးထဲတွင် သူမရေးပို့ခဲ့သောစာတို့မှ အကြောင်းအရာအချို့ကို ဖော်ပြထားသည်။

လွဲမှားနိုင်စရာ အကြောင်းမရှိတော့ပါ။

ဒါသည် 'သိုး' ဆိုသော ကလောင်ရှင်၏ ရှားရှားပါးပါး တစ်ခုတည်းသော ဝတ္ထုတိုလေးတစ်ပုဒ်ဖြစ်သလို၊

ဒါရိုက်တာကြယ်သွေး ကြိုက်တယ်ဆိုသော ဝတ္ထုတိုလေး။

ပြီးတော့ ပရိသတ်အနည်းအကျဉ်းသာ ဖတ်လိုက်ရသော ဝတ္ထုတိုလေး။ သူမဖတ်နေရင်းနှင့် ကမ္ဘာလောကကြီးနဲ့ အဆက်ပြတ်သွားပါတော့သည်။

'သိုး'၏ စာသားတွေမှာ စီးမျောသွားသည်။ စကားလုံးတွေနဲ့ ထပ်တူ ခံစားသွားသည်။ အကြောင်းကား . . .

သူမနှလုံးသား တစ်စိတ်တစ်ပိုင်းက ဒီစာထဲတွင် ပါဝင်ကခုန်နေသည်။ ခဏချင်းပြီးသွားသော်လည်း အဆုံးမရှိသည့် လမ်းတစ်ခုပေါ်နင်းလျှောက်နေမိသလို သူမနှလုံးသားက ဆက်လက် ကခုန်နေဆဲ . . .

ပြီးတော့ နောက်တစ်ခေါက် . . .

နောက်တစ်ခေါက် . . .

နောက် . . .



ဒီလိုနှင့် စေ့စပ်ပွဲမှာ ဘုန်းခန့်ကျော်၏
တရားဝင် နောက်ဆုတ်ပေးမှုကြောင့်
ဆက်လက်ကျင်းပခြင်းမဲ့သွားရပါတော့သည်။
ဒါဆို ဒီပွဲမှာ ဘယ်သူနိုင်သွားတာလဲ ?



www.burmeseclassic.com

www.burmeseclassic.com

မေးခွန်း (၁)

- လင်းခနဲ့ မိုးညာဖြူတို့နှစ်ယောက်က တကယ်ချစ်ခဲ့တာလား?

တကယ်ချစ်ခဲ့တာပါ။ သေချာတယ်။ သူတို့နှစ်ယောက် သေသေချာချာကို ချစ်ခဲ့တာ။

မေးခွန်း (၂)

- အကြောင်းစုံ သိပြီးသွားတဲ့နောက်မှာ မိုးညာက လင်းခကို ဘာကြောင့် စိတ်ဆိုးခံပြင်းသွားတာလဲ?

'ချစ်တယ်' ဆိုတဲ့စကားမပြောပဲ သူမကိုကျောပြီး ချစ်သူတွေဖြစ်အောင် ကြိုးစားတယ်ထင်လို့။

မေးခွန်း (၃)

- အဲလိုရော တကယ်ဟုတ်လား?

မဟုတ်ပါဘူး။ လင်းခက သူတို့နှစ်ယောက် ပတ်သက်မှုမရှိသေးခင် သက္ကရာဇ်တစ်ခုထဲက မိုးညာကိုချစ်တယ်လို့ ဖွင့်ပြောပြီးသားပါ။ တိုးတိုးတိတ်တိတ်တောင်မဟုတ်ဘူး။ အားလုံးကို ကြွေးကြော်ထားတာ။

မေးခွန်း (၄)

- ဒါဆို မိုးညာဘက်က ခွင့်လွှတ်နိုင်မယ်ထင်လား?

ထင်ပါတယ်။ သူတို့နှစ်ယောက် တကယ်ချစ်ခဲ့ကြတာပဲ။ ချစ်သူတွေရဲ့ကြားမှာ 'ခွင့်လွှတ်မှု' ဆိုတာ မရှိမဖြစ်လေ။

- အိုကေ . . . ဒီလောက်ဆို ဒီပြဇာတ်ကို ဆက်ကလို့ရပါပြီ။

ဩော် . . . ဒါနဲ့ . . .။



မေးခွန်း (၅)

- 'မွေးနေ့လက်ဆောင်' ဆိုတဲ့ ဝတ္ထုခေါင်းစဉ်လေးအတိုင်း လင်းခကရော မိုးညာကို အကောင်းဆုံးမွေးနေ့လက်ဆောင် ပေးရဲ့လား?

ပေးတယ်။ မိုးညာရဲ့ (၂၅) နှစ်ပြည့်မွေးနေ့မှာ အရိုးသားဆုံးနဲ့ အကောင်းဆုံး မွေးနေ့လက်ဆောင်တစ်ခု ပေးလိုက်တယ်။

မေးခွန်း (၆)

- ဘယ်လို မွေးနေ့လက်ဆောင်လဲ?

ပထမဆုံးရောက်လာတဲ့ 'ဖြူ' ဆိုတဲ့ကောင်မလေးရဲ့ မိတ်ဆက်စာကနေစပြီး အခုနောက်ဆုံး သူတို့နှစ်ယောက် ပတ်သက်မှုထိ ကြားထဲမှာ နီးနွယ်ဆက်စပ် ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာအားလုံးကို အခြေခံပြီး ဇာတ်အိမ်ဖွဲ့ရေးသားထားတဲ့ ဝတ္ထုလေးတစ်ပုဒ်ပေါ့။ ရှင်းအောင်ပြောရရင် လင်းခနဲ့မိုးညာတို့ရဲ့ နှလုံးသား history ပဲ။

မေးခွန်း (၇)

- အဲဒီ ဝတ္ထုလေးနာမည်က ဘာတဲ့လဲ?

'ဆိုက်ကိုဆော့(ဖ်)ဝဲ' တဲ့။



www.burmeseclassic.com

www.burmeseclassic.com

# XXX

ရန်ကုန်မြို့လယ်ကောင်ရှိ ရုပ်ရှင်ရုံတန်းကြီး၏ ရှေ့တွင် ဖြစ်သည်။

ယနေ့ ရုံတင်ပြသမည်ဖြစ်သော ရုပ်ရှင်ကားကြီးတစ်ကားအား ကြည့်ရှုရန် စောင့်ဆိုင်းနေကြသော ပရိသတ်တွေမှာ မကြုံဖူးအောင် တစ်ခဲနက် များပြားနေကြ၏။

ကြိတ်ကြိတ်တိုး၍ လှုပ်ရှားသွားလာမရအောင်ပင် ရှိသည်။ ဤမျှ ပြည့်သိပ်များပြားလှသော ပရိသတ်ကြီး အားပေးကြည့်ရှုချင်နေကြသည့် ဇာတ်ကားက အဘယ်လိုဇာတ်ကားနည်း။

ရုပ်ရှင်ရုံတွေနှင့် မနီးမဝေး ဆိုင်တစ်ဆိုင်ထဲတွင်တော့ လူနှစ်ယောက် ထိုင်နေပါသည်။



သူတို့နှစ်ဦးသည်လည်း ဖွင့်ပွဲနေ့မှာပင် ဤမျှ ပြည့်ကြပ်များပြားလွန်းလှသော လူအုပ်ကြီးကိုကြည့်ကာ ပီတိလှိုင်းတွေ ဝေနေကြသည်။

ထိုနှစ်ယောက်က . . .

'သိုး' ဟူသောကလောင်ရှင်၏ စာအုပ်ထုတ်ဝေသူနှင့် ဒါရိုက်တာ 'ကြယ်သွေး'။

"ဝမ်းသာတယ်ဗျာ . . . ။ ကျွန်တော် စာအုပ်ထုတ်တုန်းကလည်း မတရားအောင်မြင်ခဲ့တာ။ အခု ခင်ဗျားက ရုပ်ရှင်အဖြစ် အသွင်ပြောင်းလိုက်တော့လည်း အောင်မြင်မှုက ကြောက်စရာပါလားဗျာ"

ကြယ်သွေးကတော့ ဘာမျှမပြော။ ပြုံးရုံသာ ပြုံးနေသည်။ ပြီးတော့ နာရီတစ်ချက်ကြည့်ကာ . . .

"ဒါနဲ့ သူတို့နှစ်ယောက် မလာကြသေးဘူးလား။ အချိန်နီးနေပြီ"

အမေးခံရသူကလည်း နာရီကိုကြည့်လိုက်ရင်း . . .

"ဝတ်ပြုပြီးရင်တော့ လာခဲ့မယ်ပြောတယ်။ စိတ်ချပါဗျာ . . . ။ သူတို့ရောက်လာမှာပါ။ သူတို့က ဒီဇာတ်ကားရဲ့ ကာယကံရှင်တွေပဲ"



www.burmeseclassic.com

www.burmeseclassic.com

# XXXI

တရားဟောစင်၏ရှေ့တွင် လူနှစ်ယောက် ဒူးထောက်ကာထိုင်နေသည်။ လက်နှစ်ဖက်တို့အား ကိုယ်စီကိုယ်စီ ရင်ဘတ်ရှေ့တွင် စုအုပ်ကိုင်ချည်ထားရင်း မျက်လုံးအစုံတွေမှာ မှိတ်ဆင်းထားကြ၏။ မကြာပါ။

တိတ်ဆိတ်နေသော ခန်းမကြီးထဲတွင် ယောက်ျားလေးသံတစ်သံက စတင်လျှပ်ရှား မွေးဖွားလာပါတော့သည်။

"အို . . .

အဖဘုရားသခင်

ကျွန်တော်သည် အသက်နှင့်ထပ်တူချစ်ရသူ

မိန်းကလေးတစ်ဦးအပေါ် မှားယွင်းသောအမှု

ကိစ္စတစ်ခု ပြုလုပ်ခဲ့ဖူးပါသည်။



ထိုအမှုသည် ချစ်သူအား ပိုင်ဆိုင်လိုစိတ်၊

ဖြူစင်သောမေတ္တာစစ်၊ မေတ္တာမှန်ဖြင့်

တစ်ဘဝလုံး လက်တွဲလိုစိတ်ဖြင့်သာ

မှားယွင်းခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။

ဤမှန်သော သစ္စာစကားကြောင့်

ဖြစ်လေရာ ဘဝဆက်တိုင်း ချစ်သူရှိရာ

မြေကမ္ဘာမှာ

သန္ဓေတည်ရပါစေသား။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## XXXII

အသံတို့ ရပ်သွားပြီဖြစ်သော်လည်း ရပ်တဲ့မရနိုင်သေးသည့် အရာတစ်ခုက စွဲမြဲစွာ ထင်ကျန်နေသည်။


အဲဒါက လင်းခဘေးတွင် ယှဉ်ကာထိုင်နေသော မိုးညာ၏ ဖြူစင်ဝင်းပသည့် အပြုံးလှလှလေးပင် ဖြစ်ပေတော့၏။

BURMESE CLASSIC .com

သိုးဆောင်း

မြန်မာစံတော်ချိန်နံနက်ဆယ့်တစ်နာရီ
လေးဆယ့်တစ်မိနစ် ရှိပါပြီခင်ဗျာ။






www.burmeseclassic.com